# သာမန်အသက်တာ
# ကို
# ကျော်လွန်၍အသက်ရှင်ခြင်း

### ခရစ်တော်၏သဏ္ဍာန်ကိုရဲရင့်စွာပြသခြင်း

# Living Above the Average

*Heroic Displays of Christlikeness*


**Author:** William MacDonald

**Translator:** Kap Cin Thang
SEABC


(အသင်းတော်အတွင်းကန့်သတ်)

## မာတိကာ


| | |
|---|---|
| ၁။ သခင်ယေရှု ဘာလုပ်မည်နည်း | ၁ |
| ၂။ ဘုရားသခင်၏မိတ်ဆွေတစ်ဦး | ၅ |
| ၃။ မေတ္တာလွှမ်းခြုံသော တမန်တော်တစ်ပါး | ၈ |
| ၄။ ဝမ်းနည်းခြင်း၌ ကြီးမားသောငြိမ်သက်ခြင်း | ၁၅ |
| ၅။ နာခံခြင်း၏အဖိုးအခ | ၁၈ |
| ၆။ အောင်မြင်ခြင်းကိုပေးသော ကျိုးပဲ့ခြင်း | ၂၂ |
| ၇။ အလွန်နိမ့်ကျသော အစေခံခြင်းမျိုးမရှိ | ၂၅ |
| ၈။ စကော့တလန်နိုင်ငံအား ဂုဏ်မြင့်စေသောသား | ၂၈ |
| ၉။ မိမိကိုယ်ကိုနှိမ့်ချသောစစ်ဗိုလ်ချုပ် | ၃၄ |
| ၁၀။ နာမကျန်းဖြစ်သောအခါနှင့် ကျန်းမာသောအခါ၌ | ၃၆ |
| ၁၁။ ကျွန်ုပ်၏ပဲ့ထိန်းသူ (ကပ္ပတိန်) | ၄၀ |
| ၁၂။ အပယ်ခံသူ၏မိတ်ဆွေ | ၄၄ |
| ၁၃။ အဆိုးကို အကောင်းနှင့်တုံ့ပြန်ခြင်း | ၄၆ |
| ၁၄။ ပါးတဘက်ကိုလှည့်၍ပေးခြင်း | ၅၀ |
| ၁၅။ အနွေးဆုံးသောမီး | ၅၂ |
| ၁၆။ သင်၏ရန်သူကိုချစ်လော့ | ၅၄ |
| ၁၇။ သန့်ရှင်းမြင့်မြတ်သောအပြစ်လွှတ်ခြင်း | ၅၇ |
| ၁၈။ သေတမ်းစာရှိပါက | ၆၀ |
| ၁၉။ အရှက်ရခြင်းနှင့် တံတွေးထွေးခံခြင်းကိုသည်းခံခြင်း | ၆၃ |
| ၂၀။ စွန့်ပယ်ပစ္စည်းဝယ်ယူသူ ဂျူးလူမျိုးတစ်ဦး | ၆၆ |
| ၂၁။ ဧကရာဇ်ဘုရင်မင်းမြတ်၏ဓါးသိုင်းသမားများ | ၆၇ |
| ၂၂။ ကတိတော်နှင့်တွဲဖက်သော ပထမပညတ်တော် | ၇၀ |
| ၂၃။ ချစ်တော်မူသောဘုရား | ၇၃ |

၂၄။ အံ့သြဘွယ် ကျေးဇူးတော် ၇၉
၂၅။ ဆင်းရဲသားများကို ချစ်သောသူ ၈၃
၂၆။ ဖိနပ်မပါပဲ ဘုရားကျောင်းတက်သူများ ၈၆
၂၇။ အမေဇုန်မြစ်ပေါ်၌ပစ်ချခြင်း ၈၈
၂၈။ လွီးစ်နှင့်သန့်ရှင်းရေးသမား ၉၃
၂၉။ ပြော၍မကုန်နိုင်သော သက်သေများ ၉၈
၃၀။ သာမန်အသက်တာကို ကျော်လွှန်၍အသက်ရှင်ခြင်း ၁၀၅
*Endnotes* ၁၀၇

If the way you live your life as a Christian can be explained in terms of *you*, what have you to offer to the man who lives next door? The way he lives his life can be explained in terms of *him*, and as far as he is concerned, you happen to be "religious" -- but he is not! Christianity may be your hobby, but it is not his, and there is nothing about the way that you practice it which strikes him as at all remarkable. There is nothing about you which leaves him gurssing, and nothing commendable of which he does not feel himself equally capable without the inconvenience of becoming a Christian.

-- Major Ian Thomas

ကျွန်ုပ်သည် တနင်္ဂနွေနေ့တွင်ခရစ်ယာန်ယုံကြည်ခြင်းအကြောင်းကိုပြော၍၊ သီဆိုချီးမွမ်းကာ၊ သို့သော်လည်း ကျန်သည့်ရက်များတွင်ဝိညာဉ်ရေးရာ၌ခြောက်ကပ်လျက် ပျင်းရိငြီးငွေ့ဘွယ်ကောင်းသောအသက်တာနှင့် အသက်ရှင်ရမှာလား။ သာမန်အသက်တာကိုကျော်လွန်၍ အသက်ရှင်ခြင်းသည် တကယ်ဖြစ်နိုင်ပါသလား။ ဤစုဆောင်းထားသော ဘုရားသားသမီးတစ်ချို့၏ဘဝဖြစ်ရပ်မှန်သည် ဤစာအုပ်ကိုဖတ်ရန် သင်အားသဲထိတ်ရင်ဖိုဖြစ်စေမည်သာမက၊ "မေတ္တာစိတ်ရှိစေခြင်းငှါ၄င်း၊ ကောင်းသောအကျင့်ကိုကျင့်စေခြင်းငှါ၄င်း" (ဟေ၊ ၁၀း၂၄) တိုက်တွန်းနှိုးဆော်ပါမည်။ ဤဖြစ်ရပ်မှန်များသည် ဘုရားသခင်က သူတို့အားဖြင့် သာမန်ထက် လွန်ကဲသောအရာများကို ပြုစေချင်သော သာမညလူသားများဖြစ်ကြပါသည်။ သူတို့တောင့်တသည့်အတိုင်း ဘုရားကပြုပါသည်။ ဧဖက်း၃း၂၀ - " . . . ငါတို့တောင်းပန်ကြံစည်သမျှထက်အလွန်ထူးခြားစွာပြုခြင်းငှါ တတ်နိုင်တော်မူသော ဘုရားသခင်" ၏ အကြောင်းကိုရှင်ပေါလု ရေးခဲ့စဉ်က ထိုလျှို့ဝှက်ချက်ကိုသိခဲ့သည်။

# တစ်

## သခင်ယေရှု ဘာလုပ်မည်နည်း
What Would Jesus Do?

တောင်ပေါ်၌ တစ်ညလုံးဆုတောင်းပြီးနောက် သခင်ယေရှုသည် တပည့်တော်တစ်ဆယ့်နှစ်ပါးကို ရွေးကောက်ခဲ့သည်။ ဧဝံဂေလိတရားဟောကြားရန် စေလွှတ်မည်ဖြစ်သောကြောင့် သူတို့ကို "တမန်တော်များ" (apostles) ဟုခေါ်သည်။ တမန်တော် (apostles) စကားလုံး၏အဓိပ္ပါယ်မှာ "စေလွှတ်ခြင်းခံသူ" (one who is sent) ဖြစ်သည်။

တောင်ပေါ်မှဆင်းပြီးသောအခါ သခင်ယေရှုက သာသနာလုပ်ငန်းအတွက် သူတို့အား စတင်လေ့ကျင့်ပေးသည်။ ပထမဦးစွာ၊ သူတို့၏အသက်တာလမ်းညွှန်ကိုပြောင်းလဲစေသည်။ သူတို့သည် အနစ်နာခံခြင်း၊ခရစ်တော်ကသူတို့အားရွေးကောက်ခြင်း၏ရည်ရွယ်ချက်ကို ဂရုစိုက်ခြင်း၊ လူကြိုက်မများသောဘဝနှင့် ခရစ်တော်အတွက် ညှဉ်းဆဲခြင်းစသည်ဖြင့် အသက်ရှင်တွေ့ကြုံခံစားကြမည်ဖြစ်သည်။

ထို့နောက် သူတို့အား အဘယ်သို့ကျင့်ကြံပြုမူသင့်သည်ကို သွန်သင်သည်။

"ငါဆိုသည်ကား၊ သင်၏ရန်သူတို့ကို ချစ်ကြလော့။ သင်တို့ကိုမုန်းသောသူတို့အား ကျေးဇူးပြုကြလော့၊ သင်တို့ကိုကျိန်ဆဲသောသူတို့အားမေတ္တာပို့ကြလော့။ သင်တို့ကိုနှောင့်ယှက်သောသူတို့အဘို့ ဘုရားသခင်ကိုဆုတောင်းကြလော့။ သင်၏ပါးတဘက်ကို ပုတ်သောသူအား ပါးတဘက်ကိုပေးဦးလော့။ သင့်ဝတ်လုံကိုယူလို၍ တရားတွေ့သောသူအားသင့်ဝတ်လုံကိုလည်း ယူစေခြင်းငှါ အခွင့်ပေးဦးလော့။ တောင်း သောသူအားပေးလော့။ သင့်ဥစ္စာကိုသိမ်းယူသောသူအား ပြန်၍မတောင်းနှင့်။ သင်တို့သည်ကိုယ်၌သူတပါးပြုစေလိုသည်အတိုင်း သူတပါး၌ပြုကြလော့။



သင်တို့ကိုချစ်သောသူတို့အားသာချစ်တုံ့ပြန်လျှင် အဘယ်ကျေးဇူးတင်သနည်း။ ဆိုးသောသူတို့သည် ကိုယ်ကိုချစ်သောသူတို့အား ချစ်တုံ့ပြန်ကြသည်မဟုတ်လော။ သင်တို့ကို ကျေးဇူးပြုသောသူတို့အားသာကျေးဇူးပြုလျှင်အဘယ်ကျေးဇူးတင်သနည်း။ ဆိုးသောသူတို့သည် ဤမျှလောက်ပြုကြသည်မဟုတ်လော။ သူတပါးအား ဥစ္စာချေးငှါးသောအခါ ဆပ်ပေးလိမ့် မည်ဟု မျှော်လင့်လျက် ချေးငှါးလျှင် အဘယ်ကျေးဇူးတင်သနည်း။ ဆိုးသောသူတို့သည် ကျေးဇူးဆပ်ခြင်းကိုခံလို၍ဆိုးသောသူချင်းတို့အားချေးငှါး တတ်သည်မဟုတ်လော။ သင်တို့မူကား ရန်သူတို့ကိုချစ်ကြလော့။ ကျေးဇူးပြုကြလော။ တစုံတခုကိုရမည်ဟုမျှော်လင့်ခြင်းမရှိပဲ ချေးငှါးကြလော့။ ထိုသို့ပြုလျှင် သင်တို့အကျိုးကြီးလိမ့်မည်။ အမြင့်ဆုံးသောဘုရား၏သားဖြစ်ကြလိမ့်မည်။ ထိုဘုရားသည် ကျေးဇူးမသိသောသူ၊ ဆိုးညစ်သောသဘောရှိသောသူတို့အား ကျေးဇူးပြုတော်မူ၏။ ထို့ကြောင့်သင်တို့အဘသည် သနားခြင်းစိတ်ရှိတော်မူသည်နည်းတူ သင်တို့သည်လည်း သနားခြင်းစိတ်ရှိကြလော့"(လုကာ ၆း၂၇-၃၆)။

အထက်ပါ သခင်ဘုရားမိန့်မှာချက်များအပေါ် သင်သည် အဘယ်သို့ တုန့်ပြန်သနည်း။ ဟုတ်တယ်။ ဒီမိန့်မှာချက်တွေဟာ ကျွန်တော့်ရဲ့ ယုံကြည်ချက်တွေပဲလေ။ ကျွန်တော်တို့ခရစ်ယာန်တွေ ဒီလိုလုပ်တာပဲလေ၊ ဟု ပြောနိုင်ပါသလား။ ကျွန်တော်တို့အားလုံး ဒီလိုအသက်ရှင်တာပဲ၊ ဟု သင်သည် သက်တောင့်သက်တာခံစားပါက၊ ထိုကျမ်းပိုဒ်ကို နောက်တစ်ကြိမ်ဖတ်ရှုပြီး မိမိအသက်တာစစ်ဆေးရန် အကြံပြုလိုပါသည်။

ဤနေရာ၌ ခရစ်တော်ဘုရားသွန်သင်သောအရာသည် အခြားကမ္ဘာတခု၏ ကျင့်ဝတ်ဖြစ်သည်။ ဤကျင့်ဝတ်သည် သာမန်ထက်မြင့်မြတ်ပြီး၊ အသွေးသားဇာတိ၏အထက် သာ၍မြင့်ရာကုန်းမြင့်ပေါ်၌ရှိသောအသက်တာမျိုးဖြစ်သည်။ ကျွန်ုပ်၏အသက်တာသည် အိမ်နီးချင်းများ၏အသက်တာနှင့်ကွာခြားရမည်ဟု သခင်ယေရှုက အလေးအနက်တိုက်တွန်းထားပါသည်။ ထိုသို့ကွာခြားမှုမရှိပါက "မစိုးရိမ်ကြပါနှင့်၊ ကျွန်တော်လည်း သင်တို့နှင့်အတူတူပါပဲ" ဟု သူတို့အား ပြောပြနေခြင်းဖြစ်သည်။ သင်၌အသက်တာထူးခြားမှုမရှိပါက၊ သင်သည် ခရစ်တော်အကြောင်းကို သူတို့အားဟောပြောသောအခါ အဘယ်အကြောင်းကြောင့်နားထောင်ကြမည်နည်း။ ထိုကွာခြားမှုသည် အသက်တာ၌ မဓာနကျကာ၊ သာမန်အသက်တာ၏အထက်၌ ရှိပါသည်။

တဖက်တွင် ထိုသူတို့သည် သူတို့နှင့်ကျွန်ုပ်၏အသက်တာအကြား၌ ကြီးမားသောကွာခြားမှုကိုတွေ့မြင်ကြပါက၊ ကွာခြားရခြင်း၏အကြောင်းရင်းကို သိချင်လာကာ၊ ကျွန်ုပ်အတွက်သူတို့အား ဧဝံဂေလိတရားဝေငှရန် အခွင့်အလမ်းပွင့်သွားပေလိမ့်မည်။ The Torchbearers တည်ထောင်သူ Major Ian Thomas က ဤသို့ပြောခဲ့သည် -

“သင်၏အရည်အသွေးရှိသောအသက်တာကသာလျှင်သင်၏အိမ်နီးချင်းတို့အား ဆွဲဆောင်နိုင်မည်။ သင်၏အသက်တာသည် သူတပါးထံသို့ ပွင့်လင်းထင်ရှားကာ ချီးမွမ်းစရာဖြစ်လာမည်။ ၎င်းသည် လူသားများရှင်းပြ၍မရလောက်အောင်ထူးခြားပါသည်။ လူ့အစွမ်းသတ္တိနှင့်အတုယူရန် မဖြစ်နိုင်သောအရာဖြစ်သော်လည်း၊ သင်၏အသက်တာ၌ ဘုရားသခင်က သူ၏သဏ္ဍာန်တော်ပေါ်အောင်လုပ်ဆောင်နေခြင်းဖြစ်သည်။

အကျဉ်းချုပ်အားဖြင့်ပြောလျှင်၊ သင်၏အိမ်နီးချင်းမိတ်ဆွေများက သင်ပြောသောသခင်ယေရှုခရစ်တော်သည် သင်၏အသက်တာ၌ပါရှိကြောင်းသိမြင်သဘောပေါက်လာခြင်းဖြစ်သည်။”[၁]

မယုံကြည်သူတို့သည် ကြီးမားသောသူရဲကောင်းလုပ်ဆောင်မှုမျိုး မကြာခဏလုပ်တတ်ကြသည်။ သူတို့သည် ကျောက်ကပ်ရောင်ရောဂါသည်များအတွက် ကျောက်ကပ်များကိုပေးလှူကြသည်။ အသက်အရွယ်ကြီးရင့်သောမိဘများကို သာမန်ထက်ကျော်လွန်ကာ ပြုစုတတ်ကြသည်။ မေတ္တာဂရုဏာလုပ်ငန်းများအတွက် ရက်ရောစွာပေးလှူကြသည်။ ထိုကဲ့သို့သော မယုံကြည်သူတို့၏သာမန်ပြုမူလုပ်ဆောင်ခြင်းကို ကျော်လွန်အောင် သခင်ဘုရားက ကျွန်ုပ်တို့အားခေါ်ပါသည်။

အထက်ပါအတိုင်း ခရစ်တော်ကဲ့သို့ ပြုမူကျင့်ကြံခြင်းအားဖြင့် မယုံကြည်သူများက ခရစ်တော်ကို မုချယုံကြည်လက်ခံကြမည်ဟု အာမခံချက်မရှိကြောင်း သိဘို့လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ပြုမူကျင့်ကြံသကဲ့သို့ပြုရန် တာဝန်ရှိသကဲ့သို့ မယုံကြည်သူဖက်ကလည်း ခရစ်တော်ယေရှုကိုယုံကြည်လက်ခံရန် တာဝန်ရှိကြပါသည်။ ခရစ်တော်၏ ဧဝံဂေလိသတင်းကိုကြားသော်လည်း ငြင်းပယ်သောသူများ ရှိတတ်စမြဲဖြစ်ပါသည်။

သို့ရာတွင် သင်သည် ခရစ်တော်ကဲ့သို့ အမှန်တကယ်အသက်ရှင်ပါက၊ စိတ်ကျန်းမာရေးချွတ်ယွင်းသောသူဟု ထင်မှတ်သောသူများလည်း ရှိမည်။ ထိုအချိန်တွင်သင်ခံရသောဒုက္ခနှင့်ညှဉ်းဆဲခြင်းများသည် ခရစ်တော်ခံခဲ့သောဒုက္ခနှင့်ညှဉ်းဆဲခြင်းများထက် ပို၍သက်သာပါသေးကြောင်း သတိရပါ။ တပည့်သည် ဆရာထက်မသာပါ။



တခါက၊ ရုရှားလူမျိုး စာရေးဆရာ Fyodor Dostoevsky က ဝတ္ထုတစ်အုပ်ရေးခဲ့ပါသည်။[၂] ထိုဝတ္ထုထဲတွင်သူသည် မင်းသားMyshkin (မီစ်ကင်း)ကို ပြည့်စုံသောစံပြလူသားအဖြစ် ကြိုးစား၍ဖေါ်ထုတ်ရေးသားသည်။ သို့ရာတွင်၊ သူ၏စာဖတ်ပရိသတ်က ထိုမင်းသားကိုနားမလည်နိုင်ကြချေ။ သူတို့သည် ထိုစာရေးဆရာကို စိတ်မနှံ့သူဖြစ်သည်ဟု ထင်မှတ်ကြသည်။ ထိုစာအုပ်၏နာမည်မှာ “လူထုံ” (The Idiot) ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏သဏ္ဍာန်ကို ပို၍ဆောင်လေလေ၊ လူအများက ကျွန်ုပ်တို့ကို “လူထုံ” ဟု ထင်မှတ်လေလေဖြစ်ပါသည်။

ထို့ကြောင့်၊ ရှင်ပေါလုက “ဆုံးရှုံးသောသူတို့၌ကား၊ သေခြင်းတိုင်အောင်သေခြင်း၏အမွှေးအကြိုင်ဖြစ်ကြ၏။ ကယ်တင်သောသူတို့၌ကား၊ အသက်ရှင်ခြင်းတိုင်အောင် အသက်ရှင်ခြင်း၏အမွှေးအကြိုင်ဖြစ်ကြ၏”ဟု ပြောဆိုသောစကားသည် မှန်ပေသည်။ ဘုရားအလိုတော်နှင့်ညီသော ကျွန်ုပ်တို့၏ပြုမူကျင့်ကြံခြင်းအားဖြင့် မယုံကြည်သူတို့အားဆွဲဆောင်၍ ခရစ်တော်ထံသို့ရောက်သောသူများရှိသည့်နည်းတူ၊ တချို့သည် စိတ်ရှုပ်ပြီး ကျွန်ုပ်တို့အား “လူထုံ” ဟု မှတ်ယူကြပါသည်။ ဤအဖြစ်အပျက်နှစ်ခုစလုံးတွင်ကျွန်ုပ်တို့သည် အမြင့်ဆုံးသောဘုရားသခင်၏သားသမီးများဖြစ်ကြောင်းကို ခရစ်တော်ကဲ့သို့ ပြုမူကျင့်ကြံခြင်းအားဖြင့် ဖေါ်ထုတ်နေခြင်းဖြစ်သည်။

နောက်သင်ခန်းစာများတွင် ခရစ်တော်၏မိန့်မှာချက်များဖြစ်သော ရန်သူကိုချစ်ခြင်း၊ ခွင့်လွှတ်ခြင်း၊ အဆိုးကိုအကောင်းနှင့်တုန့်ပြန်ခြင်း၊ ကလဲ့စားမချေပဲသည်းခံ၍နေခြင်း၊ ပြန်ရရန်မမျှော်လင့်ပဲ ပေးခြင်း . . . စသည်တို့ကို အတိအကျခံယူကျင့်သုံးကာ၊ တခုခုရင်ဆိုင်တွေ့ကြုံသောအခါ၊ သခင်ယေရှုဖြစ်ခဲ့လျှင်သူသည် အဘယ်သို့တုန့်ပြန်ကိုင်တွယ်မည်နည်း၊ “သခင်ယေရှုဘာလုပ်မည်နည်း” ဟု လေးလေးနက်နက်စဉ်းစားပြီး၊ ခရစ်တော်ဖြစ်စေချင်သည့်အတိုင်း ပြုမူကျင့်ကြံကြသော ယုံကြည်သူတချို့၏အတွေ့အကြုံများကို ဆင်ခြင်နှလုံးသွင်းနိုင်ရန် ဖော်ပြပါမည်။

# နှစ်

## ဘုရားသခင်၏မိတ်ဆွေတစ်ဦး
A Friend of God

နက်နဲသောအရာကို လေ့လာသောသူ ဂျာမဏီလူမျိုး ဟင်နရီဆူစို (Henry Suso) သည် ၁၃၀၀ခုနှစ်နောက်ပိုင်းတွင် အသက်ရှင်နေထိုင်ခဲ့သည်။ ဟင်နရီဆူစို၊ ပေါလ်တားစတီဂင် (Paul Tersteegen)နှင့် ဆက်ကပ်သော အခြားယုံကြည်သူတချို့တို့ကို "ဘုရားသခင်၏မိတ်ဆွေများ" (The Friends of God) ဟု လူသိများကြသည်။ သူတို့သည် "အမြင့်ဆုံးသောဘုရား၏ကွယ်ကာရာအရပ်၌နေသောသူများဖြစ်ကြပြီး၊" ဆာလံ ၁ ၌ပါရှိသော "ထာဝရဘုရား၏တရားတော်၌မွေ့လျော်၍၊ တရားတော်ကို နေ့ညမပြတ်ဆင်ခြင်အောက်မေ့၍ မင်္ဂလာရှိသောသူများ" ဖြစ်ကြသည်။ သူတို့သည် ကောင်းကင်နိုင်ငံသားများဖြစ်ကြသည်။ သူတို့၏အသက်တာ သန့်ရှင်းခြင်းကို လူအများကသိကြသည်။

တနေ့သောအခါ ၊ ဆူစိုသည် အခန်းတံခါးခေါက်သံကိုကြား၍၊ သွားဖွင့်သောအခါ သူတခါမှမမြင်တွေ့ဖူးသော အမျိုးသမီးတစ်ယောက်က ကလေးတစ်ယောက်ကိုလက်ထဲ၌ချီလျက် မတ်တပ်ရပ်နေသည်။ ထိုအမျိုးသမီးသည် ကလေးကိုဆူစို၏လက်ထဲသို့ အတင်းတွန်းထိုးရင်းနှင့် "ဒီမှာ၊ မင်းအပြစ်ရဲ့အသီးကိုယူပါ " ဟု ပြောပြီး ထွက်သွားသည်။

ဆူစိုသည် မှိုင်တွေလျက်နေကာ၊ ထိုအမျိုးသမီး၏ အခြေအမြစ်မရှိသောစွပ်စွဲချက်ကသူ့ကို မိုးကြိုးပစ်သကဲ့သို့ခံစားစေသည်။ လက်ထဲ၌ နုနယ်သောကလေးကိုချီရင်း မတ်တပ်ရပ်နေသည်။ အမှန်မှာ၊ ထိုကလေးသည် သူမအပြစ်၏အသီးဖြစ်၍၊ ဆူစိုအပြစ်၏အသီးမဟုတ်ပါ။ ယခုခေတ်ဖြစ်ပါက၊ ထိုကလေးကို ပလပ်စတစ်အိတ်ထဲသို့ ထည့်၍ အမှိုက်ပုံ၌စွန့်ပစ်ကောင်း စွန့်ပစ်မည်။ သို့သော် ထိုအမျိုးသမီးအတွက် အခြားလူတစ်



ယောက်အပေါ်၌အပြစ်ပုံချခြင်းသည် ပို၍အရေးကြီးပါသည်။ ထိုသတင်းသည် မြို့ထဲ၌လျှင်မြန်စွာပျံ့နှံ့ကာ၊ ဆူစိုကို လိမ်လည်သောဘာသာရေးသမားဟု စွပ်စွဲကြသည်။ သို့ရာတွင် သူသည် သူတော်ကောင်းယောင်ဆောင်သောသူ၊ လိမ်လည်သောသူ မဟုတ်ပါ။ သူတတ်နိုင်သည့်အရာတစ်ခုမှာ နောက်ဆုတ်ပြီးဘုရားသခင်ထံဆုတောင်းခြင်းသာဖြစ်သည်။

"ကိုယ်တော် ကျွန်တော်ဘာလုပ်ရမည်နည်း။ ကျွန်တော်အပြစ်ကင်းကြောင်း ကိုယ်တော်သိပါ၏။"

ရှင်းလင်းသောအဖြေရရှိသည်မှာ-"ငါပြုသလိုပြုမူပါ ၊သူတပါး၏အပြစ်ကြောင့်ဒုက္ခခံ၍၊ စကားတခွန်းမျှပြန်မပြောပါနှင့်။" ထိုအခါ ဆူစိုသည် လက်ဝါးကပ်တိုင်၏ဆန်းသစ်လတ်ဆတ်မှုကိုရရှိခံစားကာ၊ ငြိမ်သက်ခြင်းရရှိသည်။

ထိုအမျိုးသမီး၏စွပ်စွဲမှုကို တခါမျှ ပြန်လည်တုံ့ပြန်ခြင်းမပြုပဲ၊ ကလေးငယ်ကိုသူ၏သားသဖွယ်ပြုစုပျိုးထောင်ခဲ့သည်။

နှစ်အတန်ကြာပြီးနောက်၊ အပြစ်ရှိသော ထိုအမျိုးသမီးသည် မြို့သို့ပြန်လာကာ၊ မြို့သူမြို့သားတို့အား ဆူစို၌အပြစ်မရှိကြောင်း၊ သူ့ကို စွပ်စွဲခြင်းသည် မှားယွင်းကြောင်း ဝန်ခံပြောဆိုသည်။ နာကျည်းမှုကုန်လွန်သွားခဲ့ပါ ပြီ။ သို့သော် ဘုရားသခင်သည် ထိုနာကျည်းမှုကို ကောင်းကျိုးအဖြစ်သို့ ပြောင်းလဲပစ်ခဲ့သည်။ ဆူစိုသည်ခရစ်တော်၏သဏ္ဍာန်တော်သို့ တိုး၍ပြောင်းလဲကာ၊ ထိုမတရားစွပ်စွဲမှုအပေါ်၌အောင်မြင်ခြင်းရခဲ့သည်။

ဓမ္မဟောင်းကျမ်း၌ ယောသပ်သည် မမှန်မကန်၊ မတရားစွပ်စွဲမှုကြောင့် ပြင်းထန်သောစိတ်ဒုက္ခတွေ့ကြုံခံစားရကြောင်း တွေ့ရပါသည်။ ဖွားယောင်းသွေးဆောင်သူက သူ့အား မတရားပြုကျင့်ခံရသည်ဟု မတရားစွပ်စွဲကာ၊ ယောသပ်၏ဝတ်လုံကို သက်သေခံပစ္စည်းအဖြစ် ပြခဲ့သည်။ သို့သော်လည်း ယောသပ်သည် ထိုအမှုကို ဘုရားသခင်ထံအပ်နှံကာ၊ သူ၌အပြစ်မရှိကြောင်းရှင်းလင်းထင်ရှားစေရန် ဘုရားသခင်အပေါ်၌သာ မှီခိုအားထားခဲ့သည်။

သခင်ယေရှုကိုလည်း သူ၏ရန်သူများက လက်သမား၏သားဟူ၍၄င်း၊ သူပြုခဲ့သော နိမိတ်လက္ခဏာများကို စာတန်၏တန်ခိုးဖြင့်ပြုသည်ဟု မတရားစွပ်စွဲကြသည်။ ရောမအစိုးရမင်းကို တော်လှန်ပုန်ကန်သည်ဟု

လည်း စွပ်စွဲကြသည်။ သို့သော်လည်း ခရစ်တော်သည် အခက်ခဲဆုံးအချိန်များတွင် "ကိုယ်တော်အလိုရှိသည်အတိုင်းဖြစ်ပါစေ" ဟု ပြောနိုင်ခဲ့သည်။

ကျွန်ုပ်တို့သည် သူ၏စံနမူနာကိုသင်ခန်းစာယူ၍၊ ကိုယ့်ကိုယ်ကိုဖြောင့်မှန်ကြောင်း ပေါ်လွင်ထင်ရှားအောင်ကြိုးစားပြီး လုပ်စရာမလိုပါ (သို့) ဥပဒေနှင့်လျော်ညီစွာ လွတ်မြောက်ဘို့ ရုံးသို့သွားစရာ မလိုပါ။ ဘုရားသခင်သည် မတရားစွပ်စွဲသူကို ပေါ်လွင်စေပြီး၊ စွပ်စွဲခံသူကိုချီးမြှင့်သည်။



# သုံး

## မေတ္တာလွှမ်းခြုံသော တမန်တော်တစ်ပါး [၇]

An Apostle of Love

ယောင်းရောဘတ်ချပ်မင်း (Young Robert Chapman) သည် တိုက်၊ ကား၊ အစေခံများနှင့်ပြည့်စုံသည့် ချမ်းသာသောမိသားစုမှကြီးပြင်းလာသူတစ်ဦးဖြစ်သည်။ သူ၏ မိသားစုဝင်များသည် ဘာသာတရားရှိသေကိုင်းရှိုင်းသောသူများဖြစ်ကြသော်လည်း စစ်မှန်သောခရစ်ယာန်မဟုတ်ကြပါ။

သူအသက်နှစ်ဆယ်ရှိသောအခါ ၊သူ၏သူငယ်ချင်းတစ်ယောက်က ဂျိမ်း(စ)ဟယ်ရိန်တွန် (James Harrington) ၏ တရားဟောချက်နားထောင်ရန် ဖိတ်ခေါ်ခဲ့သည်။ ထိုတရားဒေသနာကြားနာခြင်းသည် ချပ်မင်း (Chapman) အတွက်ဘဝပြောင်းလဲမှုဖြစ်စေသည်။ တရားဒေသနာကြားနာပြီး ရက်အနည်းငယ်အတွင်း ခရစ်တော်ကိုမိမိကယ်တင်ရှင်အဖြစ်ယုံကြည်လက်ခံကာ အသက်တာပြောင်းလဲသွားသည်။

သူက ယုံကြည်သူသည် ရေနှစ်ခြင်းခံယူသင့်ကြောင်းကို ဓမ္မသစ်ကျမ်း၌တွေ့သောအခါ မစ္စတာ ဧဗင်(စ) (Mr. Evans)ကို နှစ်ခြင်းပေးရန်တောင်းဆိုခဲ့သည်။ ထိုအခါ သတိရှိသော ထိုတရားဟောဆရာက "ဤကိစ္စကိုကောင်းမွန်စွာစဉ်းစားပြီး၊ ကာလအနည်းငယ်မစောင့်သင့်ဘူးလား" ဟု ပြောပါသည်။

ချပ်မင်းက "သခင်ဘုရား၏မိန့်မှာချက်ကို ကျွန်တော်အမြန်ဆုံးနာခံသင့်တယ်မဟုတ်လား" ဟု ပြန်ပြောပါသည်။ ချပ်မင်းသည် သူ၏အသက်တာတစ်လျှောက်လုံး၌ အဓိပ္ပါယ်ရှိရှိနှင့်နာခံခြင်းဖြင့် အသက်ရှင်သွားပါသည်။

သူသည် အောင်မြင်သောရှေ့နေတစ်ဦးဖြစ်သော်လည်း ဘုရားသခင်ကသူ့ကိုအချိန်ပြည့်အမှုတော်ဆောင်ရန်ခေါ်ကြောင်း ထိတွေ့ခံစားခဲ့သည်။ ခရစ်တော်၏နောက်တော်သို့လိုက်ရန် အရာအားလုံးကို မစွန့်လွှတ်မချင်း သူ့အသက်တာ၌ငြိမ်သက်ခြင်းမရှိခဲ့ချေ။ သူပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာအားလုံးကိုရောင်းပြီး၊ မရှိဆင်းရဲသားတို့အားပေးလှူကာ၊ သူ၏အောင်မြင်သောရှေ့နေအလုပ်ကိုလည်း စွန့်လွှတ်ခဲ့သည်။ သူ၏အဓိကရည်မှန်းချက်ပန်းတိုင်မှာ ဆင်းရဲသားများအကြား၌ ဘုရားအမှုတော်ဆောင်ရန်ဖြစ်သည်။ "လောကတွင်ဆင်းရဲသောသူတို့သည် ယုံကြည်ခြင်းရတနာကို ရတတ်စေခြင်းငှါ ၊ ဘုရားသခင်ကိုချစ်သောသူတို့အား ပေးမည်ဟု ဝန်ခံတော်မူသောနိုင်ငံတော်၏အမွေခံဖြစ်စေခြင်းငှါငှင်း၊ ထိုသူတို့ကို ရွေးကောက်တော်မူသည် မဟုတ်လော" (ယာကုပ် ၂း၅)။ ဆင်းရဲသားများအား ဧဝံဂေလိတရားဟောကြားသင့်သည် မဟုတ်လော (မဿဲ ၁၁း၅)။ လူအပေါင်းတို့သည် ခရစ်တော်အကြောင်းကို ဝမ်းမြောက်စွာဖြင့်ကြားခဲ့သည် မဟုတ်လော (မာကု ၁၂း၃၇)။

လူတို့သည် အရပ်ရှည်ရှည် ၊ ပြုံးရယ်သည့်မျက်နှာနှင့် ရှေ့နေ လူငယ်လေးက ဝတ်ပြုစည်းဝေးပွဲသို့ ကူညီပို့ဆောင်မည့်သူမရှိသည့် ဆင်းရဲသော မျက်မမြင်အဖွားအိုကြီးတယောက်ကို ညင်သာစွာဖြင့်တွဲခေါ်လာသည်ကို တွေ့မြင်ကြသည်။ ဘုရားကျောင်းထဲရှိ ခုံတန်းများဆီသို့ ရောက်လာကြသောအခါ ၊ မှန်ကန်သောဩဝါဒကို ယုံကြည်ခံယူကြသော်လည်း အတ္တဆန်၍ လက်တွေ့အသက်တာ၌ မေတ္တာခေါင်းပါးသောသူတို့အားထိရောက်စွာဆုံးမသကဲ့သို့ ဖြစ်သွားသည်။

နောက်ဆုံးတွင်၊ ချပ်မင်း(Chapman)သည် အင်္ဂလန်နိုင်ငံ၊ ဘန်းစတယ်ပဲလ်မြို့ (Barnstaple)၏ ဆင်းရဲသားရပ်ကွက်သို့ နိမ့်ကျ၍ပစ်ပယ်ခြင်းခံသောသူတို့အား ဧဝံဂေလိဟောကြားရန် ပြောင်းရွှေ့သည်။ ထိုရပ်ကွက်သည် မူးယစ်သောက်ကြူးခြင်း၊ ညစ်ညမ်းခြင်း၊ ကြွက်များ၊ နှင်ထုတ်ခြင်းခံသောရောဂါသည်များနေထိုင်သည့် တဲစုတ်ကလေးများနှင့် ဆင်းရဲခြင်းနှင့်ပြည့်နက်နေသည့်နေရာဖြစ်သည်။ သို့သော်လည်း သူသည် ထိုသူတို့အား လုပ်ကျွေးရင်း အမှုတော်ကိုအစဉ်မပြတ်ဆောင်ရွက်ကာ၊ သူ့အိမ်သို့လာလည်ကြရန်လည်း အမြဲကြိုဆို၍ ခေါ်ဖိတ်သည်။



သူက "ခရစ်တော်အကြောင်းကို သက်သေခံသောသူအများအပြားရှိသော်လည်း ခရစ်တော်အတွက်သက်သေဖြစ်သောသူမများပါ "ဟု ပြောခဲ့ဖူးပါသည်။ နှစ်အတန်ကြာပြီးနောက် ဂျွန်နဲလ်ဆင်ဒါရ်ဘီ (John Nelson Darby) က "သူသည် ကျွန်တော်ဟောသည့်အတိုင်း အသက်ရှင်သည်" ဟု Chapman နှင့်ပတ်သက်၍ ပြောခဲ့ဖူးသည်။

သူ၏အပေါ်ကုတ်အင်္ကျီစုတ်ပြဲသောအခါ သူ၏ယုံကြည်သူမိတ်ဆွေက Chapman အား အသစ်တစ်ထည်လက်ဆောင်ပေးခဲ့သည်။ သို့သော် သူက မဝတ်ပဲ၊ ကုတ်အင်္ကျီတစ်ထည်မျှမရှိသော ဆင်းရဲသားတစ်ဦးအား ပေးလိုက်သည်။ မြောက်များစွာသောလူတို့က Chapman သည် ထူးခြားသောပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟု မှတ်ယူကြသည်။

သူ၏ကိုယ်ကျိုးစွန့်သောအသက်တာကို သူ၏ဆွေမျိုးများနှင့် သူငယ်ချင်းများက နားမလည်နိုင်ကြချေ။ တနေ့တွင်၊ သူ့ဆွေမျိုးတစ်ဦးက Chapman ထံသို့ သွားလည်သည်။ Chapman ၏အိမ်ရှေ့၌ တက္ကဆီရပ်သောအခါ ၊ ထိုဆွေမျိုးက ကားဆရာအား "မစ္စတာ Chapman ရဲ့ အိမ်သို့ မောင်းပါလို့၊ ငါပြောခဲ့တယ်မဟုတ်လား၊" ဟု ဆူပူကြိမ်းမောင်းသောအခါ ၊ ကားဆရာက "ဒီအိမ်ဟာ Chapman ရဲ့အိမ်ပဲ၊" ဟု ပြန်ပြောပါသည်။

တဖန်၊ Mr. Chapman ထံသို့ အလည်ရောက်လာသူတဦးက "Chapman ဘာလုပ်နေတာလဲ"ဟု မေးသောအခါ ၊ သူက -

"ဘုရားပို့သောနေရာမှာ သူ့ရဲ့အမှုတော်ကို ဆောင်နေပါတယ်" ဟု ပြန်ပြောသည်။

"ဘယ်လိုနေထိုင်သလဲ။ ဘဏ်စာရင်းဖွင့်ထားသလား" ဟု မေးသောအခါ ၊ Chapman က -

"ကျွန်တော့်ရဲ့လိုအပ်မှုအားလုံးအတွက် ဘုရားကိုယုံကြည်ကိုးစားရပါတယ်။ ဘုရားက ဘယ်တော့မှမပျက်ကွက်ဘူး။ ကျနော့်ရဲ့ယုံကြည်ခြင်းလဲတိုးတက်စေပြီး၊ အမှုတော်လုပ်ငန်းလည်း ဆက်လက်လည်ပတ်နေပါတယ်" ဟု ပြန်ဖြေပါသည်။

ထိုသူက Chapman ၏စားနပ်ရိက္ခာသိုလှောင်ခန်း၌ဘာမျှမရှိသည်ကိုတွေ့သောအခါ ၊ Chapman ပြောသောဈေးဆိုင်မှသွားဝယ်ခဲ့

သည်။ ထိုဆိုင်ရှင်သည် Chapman ကို ခါးသီးစွာဖြင့်ရန်ပြုဆက်ဆံသူဖြစ်သည်။ များပြားသောအစားအစာနှင့်ကုန်ပစ္စည်းများကို Chapman ထံသို့ပို့ရန်အော်ဒါလက်ခံသောအခါ ၊ သူသည်အံ့အားသင့်ကာ၊ Chapman ၏အိမ်သို့သွားပြီး သူ့ကိုခွင့်လွှတ်ရန် ရိုးသားသောနောင်တမျက်ရည်ကျလျက် တောင်းပန်ခဲ့သည်။ နောက်ပိုင်းတွင် ထိုသူသည် ခရစ်တော်ကို မိမိကယ်တင်ရှင်နှင့်သခင်အဖြစ် ယုံကြည်လက်ခံခဲ့သည်။

ဧည့်ဝတ်ပြုခြင်းသည် သာသနာလုပ်ငန်း၏ အရေးကြီးသောကဏ္ဍ၌ ပါဝင်ပါသည်။ Chapman သည် မျက်နှာချင်းဆိုင်ရှိအိမ်တလုံးကို ဝယ်ကာ၊ သခင်ဘုရားရွေးချယ်သောသူများ ထိုအိမ်သို့ပို့ဆောင်ရန် ဆုတောင်းပါသည်။ တည်းခိုခ လုံးဝမယူသည့်အပြင်၊ မည်သူတယောက်ကိုမျှ ဘယ်တော့ ပြန်မှာလဲ ၊ ဟု မမေးပါ။ ဧည့်သည်များအား သူတို့၏ရှိုးဘိနပ်များနှင့်ဘွတ်ဘိနပ်များကို ညအချိန်တွင် အခန်းတံခါးအပြင်ဘက်၌ ထားစေသည်။ မနက်မိုးလင်းသောအခါ ၊ အားလုံးကောင်းမွန်စွာတိုက်ထားပြီးသားဖြစ်သည်။ Chapman က သူ့ဧည့်သည်များ၏ခြေထောက်ဆေးကြောခြင်းကို ဤနည်းဖြင့်ပြုခဲ့သည်။ ဤလူပျို၏ ဧည့်ဝတ်ပြုခြင်းသည် ဧည့်သည်များအား ယုံကြည်ခြင်းနှင့်ပြည့်ဝသောအသက်တာနှင့် ဘုရားသခင်၏လူများကို အစေခံခြင်းအတွက် စံနမူနာဖြစ်ခဲ့သည်။ စားပွဲဝိုင်းတွင် ပညာရှိစကားများနှင့် တင့်တယ်လျောက်ပတ်သော စကားများသာကြားရပြီး၊ ယုတ်ညံ့၍သိမ်ဖျင်းသော စကားလက်ဆုံပြောဆိုခြင်းအတွက် နေရာမရှိပါ။ "စားပွဲဝိုင်း၌ မရှိသောသူတစ်ဦးအား အတင်းပြောဆိုခြင်းကို အဘယ်သူမျှမပြုရ" ဟူ၍ ဖြစ်သည်။ ထိုစည်းကမ်းကို ကျူးလွန်သူအားမေတ္တာဖြင့် အပြစ်ဖော်ပြ၍ဆုံးမကြသည်။

Chapman ၏ထူးခြားသောပါရမီမှာ မေတ္တာတရားဖြစ်ပါသည်။ Chapman နှင့်ဘယ်တော့မှစကားမပြောတော့ဘူး၊ ဟု သစ္စာဆိုထားသောလူတယောက်နှင့် လမ်းခုလပ်တွင်ဆုံမိသောအခါ ၊ Chapman က ထိုသူပြောခဲ့ဖူးသောစကားကို သတိရသည်။ သို့သော်လည်း နှစ်ယောက်မျက်နှာချင်းဆိုင်ဆုံမိသောအခါ ၊ Chapman က ထိုသူအားပွေ့ဖက်၍၊ "ချစ်သောညီအစ်ကို၊ ဘုရားသခင်က သင့်ကိုချစ်တယ်၊ ခရစ်တော်ကသင့်ကိုချစ်တယ်၊ ကျွန်တော်ကလည်း သင့်ကိုချစ်တယ်" ဟု ပြောခဲ့သည်။ ထိုသူနောင်တရ၍၊ အသင်းတော်၌ ပြန်လည်မိတ်သဟာယဖွဲ့ခဲ့သည်။

မယုံနိုင်လောက်အောင်ဖြစ်ခဲ့သည့် အဖြစ်အပျက်တခုမှာ၊ ပင်လယ်ရပ်ခြားမှ သူငယ်ချင်းတယောက်က Chapman အား ရေးသော စာအိတ်ပေါ်၌ - R.C Chapman မေတ္တာကျောင်းတော်ကြီး၊ အင်္ဂလန်နိုင်ငံ ဟု ရေးခဲ့ရာ၊ Chapman က ထိုစာကို စာပို့သမားထံမှလက်ခံရရှိသည်။

Chapman က အသင်းတော်နှင့်ပတ်သက်၍ ဂိုဏ်းဂဏခွဲခြားခြင်းကို မနှစ်သက်ချေ။ ဂိုဏ်းဂဏမတူသော်လည်း ဘုရားသခင်၏သားသမီးတိုင်းကိုချစ်မြတ်နိုးသည်။ သူ၏အသင်းတော်၌ လူတချို့က အသင်းတော်မှခွဲထွက်၍ အသင်းတော်ပိုင်ဆိုင်မှုများကို သိမ်းပိုက်ချင်သောအခါ ၊ သူတို့တောင်းဆိုသည့်အတိုင်းလိုက်လျော၍ သဘောတူခဲ့သည်။ အသင်းတော်အတွက် Chapman ဝယ်ခဲ့သော မြေကွက်ကို မြို့အာဏာပိုင်များက နှစ်သက်သောအခါ ၊ မငြင်းဆိုပဲ ပေးအပ်လိုက်သည်။ ရှေ့နေတစ်ဦးအနေဖြင့် ဥပဒေလမ်းကြောင်းနှင့်ရင်ဆိုင်နိုင်သော်လည်း ထိုသို့ မပြုခဲ့ပါ။ ကိုယ်ရေးကိုယ်တာကိစ္စနှင့်ပတ်သက်၍ သူတပါးနှင့်ငြင်းခုံစရာများကိုကိုင်တွယ်ရာ၌ စိတ်မြန်ကိုယ်မြန်သောအကျင့်မျိုးကိုရှောင်၍ ဆုတောင်းခြင်းကို အားကိုးအားထားပြုသည်။ တခါက၊ Chapman သည် J.N.Darby အား သူ၏အလျင်စလိုပြုမူဆောင်ရွက်ခြင်းအတွက်ဆုံးမရာ Darby က "ကျွန်တော်တို့က ခြောက်ပတ်လုံးလုံးစောင့်ခဲ့ပြီ" ဟု ပြောရာ၊ Chapman က "ကျွန်တော်တို့က ခြောက်နှစ်ကြာစောင့်သင့်တယ်" ဟု ပြောပါသည်။

Chapman သည် သူ၏အချိန်များကို ဆုတောင်းချိန်၊ ကျမ်းစာဖတ်ချိန်၊ ထမင်းစားချိန်၊ သူတပါးအားသွားရောက်လည်ပတ်ချိန်၊ ဝတ်ပြုတ်သောသူများအား အစာကျွေးချိန်၊ ပစ်ပယ်ခြင်းခံသောသူများအား ကူညီချိန်၊ လေဟာပြင်တရားဟောချိန်နှင့် ကျမ်းစာသင်ချိန်စသည်ဖြင့် စံနစ်တကျသတ်မှတ်၍ လက်တွေ့အသက်ရှင်ခဲ့သည်။ စနေနေ့တိုင်းတွင် အစာရှောင်ဆုတောင်းကာ၊ သူတပါးအား လက်ဆောင်ပေးရန်အတွက် ပွတ်စက်ဖြင့် သစ်သားပန်းကန်များကိုပြုလုပ်သည်။

သူ၏အတ္ထုပ္ပတ္တိကိုရေးသောဆရာ Frank Holmes က အကျင့်စရိုက်နှင့်ကိုယ်ကျိုးစွန့်ဆက်ကပ်မှုနှင့်ပတ်သက်၍ Chapman နှင့်တူသောသူ အနည်းငယ်သာရှိပါလိမ့်မည်။ သူသည် ကလေးသူငယ်ကဲ့သို့ ရိုးသားမှု

အပြည့်နှင့်နိမ့်ချ၍ ဝိညာဉ်ရေးရာ၌ အလွန်အားသန်သောသူဖြစ်ပါသည်။ သူ့အသက်တာ၌ဇာတိပကတိအကျင့် မပေါ်လွင်ပါ ဟု ရေးသားခဲ့သည်။

ခရစ်တော်က တပည့်တော်တို့အား သူ့အတွက်ထိရောက်သော အစေခံများဖြစ်လိုပါက၊ သူတို့၏အသက်တာသည် သာမန်၏အထက်၌ ရှိရမည်ဟု သွန်သင်ပါသည်။ ဤသွန်သင်ချက်သည် Chapman ၏အသက်တာ၌ပြည့်စုံကြောင်း ကျွန်ုပ်တို့တွေ့ရပါသည်။ သူ၏ဆွေမျိုးတစ်ဦးက Chapman အား လောကအမြင်၌ ခေတ်နောက်ကျသောအသက်တာကို ရွေးချယ်စေသည့်အကြောင်းရင်းကို သိချင်သောဆန္ဒပြင်းပြခဲ့သည်။ သူသိခဲ့သောလူ၏အတွင်းအားက Chapman အား ဤကဲ့သို့ဖြစ်စေနိုင်မည် မဟုတ်ကြောင်း သူသိသည်။ နောက်ဆုံးတွင်သူသည် မိမိ၏လိုအပ်ချက်ကို ရှာဖွေရန်ဆုံးဖြတ်ကာ Chapman အား ပွင့်လင်းစွာ မေးပါသည်။ Chapmanနှင့်အတူ ဆုတောင်းခြင်းနှင့်ကျမ်းစာလေ့လာခြင်းများ လုပ်ရင်းဖြင့် သူလည်းပြောင်းလဲသွားပါသည်။

လူအများစိတ်ဝင်စားလာစေရန်ပြုလုပ်သော လှည့်ကွက်များနှင့် ကိုင်တွယ်မှုနည်းဗျူဟာအမျိုးမျိုးနှင့် ခေတ်ဆန်သောခေတ်ကာလ၌ Chapman ကဲ့သို့သောလူသည် အင်္ဂါဂြိုဟ် (သို့) အခြားကမ္ဘာတစ်ခုခုမှ လာသောသူကဲ့သို့ဖြစ်သည်။ မှန်ပါသည်။ သူသည် အမြင့်ဆုံးသော“ဘုရား၏ကွယ်ကာရာအရပ်၌နေ၍၊ အနန္တတန်ခိုးရှင်၏အရိပ်ကိုခိုလှုံသောသူ ဖြစ် ်သည်။” သူကဲ့သို့သော လူတို့၏အကြောင်းကို A.W.Tozer က ဤသို့ ရေးသားခဲ့သည် -

“စစ်မှန်သောဝိညာဉ်လူသည် အကယ်စင်စစ် ထူးခြားသောပုဂ္ဂိုလ် ဖြစ်သည်။ သူသည် မိမိအတွက်အသက်မရှင်ပဲ၊ သူတစ်ပါး၏အမှုအရာကို ရှုမှတ်သည်။ သူသည် သူတစ်ပါးအား ရှိသမျှကို ဘုရားအားဆက်ကပ်ရန် ဆွဲဆောင်ကာ၊ သူ့အတွက်ဘာတစ်ခုမျှမတောင်းပါ။ သူတပါးကသူ့အား ဂုဏ်ပြုချီးမွမ်းခြင်းထက်သူ၏ကယ်တင်ရှင်အား ဂုဏ်ပြုချီးမွမ်းခြင်းကို ပို၍အားရနှစ်သက်သည်။ သူသည် နှိမ့်ချခြင်းခံ၍၊ သူ၏သခင်ချီးမြှောက်ခြင်းကိုတွေ့မြင်ခြင်း၌ ဝမ်းမြောက်သည်။ သူစိတ်အဝင်စားဆုံးအကြောင်းကိုနားထောင်ချင်သောသူ အနည်းငယ်မျှသာတွေ့သောကြောင့် ဘာသာရေးဆိုင်ရာဆွေးနွေးသောအခါ ၊ တိတ်ဆိတ်စွာနေတတ်သည်။ ထို့ကြောင့်လူအများ



က သူ့ကို ပျင်းစရာကောင်းသောသူ၊ အိန္ဒြေလွန်ကဲသူအဖြစ်မှတ်ယူ၍ ရှောင်ဖယ်ကြသည်။ သူသည် နန်းတော်၌နေသောလူကြီးလူကောင်းများနှင့် မိတ်ဖွဲ့ရန်ရှာသော်လည်း အနည်းငယ် (သို့)တဦးတယောက်မျှမတွေ့ခဲ့သည့် အကြောင်းကို မာရိကဲ့သို့ သူ၏စိတ်နှလုံးထဲ၌ မှတ်ထားလိုက်သည်။”[၄]

ကျွန်ုပ်တို့ဖြစ်ချင်သောလိုအင်ဆန္ဒသည် စစ်မှန်သောဝိညာဉ်သဘောနှင့်ပြည့်ဝခြင်းဖြစ်ပါစေ။

## လေး

# ဝမ်းနည်းခြင်း၌ ကြီးမားသောငြိမ်သက်ခြင်း [၅]

### Great Peace in Sorrow

တခါက၊ H.A.Ironside သည် သူ မမေ့နိုင်သော ဩစတြေးလျ လူမျိုး မုဆိုးမတစ်ယောက်၏အကြောင်းကိုပြောခဲ့သည်။ ထိုခရစ်ယာန် အမျိုးသမီးသည် ဘုရားသခင်၏လူဖြစ်သည်။ သူ၏ဝိညာဉ်အသက်တာ နက်နဲမှုသည် လူတိုင်းရှေ့၌သက်သေထင်ရှားသည်။ သူသည် ဘုရား၌ မတုန်မလှုပ်သောယုံကြည်ခြင်းဖြင့်ရပ်တည်ကာ၊ မိမိအသက်တာကို သူ့အပေါ်၌ လုံးလုံးလျားလျားဆက်ကပ်အပ်နှံခဲ့သည်။

သူ၏ခင်ပွန်းသေဆုံးသောအခါ ၊ သား ငါးယောက်အား ပြုစုပျိုးထောင်ရန်တာဝန်ရှိသည်။ သူသည် ဆာလံ၊ ၁၄၆း၉ ကို ဖတ်ရှု၍ခွန်အားယူခဲ့သည်- “ထာဝရဘုရားသည် မုဆိုးမနှင့်မိဘမရှိသောသူတို့ကို ထောက်မတော်မူ၏။” ဤကျမ်းချက်၌ပါသော ဘုရ ားသခင်၏ဂတိတော်ကို အားရဝမ်းမြောက်စွာဆွဲကိုင်လျက် ဆုတောင်းခဲ့သည်။ ထိုသားငါးယောက်စလုံးတို့သည် ဘုရားသခင်၏သွန်သင်ဆုံးမမှုအောက်၌ ကြီးပြင်းရသောအခွင့်ရခဲ့ကြသည်။ သူတို့အားလုံးသည် ယေရှုခရစ်တော်ကို မိမိတို့၏သခင်နှင့်ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံကြသည်။

စစ်ဖြစ်သောအခါ ၊ ညီအစ်ကိုငါးယောက်စလုံးတို့သည်  နိုင်ငံတော်၏ခေါ်ဆိုမှုကိုကြိုဆိုလက်ခံကြကာ၊ စစ်ထဲသို့ဝင်ကြသည်။ သူတို့၏တောင်းဆိုမှုကြောင့်လားမသိ၊ ညီအစ်ကိုအားလုံး တပ်တစ်ခုတည်း၌ နေရာချထားခြင်းခံကြသည်။ သူတို့၏မိခင်က သူတို့၏အသက်ကို ဘုရားသခင်၏ကြည့်ရှုစောင့်ရှောက်မှုအောက်၌ရှိကြောင်းသိလျက် နေ့တိုင်းဆုတောင်းပေးသည်။

တနေ့တွင် အိမ်ပြတင်းပေါက်မှ အပြင်ဘက်သို့လှမ်းကြည့်လိုက်



သောအခါ ၊ ယောက်ျားတစ်ယောက် အိမ်ရှေ့တံခါးဘက်သို့ ဦးတည်လျက်လာသည်ကိုတွေ့လိုက်ရာ၊ ထိုသူသည် စစ်ပွဲ၌ကျဆုံးသောသူများရှိသောအခါ သက်ဆိုင်ရာမိသားစုထံသို့သတင်းပေးပို့ရန် တာဝန်ပေးခြင်းခံရသောကျေးရွာ၏သင်းအုပ်ဆရာဖြစ်ကြောင်းကို ချက်ချင်းသိသည်။ သူသည်လည်း ဆက်ကပ်သောခရစ်ယာန်တစ်ဦးဖြစ်၍၊ ဝမ်းနည်းစရာသတင်းပေးပို့ရန် တာဝန်ရှိသောသူဖြစ်သည်။

သူမသည် တံခါးဘက်သို့လျှောက်သွား၍၊ ထိုသင်းအုပ်ဆရာသည် လက်ထဲ၌ အဝါရောင်ကြေးနန်းစာတစ်စောင်ကိုကိုင်လျက် မတ်တပ်ရပ်နေသည်။ နှစ်ဦးစလုံးစကားမပြောကြပဲ ၊ ခဏတာဆိတ်ငြိမ်နေသည်။ တယောက်နှင့်တယောက်အပြန်အလှန်နှုတ်ဆက်အပြီးတွင် အိမ်ထဲသို့ဝင်ရန်ဖိတ်ခေါ်လိုက်သည်။

ဧည့်ခန်း၌ ထိုင်ကြသောအခါ ၊ သူမက “ကျွန်မသားငါးယောက်ထဲက ဘယ်သူဆုံးသွားတာလဲ” ဟု မေးလိုက်သည်။

သူမ မခံနိုင်မည်ကိုစိုးရိမ်သဖြင့် အဖြေပေးရန်ခက်နေသည်။ သို့သော် သူမသည်သူ၏သားများထဲမှဘယ်သူကစစ်ပွဲ၌ကျဆုံးသည်ကိုသိချင်၍ စိုးရိမ်တကြီးဖြင့်စောင့်နေသည်။

နောက်ဆုံးတွင်သင်းအုပ်ဆရာက “ငါးယောက်စလုံး” ဟု ပြောပါသည်။

သူမ၏မျက်နှာသည် ဖြူဖတ်ဖြူရော်ဖြစ်လာကာ၊ မေးရိုးလည်း တုန်လှုပ်လာသည်။ နောက်ဆုံးတွင် မျက်ရည်ကျလျက် “ကျွန်မရဲ့သား ငါးယောက်စလုံးဟာဘုရားအပိုင်ပါ။ သူနှင့်အတူနေရန်သူတို့ကိုခေါ်ဆောင်ပြီ” ဟု ထူးခြားသောယုံကြည်ကိုးစားခြင်းဖြင့်ပြောသည်။

ထို့နောက် နှစ်ဦးစလုံးဒူးထောက်၍ဆုတောင်းကြသည်။

“စိတ္တဇဖြစ်ခြင်း၊ ညည်းညူခြင်း၊ ခါးသီးမှုနှင့် မကျေနပ်ခြင်းများလုံးဝမရှိခဲ့ပါ။”သူမ၏သားများသည် နိုင်ငံတော်၏ခေါ်ဆိုမှုကိုနာခံ၍၊ စစ်မှုထမ်းရန်အိမ်မှထွက်ကြစဉ်က၊ သူသည် ကတိတော်ကိုစောင့်ထိန်းသောဘုရားသခင်၏လက်တော်ထဲသို့ ဆုတောင်းအပ်နှံခဲ့ ပြီးဖြစ်သည်။ သူသည် ငြိမ်သက်ခြင်းနှင့် ထိုဝမ်းနည်းကြေကွဲစရာကိုဖြတ်သန်းကာ၊ သူ၏အသက်တာသည် တရွာလုံး၌ နှစ်အတန်ကြာ ဟောကြားခဲ့သော ဒေသနာအားလုံး

ထက် ပို၍ထိရောက်ပါသည်။”

ဤအဖြစ်အပျက်က ယုံကြည်သူအားလုံးတို့သည် ထိုခရစ်ယာန်မှုဆိုးမတုန့်ပြန်သည့်နည်းလမ်းအတိုင်း တုန့်ပြန်နိုင်သည်ဟု မဆိုလိုပါ။ ဘုရားသခင်က သူမအား အလွန်ဝမ်းနည်းဘွယ်ကောင်းသော ထိုဆုံးရှုံးမှုအတွက် ကျေးဇူးတော်ကို အထူးပေးအပ်ခဲ့ပါသည်။ ချစ်ခင်သူတစ်ဦးဆုံးရှုံးမှုအတွက် ငိုကြွေးခြင်းသည် ရှက်စရာနှင့်အသက်တာကျဆင်းခြင်း မဟုတ်ပါ။ သခင်ယေရှုကိုယ်တိုင်လည်း ငိုကြွေးခဲ့ပါသည်။ သို့သော်၊ ယုံကြည်သူခရစ်ယာန်များ ဝမ်းနည်းကြေကွဲခြင်းကြုံတွေ့သည့်အချိန်တွင် သူတို့၏တုန့်ပြန်မှုသည် ထူးခြားပြီး လောကသားများကတွေ့မြင်ကာ အံ့အားသင့်ကြသည်။ ယုံကြည်သူတို့သည် ဘုရားသခင်၏ကတိတော်များကို ကိုယ်အဘို့ယူသောအခါ၊ သူတစ်ပါးမသိသော များစွာသောအထောက်အကူကို သိဝှက်ထားကြသည်။

# ငါး

## နာခံခြင်း၏အဖိုးအခ

## The Cost of Obedience

ဘတ်ဘရန့် (Bud Brunke) အတွက် လူ့ဘဝသည် လေညင်းကဲ့သို့ဖြစ်သည်။ သူ၌ချစ်စရာကောင်းသောဇနီး ဂျနီးစ် (Janice) နှင့်သားသမီးခြောက်ယောက်ရှိကာ၊ အီလီနွိုက်ပြည်နယ် (Illinois) ၊ အဲလ်ဂျင်မြို့ (Elgin) ရှိ လေဆိပ်လေယာဉ်ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်း၌ အခြားလူတစ်ဦးနှင့်ဖက်စပ်လုပ်ကိုင်ခဲ့သည်။ သူ၏လုပ်ငန်းအောင်မြင်ခြင်းကို အားရကျေနပ်လျက်ရှိသည်။

သို့ရာတွင်သူ၏ဝိညာဉ်ရေးအခြေအနေစဉ်းစားမိသောအခါတိုင်းတွင်ငြိမ်သက်မှုမရှိပဲ စိတ်ပူပန်ခဲ့သည်။ ထိုအချိန်က သူသည် လူသရင်အသင်းတော် (Lutheran Church) တစ်ပါး၌သစ္စာရှိသောသင်းထောက်တစ်ဦးဖြစ်သော်လည်း ထိုအရာကသူ့အား ကျေနပ်မှုမပေးခဲ့ပါ။ ထိုအသင်းတော်နှင့် အဓိကအငြင်းပွားရသည့်အကြောင်းရင်းတစ်ခုမှာ နို့စို့သူငယ်များအားရေနှစ်ခြင်းမင်္ဂလာပေးခြင်း (infant baptism) ဖြစ်သည်။ သူသည် နို့စို့သူငယ်တစ်ဦးအား ရေဖျန်းခြင်းအားဖြင့်ခရစ်တော်၏အသင်းဝင်တစ်ဦးဖြစ်လာပြီး၊ ဘုရားသခင်နိုင်ငံတော်၏အမွေခံစားသူဖြစ်လာသည် ဟူသောခံယူချက်ကို လုံးဝလက်မခံနိုင်တော့ပါ။ ထိုသို့သောအခြေအနေများကြောင့်သူသည် ညပိုင်း၌ပို့ချသော ကျမ်းစာကျောင်းတစ်ခု၌တက်ခဲ့သည်။ မကြာမီ၊ ရုပ်မြင်သံကြား (T.V) မှတဆင့်ထုတ်လွှင့်သောဧဝံဂေလိတရားဟောပွဲကိုကြည့်ရှုနားထောင်ရင်း ခရစ်တော်ကိုမိမိကယ်တင်ရှင်နှင့်သခင်အဖြစ်ယုံကြည်လက်ခံကာ၊ ဆက်ကပ်သောခရစ်ယာန်တစ်ဦးဖြစ်လာသည်။

ထိုအချိန်မှစ၍ ဘတ် (Bud) သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသိချင်၊ နားထောင်ချင်သောဆန္ဒပြင်းပြခဲ့သည်။ သူသည် ကယ်တင်ခြင်းရပြီးနောက် ပြဿနာမရှိတော့ပါဟု စဉ်းစားမိပါက မှားလိမ့်မည်။ သူ၌ လက်ရှိကြုံတွေ့နေရသောပြဿနာတစ်ခုရှိနေသည်။ သူ၏လုပ်ငန်း၌သူနှင့် ဖက်စပ်လုပ်ကိုင်သောသူမှာ မယုံကြည်သူဖြစ်သည်။ ဤအရာသည် သူ့အတွက်ပြဿနာမဖြစ်ခဲ့ဖူးပါ။ သို့သော်သူသည် ၂ကော၊ ၆း၁၄-၁၈ ကို ဖတ်ရှုဆင်ခြင်သည်။

“မယုံကြည်သောသူတို့နှင့်တွဲဘက်၍ဆန့်ကျင်ဘက်ဖြစ်သော ထမ်းပိုးကိုမထမ်းကြနှင့်။ တရားသောအမှုသည် မတရားသောအမှုကို အဘယ်သို့လက်ခံနိုင်မည်နည်း။ အလင်းသည် မှောင်မိုက်နှင့်အဘယ်သို့ဆက်ဆံနိုင်မည်နည်း။ ခရစ်တော်သည် ဗေလျာလနှင့် အဘယ်သို့ သင့်တင့်နိုင်မည်နည်း။ ယုံကြည်သောသူသည် မယုံကြည်သောသူနှင့်အတူ အဘယ်အကျိုးအပြစ်ကိုခံရမည်နည်း။ ဘုရားသခင်၏ဗိမာန်တော်သည် ရုပ်တုတို့နှင့် အဘယ်သို့စပ်ဆိုင်မည်နည်း။ ဘုရားသခင်မိန့်တော်မူသည်ကား၊ သူတို့တွင်ငါကျိန်းဝပ်မည်။ သူတို့တွင်လှည့်လည်၍ သူတို့၏ဘုရားသခင်ဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူသည်နှင့်အညီ၊ သင်တို့သည်အသက်ရှင်တော်မူသော ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြ၏။ ထို့ကြောင့်၊ ထာဝရဘုရားမိန့်တော်မူပြန်သည်ကား၊ သင်တို့သည် ထိုသူတို့အထဲမှထွက်၍ အသီးအခြားနေကြလော့။မစင်ကြယ်သောအရာကို လက်နှင့်မျှမတို့ကြနှင့်။ ထိုသို့ပြုလျှင် သင်တို့ကိုငါသည်လက်ခံမည်။ သင်တို့၏အဘဖြစ်မည်။ သင်တို့သည်လည်း ငါ၏သားသမီးဖြစ်ကြလိမ့်မည်ဟု အနန္တတန်ခိုးနှင့်ပြည့်စုံသော ထာဝရဘုရားမိန့်တော်မူ၏။”

Bud က ဤကျမ်းပိုဒ်များကိုဖတ်တိုင်း၊ အချွန်တစ်ခုနှင့်ထိုးသလို ခံစားသည်။ ယုံကြည်သူသည် မယုံကြည်သူနှင့်အတူ အဘယ်အကျိုးအပြစ်ကိုခံရမည်နည်း။ မှန်ပါသည်။ ယခုတွင်သူနှင့်သူ၏လုပ်ဖော်ဆောင်ဖက်တို့သည် မတူညီသောဦးတည်ချက်သို့ ထသောလှိုင်းကဲ့သို့ ဖြစ်ကြသည်။ သူတို့နှစ်ဦး၏တန်ဘိုးထားသောအရာများလည်းမတူတော့ပါ။ အရင်က လူ့ကျင့်ဝတ်နှင့်ဆန့်ကျင်သောပြုမူဆောင်ရွက်ခြင်းများသည် Bud အတွက် ပြဿနာမဖြစ်ခဲ့ဖူးသော်လည်း ယခုတွင်ကြောက်မက်ဘွယ်ရာဖြစ်လာသည်။



သူတို့နှစ်ဦးသည် နွားနှင့်မြည်းထမ်းပိုးအတူထမ်းသကဲ့သို့ဖြစ်ကာ၊ မတူညီသောဦးတည်ချက်သို့ တဦးနှင့်တဦးဆန့်ကျင်၍သွားချင်ကြသည်။

ထိုအခါ Bud က မညီသောထမ်းပိုးထမ်းသောဘဝမှထွက်ခွာသင့်ကြောင်းသိမြင်လာသည်။ သို့သော် ထိုလေယာဉ်ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းသည် သူ၏အသက်မွေးဝမ်းကျောင်းဖြစ်သလို၊ သူ့မိသားစု၏ စားဝတ်နေရေးအတွက်လည်း စဉ်းစားရန်လိုအပ်သည်။ ထိုလုပ်ငန်းကိုစွန့်လွှတ်ပါက မိသားစုထောက်ပံ့ရန်အတွက် အခြားမြင်နိုင်သောနည်းလမ်းမရှိပါ။

ပထမဦးစွာ သူသည် ရပ်ကွက်ထဲ၌ရှိသော အသင်းတော်တစ်ပါး၏သင်းအုပ်ဆရာ (Elder) ထံမှအကြံဉာဏ်ရယူရန်ဆုံးဖြတ်လိုက်သည်။ သူသည် ကျောက်ဆောင်နှစ်ခုကြား၌ညှပ်ပြီး အသက်ရှင်သလိုမျိုးနေရသည့်အကြောင်းစုံကို ထိုသင်းအုပ်ဆရာအားပြောပြသည်။ ထိုသင်းအုပ်ဆရာက “ပြဿနာမကြီးပါဘူး။ လုပ်ငန်းတစ်ခုလုံးကို ခင်ဗျားဝယ်ပြီး လုပ်ငန်းရှင်ဖြစ်ရင် ကိစ္စအားလုံးပြီးပြီ” ဟု ပြောလိုက်သည်။

သူက “ကျွန်ုပ်မှာလုပ်ငန်းတစ်ခုလုံးဝယ်နိုင်ဘို့ ငွေအင်အားမရှိဘူး”ဟု ပြန်ပြောရာ၊

သင်းအုပ်ဆရာက “ဒါဆိုရင်သူ့ကို ဝယ်ခွင့်ပြုပါလား” ဟု ပြောလိုက်သည်။

Bud က သူ့လုပ်ဖော်ဆောင်ဖက်ထံသို့သွား၍ လုပ်ငန်းကို ဝယ်ချင်ပါက ဝယ်နိုင်ကြောင်း ပြောသောအခါ၊ ဒေါ်လာ လေးသောင်းဖြင့်ဝယ်ရန် ကတိပေး၍သဘောတူညီမှုရကြသည်။ Bud က သူကြုံရသည့်ပြဿနာကို ဤနည်းဖြင့်ဖြေရှင်းနိုင်မည်ဟု စိတ်ကူးခဲ့သည်။ ထိုသူက Bud အား တစ်လလျှင် ဒေါ်လာနှစ်ရာချက်လက်မှတ်ကို လတိုင်းပုံမှန်ထုတ်ပေးရာ၊ ငါးလ၊ ခြောက်လခန့်ကြာသောအခါ၊ Bud က ထိုချက်လက်မှတ်များနှင့် ဘဏ်၌ငွေသွားထုတ်သောအခါ ထုတ်၍မရတော့ပဲ၊ ငွေမလုံလောက်ပါ၊ ဟု အသိပေးစာတွေ့ရသည်။

Bud က သူ့မိတ်ဆွေဟောင်း၏အခြေအနေကို သွားရောက်စုံစမ်းသောအခါ၊ ဒေဝါလီခံထားကြောင်းသိရသည်။

“မယုံကြည်သောသူတို့နှင့်တွဲဘက်၍ဆန့်ကျင်ဘက်ဖြစ်သော ထမ်းပိုးကို မထမ်းကြနှင့်” ဟူသော ဘုရားစကားကိုနားထောင်ရန် Bud

၏ဆုံးဖြတ်ချက်သည် ဒေါ်လာ ၃၈၀၀၀ နှင့် ၄၀၀၀၀အကြား အဘိုးအခ ပေးခဲ့ရသည်။ သို့ရာတွင် ဘုရားသခင်က သူ၏ဂတိတော်ကို မမေ့တတ်ပါ။ "ငါသည် သင်တို့၏အဘဖြစ်မည်" (၂ကော၊ ၆း၁၈)။ မကြာခင်မှာ Bud သည် ယုံကြည်သူတစ်ဦးထံ၌အလုပ်ရကာ နှစ်ပေါင်း (၂၅)နှစ်တိုင် ပျော်ရွှင်စွာလုပ်ကိုင်ခဲ့သည်။ အသက် (၆၅) နှစ်ပြည့်၍ ပင်စင်ယူသောအခါ သူဆုံးရှုံးခဲ့သော ငွေပမာဏ၏သုံးဆရရှိခဲ့သည်။ ဘုရားသခင်သည် သူ့စကားကို နားထောင်သောသူတို့အတွက် ထိုကဲ့သို့ အလုပ်လုပ်တတ်သော ဘုရားဖြစ်ပါသည်။



# ခြောက်

## အောင်မြင်ခြင်းကိုပေးသော ကျိုးပဲ့ခြင်း[၆]

The Brokenness that Wins

ဒေးဗစ်အိုက်မန်း (David Akeman) သည် ဟောင်ကောင်မြို့၌ ရှိသော သတင်းစာနှင့်မဂ္ဂဇင်းဌာနတစ်ခု၌ ဆောင်းပါးရေးသောသူတစ်ဦး ဖြစ်ပါသည်။ သူသည် အသက်တာဆက်ကပ်သောသူ၊ ခရစ်တော်အတွက် သက်သေခံရာ၌ ပွင့်လင်းစွာပြောဆိုတတ်သောသူဖြစ်သည်။

ထိုအချိန်တွင်ဌာနမှူး၏ညစ်ညမ်းသောစကားများက David အား အမြဲနာကျင်စေခဲ့သည်။ ထိုသူသည် ဘုရားသခင်၏နာမတော်ကို အချည်းအနှီးအသုံးပြုကာ၊ ကြမ်းတမ်းသောစကားများပြောခြင်းနှင့် ကျိန်ဆိုခြင်းများ မကြာခဏပြုတတ်သည်။ David သည် သူ၏အမျက်ဒေါသကိုဖုံးဖိ၍ သည်းခံရန်ကြိုးစားသော်လည်း အတွင်းဘက်၌ဖိစီးမှုပြည့်နက်လာသည်။

တနေ့သောအခါ ၊ ဌာနမှူးက ဘုရားသခင်၏နာမကိုမှားယွင်းစွာ သုံး၍ကျိန်ဆိုခြင်းပြုသည်ကို David ကြားသောအခါ ၊ ဒေါသမထိန်းနိုင်တော့ပဲ "ဘုရားသခင်၏နာမကို အချည်းအနှီးအသုံးပြုတာ ငါမကြိုက်ဘူး၊" ဟု ဟောက်ဆို၊ ကြိမ်းမောင်းလိုက်သည်။ သူသည် တိုးတိုးတိတ်တိတ်နှင့် ညင်သာစွာမပြောပဲ၊ ကြမ်းတမ်းစွာဆုံးမလိုက်သည်။

ဌာနမှူးကလည်း "မင်း၊ ငါ့ကိုဒီလိုနည်းနှင့်ပြန်ပြောတာ၊ ငါလည်း မကြိုက်ဘူး" ဟု စိတ်ဆိုးစွာပြန်ပြောသည်။

ဒီအဖြစ်အပျက်ကို David က ပြန်လည်စဉ်းစားကြည့်သောအခါ ဘုရားသခင်၏နာမကို အချည်းအနှီးအသုံးပြုတတ်သောဌာနမှူးထံမှ ညစ်ညမ်းသောစကားများကို ကြားရတော့မည်မဟုတ်ဟု မျှော်လင့်သည်။

သို့ရာတွင် သူ၏ဆုံးမမှုကိုပြန်လည်စဉ်းစားသောအခါ "ဌာနမှူး အားပြောခဲ့သောအရာများသည်မှန်သော်လည်း သူ၏ပြောဆိုနည်းမှာ မှားယွင်းကြောင်း" သိခဲ့သည်။ သူ့အသက်တာ၏ပုံသက်သေကိုလည်း မှီးမှိန်

စေခဲ့သည်။ သူနှင့်ဌာနမှူးအကြားဆက်ဆံရေးလည်း ပျက်ပြားခဲ့သည်။

ညအချိန်အိပ်ယာပေါ်၌အိပ်နေစဉ် ခရစ်ယာန်တစ်ဦးအနေဖြင့် သူဘာလုပ်သင့်သည်ကိုစဉ်းစားရင်း ဤသို့သိမြင်လာသည်။ "မနက်ဖြန်၌ သူ့ထံသို့သွားပြီး ဖြစ်ခဲ့သမျှဟာ ကျွန်တော့အမှားပါ" ဟုသွားပြောရန် ဆုံးဖြတ်သည်။ ထိုသို့ပြုခြင်းသည် မိမိ၏မာနကိုထိပါးခြင်းနှင့် မိမိကိုယ်ကို ယုတ်ညံ့အောင်ပြုသလိုမျိုးဖြစ်သော်လည်း နောက်တစ်နေ့တွင်သူသည် ဌာနမှူးရှေ့၌ မတ်တပ်ရပ်လျက်-

"ဌာနမှူးကိုသိစေချင်တဲ့အချက် (၂) ခုရှိပါတယ်။ ပထမအချက်က၊ ကျွန်တော်တို့နှစ်ဦးရဲ့ဆက်ဆံရေးပျက်သွားရတဲ့ အဓိကအကြောင်းရင်းက ကျွန်တော့ရဲ့အမှားကြောင့်ပါ။ အမှန်ဆိုရင်၊ ကျွန်တော်က ခင်ဗျားကို အဲဒီလိုမပြောဆိုသင့်ပါဘူး။ ကျွန်တော်လုံးဝမှားပါတယ်၊ ကျွန်တော့်ကိုခွင့်လွှတ်ပါ။

ဒုတိယအချက်က - ဒီနေ့ကစပြီး ဆောင်းပါးရေးတဲ့အခါ ခင်ဗျားကြိုက်တာကိုအရင်ဆုံးရွေးချယ်ရေးသားခွင့်ပေးမယ်။ ခင်ဗျားမရေးချင်တာတွေ ကျွန်တော် ရေးမယ်။ ကျွန်တော့်ကိုခွင့်လွှတ်ပါ၊" ဟု David က တောင်းပန်သောအခါ ဌာနမှူးအံ့အားသင့်သွားသည်။

ထိုကဲ့သို့သော ဝန်ချတောင်းပန်ခြင်းနှင့် အတ္တကင်းသောအသက်တာသည် သတင်းစာဆရာများအသိုင်းအဝန်း၌ တွေ့ခဲလှပါသည်။ David ၏အံ့သြဘွယ်အပြုအမူကိုကြည့်ပြီး ဌာနမှူးက ဘာပြောရမှန်းမသိပဲ ငြိမ်နေသည်။ ဤသို့ဖြင့် David ကသူ၏ဌာနမှူးနှင့်သူ၏ဆက်ဆံရေး ပြန်လည်ကောင်းမွန်လာအောင်ဆောင်ရွက်ပြီးနောက် ရုံးခန်းမှထွက်လာသည်။

မကြာခင်မှာ၊ ခရစ်ယာန်စီးပွားရေးလုပ်ငန်းရှင်များ၏ နံနက်စာဆုတောင်းပွဲအစီအစဉ်၌ အလုပ်အမှုဆောင်တစ်ဦးက ခရစ်တော်၌သူ၏အသက်တာပြောင်းလဲခြင်းအကြောင်းကို သက်သေခံမည့်အကြောင်း David က သတင်းရရှိသည်။ သူသည် ဌာနမှူးထံသို့သွားကာ၊ "ခရစ်ယာန်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးသက်သေခံမည့် နံနက်စာဆုတောင်းပွဲကို ကျွန်တော်သွားမယ်၊ ခင်ဗျားကောလိုက်ချင်ပါသလား" ဟု ဖိတ်ခေါ်သည်။ ဌာနမှူးက "ကောင်းပြီ၊ ငါလည်းလိုက်မယ်" ဟု ပြောသောအခါ ၊ David အံ့အားသင့်သွားသည်။ ထိုဆုတောင်းပွဲအဆုံး၌ ဌာနမှူးက ခရစ်တော်ကို မိမိကယ်တင်ရှင်နှင့်သခင်အဖြစ် ယုံကြည်လက်ခံခဲ့သည်။



ဒေးဗစ်အိုက်မန်း၏ချွင်းချက်မရှိသော ဝန်ချတောင်းပန်ခြင်းမျိုးသည် ကမ္ဘာပေါ်တွင်မြင်ရခဲသောအသက်တာမျိုးဖြစ်ပါသည်။ ပြိုင်ဆိုင်မှုအပြည့်ရှိသောကမ္ဘာပေါ်တွင် ဤကဲ့သို့ အခွင့်အရေးဟူသမျှကို စွန့်လွှတ်ခြင်းသည် ထူးဆန်းသောအသက်တာဖြစ်ပြီး စိတ်နှလုံးခိုင်မာသောသူတို့ကို ခရစ်တော်ထံသို့ပို့ဆောင်နိုင်သော အခြားကမ္ဘာတစ်ခု၏အကျင့်စရိုက်ဖြစ်ပါသည်။

# ခုနှစ်

## အလွန်နိမ့်ကျသော အစေခံခြင်းမျိုးမရှိ ?

No Service Too Lowly

ဘုရားသခင်က ဒေါ့နိခိုလ်စ်(Dough Nichols)အား အိန္ဒိယနိုင်ငံသို့ ဧဝံဂေလိတရားဟောကြားရန်ခေါ်ခြင်းမှာ သံသယရှိစရာမလိုပါ။ ထိုနိုင်ငံ၏ဝိညာဉ်ရေးရာလိုအပ်မှုမှာ အလွန်ပင်ဆိုးရွားလှပါသည်။ သန်းပေါင်းများစွာသောလူတို့သည် မှားယွင်းသောဘာသာတရားများအောက်၌ ချုပ်ချယ်မှုခံကြသည်။ Dough သည် ဘုရားသခင်က ထိုနိုင်ငံသို့သွားရောက်အမှုတော်ဆောင်ရန် သူ့အားတာဝန်ပေးသည်ဟု အမှန်တကယ်ခံစားသည်။

အိန္ဒိယနိုင်ငံ၌အမှုတော်ဆောင်ရွက်စဉ်၊ သူသည် တီဘီရောဂါဖြင့် ဆေးရုံ၌ဆေးကုသမှုခံယူခဲ့ပါသည်။ ဘုရားသခင်က Dough ကို အိန္ဒိယနိုင်ငံသို့သွားရောက်အမှုတော်ဆောင်ရန် အမှန်တကယ်ခေါ်ပါက၊ အဘယ့်ကြောင့်သူသည် တီဘီရောဂါခံစားရပါသနည်း၊ ဟု လွယ်ကူစွာဖြင့်မေးခွန်းထုတ်စရာဖြစ်လာပါသည်။ သူသည် ကျန်းမာရေးကောင်းပါက ဘုရားသခင်အတွက် အမှုတော်သာ၍လုပ်ဆောင်နိုင်မည်ဖြစ်သည်။

သို့သော် သူသည်သံသယဖြစ်၍ စိတ်ဓါတ်ကျကာ အရှုံးပေးမည့်အစား တီဘီရောဂါကုသဆောင်၌ရှိသော လူနာများအား ဧဝံဂေလိတရားဝေငှရန် စိတ်ဆုံးဖြတ်လိုက်သည်။ လူနာတစ်ဦးချင်းဆီသို့သွားကာ ဧဝံဂေလိတရားဝေစာများကို ပေးဝေခဲ့သည်။ သူ့ကိုကြိုဆိုလက်ခံကြမည်ဟု မမျှော်လင့်ပါ။ လူနာများက သူသည် အမေရိကန်သူဌေးတစ်ဦးဖြစ်သောကြောင့် အိန္ဒိယလူမျိုးတစ်ဦးအတွက်ပေးထားသောအိပ်ယာကို အပိုင်ယူခြင်းဖြစ်နိုင်သည်ဟု ယူဆကြသောကြောင့် နာကျည်းစွာဖြင့်သူ၏ဝေစာကိုငြင်းပယ်ခဲ့ကြ၏။



ထိုလူနာများကို ဧဝံဂေလိတရားဝေငှနိုင်ရန် ဘုရားသခင်သည် Dough အား ခြားနားသောနည်းလမ်းကို ပြင်ဆင်ပေးခဲ့သည်။ တညတွင်၊ အလွန်အားနည်းနေသောလူနာတစ်ဦးသည် သူ၏အိပ်ယာပေါ်မှခဲယဉ်းစွာဖြင့်ဆင်းလာသည်။ သူသည်ရေချိုးခန်းသို့သွားချင်သော်လည်း အလွန်အားအင်ချိနဲ့သောကြောင့် လမ်းမလျှောက်နိုင်ပါ။ သူသည် ကြမ်းပြင်နှင့်သူ့ကိုယ်ခန္ဓာကို ညစ်ပေစေပြီး၊ အဆောင်တခုလုံး၌အပုပ်နံ့များပျံ့နှံ့သွားသည်။

သူနာပြုဆရာမများနှင့်အလုပ်သမားများသည် ထိုညစ်ပေသောကြမ်းပြင်ကို ဆေးကြောရမည်ဖြစ်သောကြောင့် စိတ်ဆိုးကြကာ ထိုသူကိုကျိန်ဆဲကြသည်။ တစ်ယောက်က ထိုသူအား ရိုက်ပုတ်လိုက်သေးသည်။ ဤအဖြစ်အပျက်က လူနာအားလုံး စိတ်ကျဉ်းကြပ်စေခဲ့သည်။

နောက်တစ်နေ့ညတွင် သနားဘွယ်ကောင်းသော ထိုလူနာသည် ရေချိုးခန်းသို့သွားရန် အိပ်ယာပေါ်မှဆင်းရန်ကြိုးစားပြန်သော်လည်း အလွန်အားနည်းသောကြောင့် အိပ်ယာဘေး၌ပြန်လဲကျကာ ငိုပါသည်။

Dough သည် သူကိုယ်တိုင်အားအင်ချိနဲ့သော်လည်း ထိုသူထံသို့သွားပြီး ကျော၌ပိုးကာ၊ ရေးချိုးခန်းသို့ ပို့လိုက်သည်။ ထိုသူ ကိစ္စပြီးသည်အထိစောင့်ကာ၊ သူ၏အိပ်ယာသို့ပြန်လည်ပို့ဆောင်ခဲ့သည်။

ထိုအချိန်တွင် အဆောင်ရှိလူနာအားလုံးနိုးကြပြီဖြစ်သောကြောင့် Dough ၏စေတနာ၊ မေတ္တာဖြင့်လုပ်ဆောင်မှုအားလုံးကို တွေ့မြင်ကြသည်။ ထိုအခါ ၊ အမေရိကန်လူမျိုး Dough အပေါ်၌ သူတို့ထားခဲ့သောစိတ်သဘောထားကို ထူးခြားစွာပြောင်းလဲကြသည်။ လူနာတစ်ဦးသည် Dough အနားသို့လာပြီး လက်ဘက်ရည်ပူပူလေး တစ်ခွက်ပေးကာ၊ ဝေစာတစ်စောင် လိုချင်ကြောင်းပြောပါသည်။ ဆရာဝန်များ၊ သူနာပြုဆရာမများနှင့်သန့်ရှင်းရေးအလုပ်သမားများကလည်း ဧဝံဂေလိဝေစာများနှင့် ရှင်ယောဟန်ခရစ်ဝင်ကျမ်းစာအုပ်ငယ်ကိုလည်း တောင်းလာကြသည်။ ထိုသူတို့သည် Dough ၏အသက်တာ၌ခရစ်တော်ကိုတွေ့မြင်ကြသောကြောင့် နောက်ဆုံးတွင် သူတို့ထဲက အချို့တို့သည် ခရစ်တော်ကို မိမိ၏ကယ်တင်ရှင်နှင့် သခင်အဖြစ် ယုံကြည်လက်ခံလာကြသည်။

ဤအချက်သည် ခရစ်တော်ဘုရားက လောကီသားများပြုနိုင်သောကျေးဇူးပြုတတ်ရုံမျှဖြင့် မလုံလောက်သေးပါ ဟု ပြောခဲ့သောအချက်

ပင်ဖြစ်သည်။ ကျွန်တော်တို့သည် ထိုအတိုင်းအတာကိုကျော်လွန်၍ လုပ်ဆောင်ကာ၊ ကျွန်ုပ်တို့၏လက်တွေ့အသက်တာ၌ သဘာဝထက်သာလွန်သောမေတ္တာအားဖြင့် ခရစ်တော်ကို လောကီသားတို့အား ပြရမည်ဖြစ်သည်။ သင်၏အသက်တာသည် လောကီသားများထက်သာလွန်ခြင်း မရှိပါက၊ သူတို့ကိုခရစ်တော်ထံသို့ ပို့ဆောင်နိုင်မည် မဟုတ်ပါ။



# ရှစ်

## စကော့တလန်နိုင်ငံအား ဂုဏ်မြင့်စေသော သား[၈]

## Scotland's Son Who Made Her Proud

အဲရစ်လစ်ဒဲလ် (Eric Liddel) ကိုနားလည်နိုင်ရန် သူ့ခေတ် ‘ကာလက စကော့တလန်နိုင်ငံ၌ ခရစ်ယာန်တို့သည် သခင်ဘုရား၏နေ့ရက်ကို ရှိသေလေးစားကြသည့်အကြောင်း ဦးစွာသိဘို့ လိုအပ်ပါသည်။ သူတို့က ထိုနေ့ကို ခရစ်ယာန်တို့၏ဥပုသ်နေ့ဟု ခေါ်ကြသည်။ ထိုနေ့တွင်သူတို့သည် အလုပ်မလုပ်သည့်အပြင် မည်သည့်အားကစားကိုမျှလည်း မကစားပဲ၊ ဘုရားကျောင်းကိုသာ တက်ကြသည်။ ဈေးဆိုင်များကိုပိတ်ကြကာ၊ အရေးပေါ်လိုအပ်မှုမှလွဲ၍ ကား၊ မီးရထားမှစ၍ပို့ဆောင်ရေးပိုင်းလည်း ရပ်နားကြသည်။ ယုံကြည်သူတို့သည် ထိုနေ့ကို ဘုရားသခင်အားကိုးကွယ်ရန်နှင့်အစေခံရန် သီးသန့်ဖယ်ထားကြသည်။ သူတို့က “ခင်ဗျားက သခင်ဘုရားကိုအမှန်တကယ်ချစ်တယ်ဆိုရင် သခင်ဘုရား၏နေ့ (တနင်္ဂနွေနေ့) ကိုလည်းချစ်မှာပဲ” ဟု အကြောင်းပြတတ်ကြသည်။

အဲရစ်သည် အသက်(၁၅)နှစ်အရွယ်တွင် ခရစ်တော်ယေရှုကို မိမိရဲ့သခင်နှင့်ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံခြင်းဖြင့် သူ့အသက်တာတစ်ခုလုံးအတွက် အကြီးမားဆုံး ဆုံးဖြတ်ချက်ကိုချခဲ့သည်။ အပြေးပြိုင်ပွဲများ၌ပါဝင်ယှဉ်ပြိုင်သောအခါတိုင်းတွင်လည်း ဘုရားသခင်ကို ပထမဦးစားပေးနေရာ၌ အမြဲထားပါသည်။

သူသည် သူ့နိုင်ငံကိုယ်စားပြုအနေဖြင့် အိုလံပစ်ပြိုင်ပွဲ၌ပါဝင်နိုင်ရေးအတွက် အလွန်ဆန္ဒပြင်းပြခဲ့ရာ ၁၉၂၄ခုနှစ် ပဲရစ်မြို့(Paris) ၌ကျင်းပသောအိုလံပစ်ပြိုင်ပွဲတွင် မီတာ(၁၀၀) အပြေးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ရွေးချယ်ခြင်းခံခဲ့သည်။ ဒီအတွက်ကြောင့် သူသည် အလွန်ဂုဏ်ယူဝမ်း

မြောက်ခဲ့သည်။ သို့ရာတွင် ထိုမီတာ (၁၀၀) အပြေးပြိုင်ပွဲသည် တနင်္ဂနွေနေ့၌ ကျင်းပမည်ဖြစ်ကြောင်း ကစားဖော်တစ်ဦးက လာပြောသောအခါ အခြေအနေပြောင်းလဲသွားသည်။

"လုံးဝမဖြစ်နိုင်ဘူး။" "လုံးဝမဖြစ်နိုင်ဘူး၊" ဟု ညည်းတွားခဲ့သည်။

သူသည် ဆိတ်ငြိမ်ရာအရပ်သို့သွား၍ဆုတောင်းသည်။ ဆုတောင်းပြီးသွားသောအခါ၊ သူသည် သခင်ဘုရားနှင့်သူ၏နေ့ရက်ကို မစော်ကားသင့်ဘူး ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

ဒီအကြောင်းကိုသူ၏အဖွဲ့သားများသိသောအခါ ၊ အမျက်ဒေါသထွက်ကြကာ "မင်းဟာ ငါတို့နိုင်ငံရဲ့ဂုဏ်သိက္ခာကိုညှိုးငယ်စေသောသူ၊ သစ္စာဖောက်သူပဲ" ဟု စွပ်စွဲကြသည်။ ဗြိတိသျှအသင်းမန်နေဂျာက စိတ်ဆိုးလွန်းလို့ "မင်းဒီလိုလုပ်လို့မရဘူး" ဟု ငေါက်ငေါ့ပြောဆိုသောအခါ၊ အဲရစ်က၊ "သခင်ဘုရား၏နေ့မှာကျင်းပပြုလုပ်သည့် အပြေးပြိုင်ပွဲမှာ ကျွန်တော်မပါနိုင်ဘူး" ဟု ညင်သာစွာဖြင့် ပြန်ပြောလိုက်သည်။

သတင်းစာတိုင်း၏ရှေ့မျက်နှာစာခေါင်းကြီးပိုင်း၌ သူ၏ နုတ်ထွက်ခြင်းကို ပြစ်တင်ဝေဖန်ကြသည်။ ဗြိတိသျှအား/ကာအာဇာပိုင်အဖွဲ့လည်း အမျက်ချောင်းချောင်းထွက်ကြသည်။ ယခုတွင်လူကြိုက်များသောအဲရစ်သည် ပွဲပျက်စေသောသူအဖြစ်မြင်ကြသည်။

အဲရစ်သည် အားကစားအစီအစဉ်ကြော်ငြာဘုတ်ကိုလေ့လာသောအခါ ၊ မီတာ ၄၀၀ အပြေးပြိုင်ပွဲကို တနင်္ဂနွေနေ့တွင်မကျင်းပပဲ တခြားနေ့ရက်၌ကျင်းပမည့်အကြောင်းသိသောအခါ၊ မန်နေဂျာနှင့်တွေ့ပြီး ထိုပြိုင်ပွဲ၌ပါဝင်ခွင့်ပေးရန်တောင်းလျှောက်ရာ၊ အများသဘောတူစံနစ်နှင့်ဆန့်ကျင်စေကာမူ၊ မန်နေဂျာက သဘောတူလိုက်သည်။

ပြိုင်ပွဲမစမီတွင်၊ အသင်း၏အနှိပ်သည်က အဲရစ်အား စာရွက်ကလေးတစ်ခုပေးလိုက်သည်။ အဲရစ်က ထိုစာကိုဖတ်ကြည့်ရာ၊ သမ္မာကျမ်းစာပြောသည်မှာ "ငါ့ကိုချီးမြှောက်သောသူတို့ကို ငါချီးမြှောက်မည်။ အမြဲအောင်မြင်ပါစေလို့ ဆန္ဒပြုပါသည်" ဟု ပါရှိပါသည်။ ထိုကျမ်းပိုဒ်မှာ ၁ဓမ္မ၊ ၂း၃၀ ကို ကိုးကားထားခြင်းဖြစ်သည်။ သူပြေးနေသည့်တလျှောက်လုံး ထိုကျမ်းပိုဒ်ကိုသူနှင့်အတူပါသွားသည်။

ဗြိတိသျှအသင်းအား အမှာစကားပြောကြားသော အရာရှိတစ်ဦးက အားကစားပါဝင်ယှဉ်ပြိုင်ခြင်းသည် လူ့ဘဝ၌အရေးကြီးဆုံးတစ်ခု ဖြစ်ပါသည်ဟု ပြောပါသည်။ ဤအချက်သည် အဲရစ်ကိုရည်ရွယ်၍ ဆုံးမခြင်းဖြစ်နိုင်သော်လည်း အဲရစ်အတွက် ထိုအားကစားထက်သာ၍အရေးကြီးသော တခြားအရာများရှိပါသည်။

အပြေးပြိုင်ပွဲစတင်ရန်နေရာယူကြသောအခါ ၊ အဲရစ်သည် ဆိုးသောနေရာတစ်ခုရသည်။ ထို့အပြင်၊ ထိုနေ့၏အပူချိန်သည် မခံနိုင်လောက်အောင်အလွန်ပူပြင်းကာ အိုလံပစ်ပြိုင်ပွဲအတွက် မကိုက်ညီချေ။

အဲရစ်၏ပြေးပုံပြေးနည်းမှာ အလွန်ကြောက်လန့်ဘွယ်ကောင်းသည်ဟု ပရိသတ်က ပြောပါသည်။ သူ၏လက်မောင်းတို့သည် တွဲလွဲကျလျက်၊ လက်သီးဖြင့်လေကိုထိုးကာ၊ ဒူးတို့သည်တုန်ခါပြီး၊ ဦးခေါင်းကို အနောက်ဘက်သို့ယိုင်နေသည်။ တယောက်ကသူ့ကိုလေရဟတ်စက်နှင့်နှိုင်းယှဉ်ခဲ့သည်။ သို့သော် ပန်းဝင်ရန် မီတာ ၅၀ အလိုတွင်အရှိန်ကိုအမြင့်ဆုံးသို့တင်၍ပြေးရာ၊ ပြေးဖော်အားလုံးကိုကျော်သွားပြီး ရွှေတံဆိပ်ဆွတ်ခူးသွားကာ ကမ္ဘာ့စံချိန်သစ်တင်နိုင်ခဲ့သည်။

သူ၏အတ္ထုပ္ပတ္တိကိုရေးသားသောသူတစ်ယောက်က "အဲရစ်သည် သူဆွတ်ခူးရန်အနှစ်သက်ဆုံးမီတာ ၁၀၀ အပြေးပြိုင်ပွဲ၏ရွှေတံဆိပ်ကိုလက်လွှတ်ခြင်းဖြင့် သန်းနှင့်ချီသောပရိသတ်၏အာရုံကိုဖမ်းချုပ်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ခရစ်ယာန်ယုံကြည်ချက်သည် သူ့အတွက်ပို၍အရေးကြီးခဲ့သည်။ သို့သော်လည်း သူသည် မမျှော်လင့်ပဲ မီတာ ၄၀၀ အပြေးပြိုင်ပွဲ၌ ပထမရရှိသောအခါ သူ၏နိုင်ငံသားအားလုံးသည် သူ့အားအလွန်ပင်လေးစား ဂါရဝပြုလာကြသည်။"[၉] ထင်ရှားသောအားကစားသမားတစ်ဦးက "အဲရစ်သည် သူ၏ဩဇာညောင်းခြင်း၊ ပုံသက်သေနှင့်စွမ်းဆောင်နိုင်မှုတို့ကြောင့် သူသည် စကော့တလန်နိုင်ငံမွေးထုတ်ခဲ့ဖူးသော အကြီးမြတ်ဆုံးအားကစားသမားတစ်ဦးဖြစ်သည်ကို သံသယရှိစရာ မလိုပါဘူး" ဟု ပြောခဲ့သည်။

နောက်ပိုင်းတွင်သူသည် တရုတ်နိုင်ငံ၌သာသနာပြုတစ်ဦးဖြစ်လာသည်။ တရုတ်နိုင်ငံသို့ သင်္ဘောဖြင့်မသွားမီတွင် သူ့ညီမ ဂျင်နီ (Jenny) အား ဤသို့ပြောခဲ့သည်- "ဂျင်နီ၊ ဘုရားသခင်က ကျွန်တော့်ကိုသူ၏ရည်ရွယ်ချက်တစ်ခု (တရုတ်နိုင်ငံ)အတွက် ဖန်ဆင်းတာဖြစ်တယ်။ ဒါပေမဲ့

ဘုရားက၊ ကျွန်တော့ကိုအပြေးပြိုင်အောင်လည်းလုပ်တယ်၊ ကျွန်တော်ပြေးတဲ့အခါတိုင်းမှာ ဘုရားရဲ့ဝမ်းမြောက်မှုကို ကျွန်တော်ခံစားရတယ်။"

ဂျပန်က တရုတ်နိုင်ငံကိုသိမ်းပိုက်သောအခါ ၊ အဲရစ်ကို အခြေအနေဆိုးသောစခန်း (Camp) တစ်ခုသို့ ပို့ကြသည်။ ထိုစခန်း၏ စား၊ ဝတ်၊ နေရေးအခြေအနေသည် ပြောမပြနိုင်လောက်အောင်အလွန်ဆိုးရွားသည်။ ထိုစခန်းတွင်အဆိုးဆုံးလူများလည်းရှိသည်။ ဖမ်းထားခြင်းခံသော ထိုလူများအကြား၊ အထူးသဖြင့် အမေရိကန်စီးပွားရေးသမားများအကြား၌ ဂုဏ်ပြိုင်ခြင်းများရှိနေသည်။

သို့ရာတွင် အဲရစ်သည် သူတို့ကဲ့သို့မဟုတ်၊ ထူးဆန်းသောလူတစ်ယောက်ဖြစ်သည်ကို သူတို့အားလုံးကသဘောတူဝန်ခံကြသည်။ "သူသည် သူ၏ခရစ်ယာန်ယုံကြည်ချက်အတိုင်း လက်တွေ့အသက်ရှင်ခဲ့သည်။ ရှယ်ချန် (Siaochang) ဒေသ၌နေထိုင်သော တရုတ်လူမျိုးများအကြား၌ ခရစ်တော်၏ရုပ်သဏ္ဍာန်ပေါ်လွင်စေသကဲ့သို့ စခန်း၌လည်း ပေါ်လွင်စေသည်။ သူသည် မကောင်းသောမိန်းမများနှင့်ပစ်ပယ်ခြင်းခံသောစီးပွားရေးသမားများအား မိတ်ဆွေကဲ့သို့ ကူညီထောက်ပံ့သည်။ အားအင်ချိနဲ့သောသူများအတွက်မီးသွေးများကိုသယ်ပေးပြီး၊ လူငယ်များကိုစာသင်ပေးသည်။ သူတစ်ပါးကူညီရန်အတွက် သူ၏ရွှေလက်ပတ်နာရီကို ရောင်းလိုက်ရသော်လည်း သူသည်မပြောင်းမလဲပဲ ၊ အဲရစ်ဖြစ်မြဲဖြစ်နေပါသည်။ သူသည် အရောင်အမျိုးမျိုးနှင့်ပြည့်နေသော ကန့်လန့်ကာဟောင်းနှင့်လုပ်ထားသည့် အကျႌကိုဝတ်လျက်၊ ရိုးရိုးလေးနှင့်အသက်ရှင်နေထိုင်ခဲ့သည်။ [10]

ရုရှားလူမျိုး မကောင်းသောမိန်းမတစ်ယောက်က ပစ္စည်းတစ်ချို့အထပ်လိုက်တင်စရာရှိခဲ့သည်။ အဲရစ်က ကူညီသောအခါ ၊ သူမက ပြန်ဆပ်ရန်မလိုချင်ပဲ၊ ကျွန်မအတွက်လိုအပ်သောအရာများကို ပထမဦးဆုံး ကူညီသောသူဖြစ်သည်ဟု ပြောခဲ့ပါသည်။

အဲရစ်အကြောင်းကို စခန်း(Camp) ၌ရှိသောအခြားတစ်ယောက်ကလည်း သူတပါး၏မကောင်းကြောင်းကို အဲရစ်၏ပါးစပ်မှပြောဆိုခြင်းကို မကြားဖူးပါ၊ဟု ပြောခဲ့သည်။ အခြားတစ်ယောက်က "အဲရစ်ဟာ ကျွန်တော်တွေ့သမျှလူထဲတွင် ခရစ်တော်ရဲ့အသက်တာနှင့်အတူဆုံးလူဖြစ်သည်" ဟု သက်သေခံခဲ့သည်။



တစ်နေ့တွင် ဂျပန်အစောင့်စစ်သားက နာမည်ခေါ်၍ အဲရစ် ပျက်ကွက်ကြောင်းသိသောအခါ ၊ တစ်ယောက်က သူဟာ မကြာခင်အချိန်က သေသွားပြီဖြစ်ကြောင်းရှင်းပြခဲ့သည်။ ထိုအစောင့်စစ်သားက စိတ်မကောင်းစွာဖြင့် "အဲရစ်လစ်ဒဲလ်ဟာ ခရစ်ယာန်တစ်ယောက်ဟုတ်တယ် မဟုတ်ဘူးလား" ဟု မေးပါသည်။ ထိုအစောင့်စစ်သားက အဲရစ်ကို စကားမပြောခဲ့ဖူးသော်လည်း သူ့အထဲ၌ရှိသော ခရစ်တော်ကိုမြင်တွေ့ခဲ့သည်မှာ သေချာပါသည်။

သူသည် ညဉ်းပန်းနှိပ်စက်မှုကြောင့်မဟုတ်ပဲ၊ ဦးနှောက်ရောင်ရောဂါကြောင့် သေဆုံးခဲ့သည်။ စခန်း၌ရှိသောဆေးကုခန်း၌ ထိုရောဂါမျိုးကုသရန် ဆေးဝါးမရှိခဲ့ပါ။ စကော့တလန်လူမျိုး သူနာပြုဆရာမ အဲနီဘူချန် (Annie Buchan)အား အဲရစ်နောက်ဆုံးပြောသောစကားမှာ- "Annie, ဒါဟာ ပြည့်စုံသောဆက်ကပ်ခြင်းပဲ" ဟူ၍ဖြစ်သည်။

အဲရစ်၏သေဆုံးခြင်းသတင်း စကော့တလန်နိုင်ငံရှိ ဂလာစကို (Glasgow) မြို့၌ကြားသိရသောအခါ ၊ ညနေခင်းသတင်းက "စကော့တလန်နိုင်ငံသည် မိမိအသက်တာအားဖြင့်နိုင်ငံတော်၏ဂုဏ်သက္ခာကိုမြှင့်တင်သော သားတစ်ယောက်ဆုံးရှုံးခဲ့သည်" ဟု ကြေငြာခဲ့သည်။

အဲရစ်၏စျာပနအခမ်းအနား၌ ဝါရင့်သာသနာပြုဆရာတစ်ဦးဖြစ်သူ အာနိုလ်ဘရီဆွန် (Arnold Bryson) က -

မနေ့က လူတစ်ယောက် ကျွန်တော့်အားၤသို့ပြောပါသည် -

"ကျွန်တော်သိခဲ့သမျှလူအားလုံးထဲတွင် အဲရစ်ရဲ့အသက်တာနှင့် အကျင့်စာရိတ္တထဲ၌ ခရစ်တော်ရဲ့ဝိညာဉ် ထူးမြတ်စွာထင်ရှားပေါ်လွင်နေသည်" ဟု ပြောပါသည်။ အဲရစ်နှင့်ရင်းနှီးစွာခင်မင်ခွင့်ရသော ကျွန်တော်တို့အားလုံးကလည်း ထိုသို့ပင်မှတ်ယူကြမည်မှာ မလွဲပေ။ သူ၏ဆက်ကပ်သောအသက်တာနှင့်အခြားသူများအပေါ်၌သြဇာညောင်းရခြင်း၏လျှို့ဝှက်ချက်ကား အဘယ်နည်း။ ယေရှုခရစ်တော်၏အသက်တာကဲ့သို့သော ဘုရားသခင်၏အလိုတော်၌ လုံးဝဆက်ကပ်အပ်နှံခြင်းဖြစ်သည်။ သူ၏အသက်တာသည် ဘုရားသခင်အုပ်စိုးသောအသက်တာဖြစ်ပြီး၊ ဆက်ကပ်ခြင်း၊ စိတ်ဓါတ်မကျခြင်း၊ ရည်ရွယ်ချက်ပန်းတိုးတိုင်ထားရှိခြင်းဖြင့် သူ၏ဆရာနှင့်သခင်၏နောက်တော်သို့လိုက်ခဲ့သောကြောင့် သူ၏အသက်တာအားဖြင့်

လူအများက ခရစ်ယာန်ယုံကြည်ခြင်း၏မှန်ကန်မှုနှင့်တန်ခိုးကို မြင်တွေ့ခဲ့ကြရသည်။[၁၁]

အဲရစ်၏ ၁၉၂၄ခုနှစ် အိုလံပစ်ပြိုင်ပွဲအောင်မြင်ခြင်းကိုဖော်ပြထားသောသမိုင်းကို ၁၉၇၇ခုနှစ်တွင် ဗြိတိသျှလူမျိုးရုပ်ရှင်ဒါရိုက်တာ ဒေးဗစ်ပွတ်နန် (David Puttnam) က ရုပ်ရှင်ရိုက်ခဲ့သည်။ ဒေးဗစ်က "ညသန်းခေါင်၏အမြန်ယာဉ်" (Midnight Express)အမည်ရှိသောရုပ်ရှင်ကားကို မကြာမီက ထုတ်လုပ်ခဲ့သည်။ ထိုဇာတ်ကားသည် လူ့သဘာဝ၌အဆိုးဆုံးသောအရာကိုသရုပ်ဖော်ခဲ့သည်။ ထိုဇာတ်ကားသည် အပြစ်တင်ဘွယ်ကောင်းသော ဇာတ်ကားသဖွယ် သူ၏ပါးစပ်၌ ကျန်ရစ်စေခဲ့သည်။ သူက "လောကအောင်မြင်ခြင်းထက်ဘုရားသခင်ကိုပထမနေရာ၌ထားသည့် အကျင့်စာရိတ္တရှိသောအဲရစ်သည် သူထက်ကြီးမြတ်သောဘုရားအတွက် ရပ်တည်ခဲ့သည်" ဟု ပြောခဲ့ပါသည်။

ဤဇာတ်ကားသည် လျင်မြန်စွာပျံ့နှံ့သွားကာ၊ ကမ္ဘာပေါ်ရှိမြောက်များစွာသောလူတို့သည် အိုလံပစ်ရွှေတံဆိပ်ထက်ဘုရားကို ပို၍ချစ်မြတ်နိုး၍၊ ခံယူချက်နှင့်ရပ်တည်ချက်အပြည့်ဖြင့်နိမ့်ချသော စကော့တလန်အားကစားသမား၏အကြောင်းကို ကြားသိကြသည်။

ထိုဇာတ်ကားကြီးသည် လူအများကို အံ့အားသင့်စေသည်။ ဘုရားကိုချီးမြှောက်သောကြောင့် ဘုရားကချီးမြှောက်သည့် ထိုလူငယ်၏ဇာတ်ကားကိုကြည့်သောပရိသတ်များ ငိုကြွေးခဲ့ကြသည်။ နယူးယော့ (New York) ရုပ်ရှင်ဝေဖန်သုံးသပ်သူ ရက်(စ်)ရစ် (Rex Reed) က "ရုပ်ရှင်ဇာတ်ကားအားလုံးထဲတွင် အကောင်းဆုံးဇာတ်ကားတစ်ခုဖြစ်သည်။ ၎င်းသည် နက်နဲလှသည့် လူသားအားလုံးနှင့်ဆိုင်သော သမ္မာတရားနှင့်လူသားများကခေတ်နောက်ကျသည်ဟုမှတ်ယူသော နူးညံ့သိမ်မွေ့ခြင်းကိုဖော်ကျူးခဲ့သည်" ဟု ပြောပါသည်။

အဲရစ်သည် အလွန်နာမည်ကြီးသော အပြေးပြိုင်ပွဲကို ၁၉၂၄ခုနှစ်တွင်ပြေးခဲ့သည်။ ၅၇နှစ်ကြာသောအခါ ၊ သူစိတ်မကူးခဲ့ဖူးသောချီးမြှောက်ခြင်းကို ထိုရုပ်ရှင်ကားအားဖြင့်ရယူခဲ့သေးသည်။



# ကိုး

## မိမိကိုယ်ကိုနှိမ့်ချသော စစ်ဗိုလ်ချုပ်[၁၂]

## The General Who Humbled Himself

ပြည်တွင်းစစ်ပြီးဆုံး၍၊ ဝါရှင်တန်မြို့တော်၌စစ်ပွဲအောင်မြင်ခြင်းအတွက် စစ်ရေးပြရန်ပြင်ဆင်ကြသည်။ ဗိုလ်ချုပ်ဝီလ်လျံတဲကမ်ဆဲ့ရှာမန် (William Tecumseh Sherman)သည် ထိုအစီအစဉ်ကိုဦးဆောင်သူဖြစ်သည်။ ထိုစစ်ရေးပြပွဲကို ပင်စီလ်ဗေးနီးယား (Pennsylvania) ရိပ်သာလမ်းမှအိမ်ဖြူတော် (White House) အထိ လျှောက်ရမည်ဖြစ်သည်။ နိုင်ငံရေးဆိုင်ရာမူရင်းစာချုပ်တွင် ဗိုလ်ချုပ်တစ်ဦးကသူဦးဆောင်ခဲ့သောတပ်ခွဲ၏ရှေ့တွင် မြင်းစီးရန်အမိန့်ပါရှိသည်။

စစ်ရေးပြအခမ်းအနားပြုလုပ်သည့်နံနက်ပိုင်းတွင် ဗိုလ်ချုပ်ရှာမန်သည် ဗိုလ်ချုပ်အိုလီဗာအိုဟားဝပ် (Oliver O. Howard) အနားသို့ရောက်သောအခါ စိတ်ထဲ၌တစ်မျိုးခံစားမိသည်။ ဗိုလ်ချုပ်အိုလီဗာတပ်၏ကူညီမှုဖြင့် တင်နီစီနှင့်အလ္တန္တာ (Tennessee & Allanta) တိုက်ပွဲ၌အောင်မြင်ခြင်းရစေသောကြောင့် သူ့ကို တင်နီစီ (Tennessee) စစ်တပ်မှူးအဖြစ် ရာထူးချီးမြှင့်လိုက်သည်။ သူသည် ဗိုလ်ချုပ်ရှာမန်၏ ထင်ရှားသော "ပင်လယ်သို့ချီတက်ခြင်း" ၌လည်း ပါဝင်ခဲ့သည်။

"ဗိုလ်ချုပ်ဟားဝပ်၊ ခင်ဗျားတပ်ရဲ့ရှေ့မှာမြင်းစီး၍သွားရန် ခင်ဗျားကို တာဝန်ပေးထားတာ သိတယ်နော်"

"ဟုတ်ကဲ့၊ ဗိုလ်ချုပ်ကြီး။"

"ကောင်းပြီ၊ ခင်ဗျားကို တစ်ခုလုပ်ခိုင်းချင်တယ်"

"အမိန့်ရှိပါ ၊ ဗိုလ်ချုပ်ကြီး"

"ခင်ဗျားထက်အရင်ကျတဲ့ ဗိုလ်ချုပ်. . . က သူ့တပ်ဟောင်းရဲ့ရှေ့မှာ မြင်းစီးပြီး သွားချင်တယ်။ နောက်ဆုံးတိုက်ပွဲမှာ ခင်ဗျားဟာ တပ်မှူးဖြစ်

ခဲ့တာ ငါသိပါတယ်။ ဒါပေမယ့် ဟားဝပ်၊ ခင်ဗျားဟာ ခရစ်ယာန်တစ်ဦး ဖြစ်တဲ့အတွက် စိတ်ပျက်ခြင်းဒဏ်ခံနိုင်မယ်ဆိုတာ ငါသိတယ်။ ခင်ဗျား ထွက်လာပြီး ဗိုလ်ချုပ် . . . ကို စစ်ရေးပြပွဲမှာ စစ်သားများကိုဦးဆောင် စေခြင်းဖြင့် ဂုဏ်ပြုချီးမြှင့်ခြင်းခံပါစေ။”

ဗိုလ်ချုပ်ဟားဝပ်သည် တခဏမျှအံ့အားသင့်သွားသည်။ သူသည် သူ့အား သစ္စာနှင့်အနစ်နာခံခြင်းဖြင့် အမှုထမ်းသောသူ၏ရဲဘော်များနှင့် အတူ ချီတက်ရန်မျှော်လင့်ခဲ့သည်။ သူတို့သည် အတူတကွနေထိုင်ခြင်းနှင့် စစ်တိုက်ခြင်းဖြင့်စည်းလုံးညီညွတ်မှုတိုးတက်ခဲ့သည်။ ထိုစစ်သားများသည် သူ့အတွက်အသက်စွန့်ရဲသကဲ့သို့ တစ်ယောက်နှင့်တစ်ယောက်အတွက် လည်းစွန့်ရဲကြသည်။ ဗိုလ်ချုပ်ဟားဝပ်သည် စစ်မှုထမ်းရာ၌ လက်တစ်ဖက် ဆုံးရှုံးခဲ့ရသည်။ ယခုတွင်သူ၏နေရာ၌ အခြားအရာရှိတစ်ယောက် အစား ထိုးဂုဏ်ပြုချီးမြှင့်ခြင်းပေးရန် မတရားသဖြင့်တောင်းဆိုခြင်းခံရသည်။

သို့သော်၊ ဗိုလ်ချုပ်ဟားဝပ်က ကိုယ့်ကိုကိုယ်ချက်ချင်းချုပ်တည်းကာ၊ “သင့်ရဲ့တောင်းဆိုမှုဟာ ငါ့အတွက်အမိန့်ဖြစ်ပါတယ်” ဟူသော စစ်ဘက် ရေးရာ အာဏာနှင့်မိန့်ဆိုချက်ပေါ်တွင် မှန်ကန်စွာရပ်တည်လျက်၊ “ဟုတ်ကဲ့၊ ဗိုလ်ချုပ်ကြီး၊ ခင်ဗျားက ဒီလိုစီစဉ်တယ်၊ ကျွန်တော်ကလည်း ခရစ်ယာန်ဖြစ်တဲ့အတွက် ဝမ်းမြောက်စွာဖြင့်လုပ်ပါ့မယ်။ ဗိုလ်ချုပ် . . . က တပ်ခွဲရဲ့ရှေ့မှာဦးဆောင်ပါစေ” ဟု ပြန်ပြောလိုက်သည်။

ထိုအခါ ဗိုလ်ချုပ်ကြီးရှာမန်က ဟားဝပ်ကို စိတ်ချမ်းသာခြင်းနှင့် ချီးမွမ်းအံ့သြခြင်းဖြင့် ကြည့်ကာ “ဟားဝပ်၊ ခင်ဗျားလုပ်ရန်သဘောတူမယ် လို့ ငါမျှော်လင့်တယ်။ အခု မင်းကို ငါနှင့်အတူစီးပြီး စစ်သားအားလုံးရဲ့ရှေ့ မှာသွားစေချင်တယ်” ဟု ပြောပါသည်။

ဗိုလ်ချုပ်ဟားဝပ်သည် လူတို့၏သာမန်အကျင့်စရိုက်နှင့်ဆန့်ကျင် လျက် ခရစ်ယာန်ပီသစွာနိမ့်ချလျက်နာခံခဲ့သည်။ သူသည် ခရစ်တော်၏ စိတ်သဘောထားရထားမှသာလျှင်ရှားပါးသောနိမ့်ချမှုမျိုး အသက်တာ၌ ဖြစ်နိုင်ကြောင်းသင်ယူခဲ့သည်။ နိမ့်သောနေရာယူခြင်းသည် သဘာဝမျိုးစေ့ ကိုဆန့်ကျင်ပါသည်။ သို့သော်၊ သူသည် ထိုသို့မနိမ့်ချခဲ့သော် ဗိုလ်ချုပ်ကြီး ရှာမန်၏ ဂုဏ်ပြုချီးမြှောက်ခြင်းရရှိနိုင်ရန် အခွင့်အလမ်းဖြစ်ပေါ်မည် မဟုတ်ပါ။



# တစ်ဆယ်

## နာမကျန်းဖြစ်သောအခါနှင့် ကျန်းမာသောအခါ၌[၁၃]

## In Sickness and in Health

ရောဘတ်ဆင်မက်ကွိလ်ကင်း (Robertson McQuilken)သည် ကိုလံဘီယာ ဓမ္မတက္ကသိုလ်(Columbia Bible College & Seminary) ၏ ကျောင်းအုပ်ဖြစ်ပါသည်။ သူ့အသက်တာ၌အပျော်ရွှင်ဆုံးတစ်ခုမှာ လူ ငယ်များအားသခင်ယေရှုခရစ်၏ ထိရောက်သောအစေခံကျွန်ကောင်းများ ဖြစ်လာရန် ပြုစုပျိုးထောင်ခြင်းဖြစ်သည်။ ထိုရည်ရွယ်ချက်ကိုရှေ့ရှုကာ ကြိုး စား၍လုပ်ဆောင်ခဲ့သည်။ သူ့၏ဦးဆောင်မှုအောက်တွင် ထိုဓမ္မတက္ကသိုလ် သည် ဝိညာဉ်ရေးရာနှင့်ပညာရေးရာ၌ထူးမြတ်ခြင်းကြောင့် နာမည်ကောင်း ရခဲ့သည်။

သို့ရာတွင် ရောဘတ်ဆင်ဘဝ၏အောက်ခြေမှာ ပြိုလဲရတော့မည့် အခြေအနေသို့ ရောက်လာသည်။ သူ၏ဇနီး မူရီးလ် (Muriel)မှာ မှတ် ဉာဏ်ပျောက်၍ပြောခဲ့ပြီးသောပုံပြင်ကို ထပ်ခါတလဲလဲပြန်ပြောသည်။ ထို့ နောက် သူသည် စာမဖတ်တတ်တော့ပဲ တတ်ကျွမ်းခဲ့သောအနုပညာကို လည်း မေ့ပျောက်ခဲ့သည်။ လူအများနှင့်ဆိုင်သောအမှုတော်လုပ်ငန်းအားလုံး ရပ်ဆိုင်းပစ်ရသည်။ တဖြည်းဖြည်းမှေးမှိန်လာသောဇနီးသည်၏ဘဝကို စောင့်ကြည့်ရသည်မှာ ရောဘတ်ဆင်အတွက် နာကျင်ဝမ်းနည်းစရာဖြစ်ခဲ့ သည်။ နောက်ဆုံးတွင်ဆရာဝန်က သူမအား ခရစ်ဝင်ကျမ်း (၄) ကျမ်းကို ပြောခိုင်းသောအခါ မပြောနိုင်သည့်အတွက် သူ့ရောဂါသည် မှတ်ဉာဏ် ပျောက်ရောဂါ (Alzheimer) ဖြစ်ကြောင်း အတည်ပြုရသည်။

သူသည် ရောဘတ်ဆင်၏သစ္စာရှိသောဇနီးသည်ကောင်းအဖြစ် နှစ်ပေါင်းများစွာရပ်တည်ခဲ့သည်။ ဇနီးသည်၏ကူညီပံ့ပိုးမှုမပါပါက၊ သူ၏ အမှုတော်လုပ်ငန်းသည် ထိုသို့အောင်မြင်မည်မဟုတ်ပါ။ သူ ဘာဆက်လုပ်

သင့်သလဲ။ ဓမ္မတက္ကသိုလ်၌အမှုတော်ဆက်လက်လုပ်ဆောင်နိုင်ရန် ဇနီးသည်ကိုစောင့်ပေးမည့်သူတစ်ဦး ငှါးရမလား။ သို့မဟုတ်၊ သူ့အား နှစ်ပေါင်းများစွာပြုစုခဲ့သောဇနီးသည်ကို သူကိုယ်တိုင်ပြုစုရန် အလုပ်မှထွက်ရမည်လော။

ဆုံးဖြတ်ချက်သည် သူ၏လုပ်ဖော်ဆောင်ဖက်များအတွက် ရှင်းနေပါသည်။ ဓမ္မတက္ကသိုလ်၌ဦးဆောင်မှုဆက်လက်လုပ်နိုင်ရန် သူ၏မိတ်ဆွေများကလည်း မူရီလ်အား မေတ္တာစေတနာနှင့် ပြုစုကူညီချင်ကြသည်။

သို့ရာတွင် မင်္ဂလာဆောင်စဉ်က နာမကျန်းသည်ဖြစ်စေ၊ ကျန်းမာသည်ဖြစ်စေ၊ သေသည့်တိုင်အောင်ဇနီးနှင့်အတူနေပါမည် ဟု ကတိသစ္စာပြုခဲ့သည်မဟုတ်လား။ ယခုတွင်သူ ဖျားနေသည့်အချိန်၌ ပြုခဲ့သောထိုကတိသစ္စာကိုဖျက်သိမ်း၍မရပါ။ ဘုရားသခင်သည် မူရီလ်အသက်တာ၌ နိမိတ်လက္ခဏာပြုနိုင်သည်။ မပြုလျှင် ရောဘတ်ဆင်အသက်တာ၌ပြုနိုင်သည်။ သူဘာလုပ်ရမည်နည်း။ သူပြုခဲ့သောကတိသစ္စာကို စောင့်ထိန်းရမည်လော။

မှန်ပါသည်။ သူ၏ကတိသစ္စာကိုစောင့်ထိန်းရမည်။ ရောဘတ်ဆင်သည် စိတ်နှင့်ရုပ်ပိုင်းဆိုင်ရာဆုတ်ယုတ်သွားသော ဇနီးသည် မူရီလ်အားပြုစုစောင့်ရှောက်ရန် ဓမ္မတက္ကသိုလ်ကျောင်းအုပ်ရာထူးမှနုတ်ထွက်ခြင်းကြောင့် ခရစ်ယာန်အသိုင်းအဝိုင်းက အံ့အားသင့်ခဲ့ကြသည်။ ကာလအချိန်တန်သောအခါ ဆုံးဖြတ်ချက်ကိုအတည်ပြုခဲ့သည်။ ဤအမှုကိစ္စသည် တည်ကြည်မှုနှင့်ဆိုင်သည်။ ကျွန်တော်၏ရာထူးကို ဥပက္ခာပြု၍နုတ်ထွက်ပြီး လုပ်ဆောင်ရမည့်ဝတ္တရားမှာ ကြောက်စရာကောင်းသောအလုပ်လည်း မဟုတ်ပါ။ သူသည် ကျွန်တော့်အား အနှစ်လေးဆယ်နီးပါးသစ္စာရှိစွာဖြင့် ပြုစုခဲ့ပြီဖြစ်သည့်အတွက် ယခုကျွန်တော့်၏အလှည့်ဖြစ်ပါသည်။ သူသည် အံ့သြဘွယ်ကောင်းသော ကျွန်တော့်ရဲ့ဇနီးသည်ပါ။ ကျွန်တော် သူ့ကို အနှစ်လေးဆယ်ကြာပြုစုမည်ဆိုတောင်မှ ကျွန်တော့်အပေါ်သူပြုခဲ့သောမေတ္တာအကြွေးကိုဆပ်နိုင်မည်မထင်ပါ။

ရောဘတ်ဆင်သည် မှတ်ဉာဏ်မရှိတော့သည့် ဇနီးသည် မူရီလ်အား (၁၇) နှစ်တိုင်တိုင် ပြုစုစောင့်ရှောက်ခဲ့သည်။ သူက ဤသို့ရေးသားခဲ့သည် -



"ယခုအချိန်ဟာ ညသန်းခေါင်ယံဖြစ်တယ်။ တခါတရံတွင် အာရုံဦးအချိန်ဘယ်တော့ရောက်လာမလဲ" ဟု ကျွန်တော် အံ့အားသင့်စွာဖြင့်စောင့်မျှော်တတ်သည်။ ကြောက်မက်ဘွယ်ကောင်းသော မှတ်ဉာဏ်ပျောက်ရောဂါ(Alzheimer) သည် သူ့အား စောစောစီးစီး ညဉ်းဆဲမည်မထင်ပါ။ ငြိမ်သက်နေသော မူရီးလ်သည် ရောင့်ရဲခြင်းအပြည့်နှင့်အလွန်ချစ်စရာကောင်းပါသည်။ သခင်ယေရှုဘုရားက သူ့အား အိမ်တော်သို့ခေါ်ပါက သူ့ရဲ့နူးညံ့သိမ်မွေ့ခြင်းနှင့်ထင်ရှားရှိနေခြင်းကို ကျွန်တော်လွမ်းဆွတ်သတိရမှာ သေချာပါသည်။ နာကျင်ခြင်းဝေဒနာ ခံစားရသည့်အချိန်လည်း တခါတရံ ရှိတတ်ပါသည်။ ထိုအရာက ကျွန်တော့်အား စိတ်မဆိုးစေပါ။ ကျွန်ုပ်၏ဝိညာဉ်ကိုရင့်ကျက်စေပါ ၊ ဟု လူပျိုဘဝက ကျွန်တော်၏ဆုတောင်းချက်ကို ဘုရားက အဖြေပေးခြင်းဖြစ်ပေမည်။

မူရီးလ် မတ်တပ်ရပ်၍လမ်းလျှောက်နိုင်သေးသည့်အချိန်က မတော်တဆအဖြစ်အပျက်များ ဖြစ်ခဲ့ဖူးပါသည်။ တစ်နေ့တွင် သူသည် အိမ်သာထဲမှာရပ်နေပြီး ကျွန်တော်သူ့အနားမှာဒူးထောက်ရင်း အညစ်အကြေးများကိုရှင်းနေသည်။ ကျွန်တော် မပြီးသေးပဲ သူက အိမ်သာမှထွက်ရန်အရင်လိုနေသောအခါ၊ ခဏရပ်ရန်သူ၏ခြေသလုံးကို ကျွန်တော်လက်နှင့်ရိုက်လိုက်မိသည်။ ကျွန်တော် နာနာမရိုက်ခဲ့သော်လည်း သူထိတ်လန့်သွားပြီး၊ ကျွန်တော်လည်း ထိုကဲ့သို့ဖြစ်သွားသည်။ အိမ်ထောင်သက် (၄၄) နှစ်အတောအတွင်းမှာ တစ်ကြိမ်တစ်ခါမျှ သူ့ကို စိတ်ဆိုးရင်းနှင့်ထိမိခြင်း၊ သွန်သင်ဆုံးမခြင်း မပြုခဲ့ဖူးပါ။ အမှန်ပါ။ တစ်ခါမှမပြုခဲ့ပါ။ သို့ သော် ယခုသူက ကျွန်တော့်ကိုအထူးလိုအပ်နေသည့်အချိန်မှာ ထိုကဲ့သို့ပြုခဲ့မိသည်။

ကျွန်တော်ရှိုက်၍ငိုပြီး သူနားမလည်နိုင်သော်လည်း ကျွန်တော့်ကို ခွင့်လွှတ်ဘို့ တောင်းပန်လိုက်သည်။ ကျွန်တော်ဘုရားသခင်ထံသို့ ချဉ်းကပ်ကာ၊ ကျွန်တော့အမှားကို ဝန်ချတောင်းပန်ခဲ့ပါသည်။ ကျွန်တော့်အသက်တာပုံမှန်ပြန်ဖြစ်ရန် ရက်အတော်ကြာခဲ့ပါသည်။ တစ်နေ့ကျရင် သောကမီးလောင်စေမည့် မီးကိုငြိမ်းသတ်ဘို့ရန် ဘုရားသခင်က ထိုမျက်ရည်များကိုပုလင်းဗူးထဲ၌ ထည့်ထားကောင်းထည့်ထားမည်။"

ရောဘတ်ဆင်မက်ကွီလ်ကင်းသည် မှတ်ဉာဏ်ပျောက်ရောဂါခံစားသောဇနီးအား ပြုစုစောင့်ရှောက်ရန် ဓမ္မတက္ကသိုလ်၌ နှစ်ဆယ့်နှစ်နှစ် လုံး

လုံးတာဝန်ယူခဲ့သော ကျောင်းအုပ်ရာထူးကိုလက်လွှတ်ခဲ့သည်။

ဤဖြစ်ရပ်ကို ခရစ်ယာန်မဂ္ဂဇင်း “Christianity Today” ၌ ထည့်သွင်းပုံနှိပ်ခဲ့သည်။ ဤအကြောင်းကိုဖတ်ရှုသူတိုင်း မျက်ရည်ကျကြသည်။ အချို့သောယုံကြည်သူလင်မယားတို့သည် မင်္ဂလာဆောင်စဉ်က သူတို့ဆိုခဲ့သော ကတိသစ္စာကိုပြန်လည်ဆန်းသစ်စေကြသည်။ အချို့တို့သည် ထိမ်းမြားခြင်း၏သန့်ရှင်းမြင့်မြတ်မှုကို အသစ်တဖန်အားရနှစ်သက်လာကြသည်။ များစွာသောသူတို့သည် ရောဘတ်ဆင်၏အသက်တာ၌ သခင်ယေရှုပေါ်လွင်ထင်ရှားကြောင်းသိမြင်လာကြသည်။



# တစ်ဆယ့်တစ်

## ကျွန်ုပ်၏ပဲ့ထိန်းသူ (ကပ္ပတိန်)
My Captain

မာဆာချူးဆက်ပြည်နယ်၊ မဲလ်ရိုစ် (Melrose) မြို့၌ရှိသော ကျောင်းဆရာမတစ်ဦးက သူ၏တပည့်များအား ဝီလျံအားနစ်ဟင်းလေး (William Ernest Henley) စပ်ဆိုထားသောကဗျာကို အလွတ်ကျက်မှတ်ပြီး စာသင်ခန်း၌ ရွတ်ဆိုခိုင်းသည်။ ဤကဗျာမှာ အင်္ဂလိပ်စာပေလောက၌ စံတင်လောက်သော ကဗျာတစ်ပုဒ်ဖြစ်သောကြောင့် ဆရာမက သူ၏ကျောင်းသူ/သားများအား ထိုကဗျာကိုသိစေချင်သည်။ ထိုကဗျာ၏ တန်ခိုး၊ လွတ်လပ်မှုနှင့်ရဲရင့်မှုတို့က အတွေးခေါ်မရှိသောသူတို့အား သက်ဝင်လှုပ်ရှားစေသည်။ ကဗျာ၏ခေါင်းစဉ်မှာ လက်တင်ဘာသာဖြင့်"Invictus" ဖြစ်ပြီး မအောင်မြင်ခြင်း (Unconquered)ဟု အဓိပ္ပါယ်ရသည်။

အမှန်မှာ၊ ကဗျာသည် ခရစ်ယာန်ယုံကြည်ခြင်းနှင့်ဆန့်ကျင့်ဘက်ဖြစ်သည်။ ဘုရားတည်ရှိခြင်းကိုမေးခွန်းထုတ်ကာ၊ တည်ရှိပါကလည်း ပြက်ယယ်ပြုပြောဆိုထားသည်။ ကဗျာရေးစပ်သူသည် သူ၏ပင်ကိုယ်လုံလောက်မှုကို ဝါကြွားသည်။ သူ၏ကံကြမ္မာအတွက် အဆုံးအဖြတ်ပေးရန်နှင့်လုပ်ရမည့်အရာများကိုသွန်သင်ပြောဆိုရန် ဘုရားမလိုအပ်ဟု ခံယူကာ အနန္တတန်ခိုးရှင်ထာဝရဘုရားအား အန်တုသည်။ ကဗျာမှာအောက်ပါအတိုင်းဖြစ်သည်။

**မအောင်မြင်သူ**

* အမှောင်ဖုံးလွှမ်း၊ ငါ့ရဲ့ဘဝ
မဲမှောင်အတိ၊ ချိုင့်ဝှမ်းပမာ
ဘယ်ဘုရားမဆို၊ ကျေးဇူးတင်လျက်
အုပ်စိုးကင်းမဲ့ ၊ ငါ့ဝိညာဉ်အတွက်။

** ဆိုးညစ်ဝန်းကျင်၊ ရိုက်ခတ်သော်လည်း
အော်ဟစ်ငိုကြွေး၊ တွန့်ဆုတ်ခြင်းမရှိခဲ့
ဒုက္ခဆင်းရဲ၊ ကြုံတွေ့မှုအောက်
ခက်ခဲပင်ပန်း၊ သွေးထွက်သည့်တိုင်
ခေါင်းကိုမညွှတ်။

*** ဒေါသမျက်ရည်၊ ကျော်လွန်ပြီးတိုင်း
ထိတ်လန့်ခြင်း၏၊ အရိပ်မည်းအောက်
ခြောက်ခြားနှစ်များ၊ ကြုံတွေ့ရလည်း
ရင်ဆိုင်တိုက်ခိုက်၊ မကြောက်တော့ပါ။

**** တံခါးဝသို့တိုင်၊ လမ်းဖြောင့်ဖြူးလည်း
ပြစ်ဒဏ်စာရင်း၊ ချမှတ်ကာမူ
ငါသည်သာ၊ ငါ့ကံကြမ္မာ၏သခင်
ငါသည်သာ၊ ငါ့ဝိညာဉ်ပဲ့ထိန်းသူတည်း။

ကဗျာ၌ပါသော စာသားများသည် ခရစ်ယာန်ဖြစ်သော ကျောင်းသူမလေး ဧဒစ်ဗဲလ် (Edith Vail) အတွက် မခံမရပ်နိုင်သော ပြဿနာဖြစ်စေသည်။ ထိုကဗျာကို စာသင်ခန်းရှိကျောင်းသူ/သားများရှေ့၌ ရွတ်ဆိုခြင်းသည် မိမိ၏ယုံကြည်ခြင်းကို ငြင်းပယ်ခြင်းဖြစ်သည်ဟု ခံယူသည်။ ထိုသို့ပြုခြင်းသည် သခင်နှင့်ပဲ့ထိန်းသူအဖြစ်သူလက်ခံခဲ့သောသူကို ရှုတ်ချခြင်းဖြစ်သည်။

အမှန်မှာ၊ ထိုသို့ပြုခြင်းသည် သူ၏သခင်နှင့်ကယ်တင်ရှင်အပေါ်၌ လုံးလုံးပြစ်မှားရာရောက်သည်ဟု သူခံစားခဲ့သည်။

သူ့အတွက် တစ်ခုပဲလုပ်စရာရှိသည်။ သူသည် ဆရာမဆီသို့သွားကာ၊ သူ၏အခြေအနေကို ယဉ်ကျေးစွာဖြင့်ရှင်းပြလိုက်သည်။ သူသည် ဆရာမအား ရန်လို၍မဟုတ်၊ မလေးမခန့်ပြုခြင်းလည်းမဟုတ်ပါ။ ဆရာမသည် သူမနှင့်အတူကြိုးစား၍ဆွေးနွေးကြသည်။ ဧဒစ်ဗဲလ်အနေဖြင့် ကဗျာထဲ၌ပါသောအချက်အလက်များကို သဘောတူလက်ခံစရာမလိုပဲ၊ စာပေလောက၏ကြီးမြတ်သည့်အခန်းကဏ္ဍာမှာ အပိုင်းအစတစ်ခုအနေဖြင့် သိရှိနားလည်ရန်သာဖြစ်သည်ဟု ဆရာမကရှင်းပြသော်လည်း အသုံးမဝင်ဖြစ်ခဲ့သည်။ ဧဒစ်ဗဲလ်က သူ၏ခံယူချက်ကိုအပေးအယူလုပ်၍မရပါဟု လက်ချောင်းကလေးဖြင့် သဲပေါ်တွင်စာရေးလိုက်သည်။

ထိုအခါ ၊ ဆရာမက ဧဒစ်ဗဲလ်ကို ဆရာသမားများအား အာခံသူအဖြစ်မှတ်ယူကာ၊ ကျောင်းအုပ်ချုပ်ရေးမှူးထံသို့တိုင်ကြားလိုက်သည်။ ထိုသတင်းသည် ဤနေရာ၌တင်မရပ်ပဲ၊ မြို့တွင်းသတင်းဌါနအထိပင်ရောက်ရှိခဲ့သည်။ မကြာခင်မှာပဲ၊ သတင်းစာ၏ရှေ့မျက်နှာဖုံးများတွင် သူ့ဆရာမ၏စကားကိုခေါင်းမာစွာဖြင့်ငြင်းဆန်သောသူဟု ဖေါ်ပြကာ၊ ဧဒစ်ဗဲလ်ကိုနိုင်ငံတော်၏အလံကိုအလေးပြုရန်ငြင်းဆိုသော ယေဟောဝါသက်သေခံများနှင့်နှိုင်းယှဉ်၍၊ အမေရိကန်ကိုဆန့်ကျင်သည့် အယူဝါဒလွဲမှားသောအဖွဲ့ဝင်တစ်ဦးဖြစ်သည်ဟု သတင်းလွှင့်ကြသည်။

ထိုဒေသ၌ရှိသောခရစ်ယာန်တို့သည် ဧဒစ်အတွက် စိတ်အားထက်သန်စွာဖြင့် ဆုတောင်းပေးကြသည်။ ထို့နောက်၊ ယုံကြည်သူအမျိုးသမီးတစ်ဦး ဧဒစ်ထံသို့လာကာ၊ အကြံကောင်းတစ်ခုပေးသွားသည်။ သူကဒေါ်ရော်သီဒေး (Dorothy Day) ရေးသည့် ခရစ်ယာန်ခံယူချက်အတိုင်းဖြစ်သော ဟဲင်းလေး၏ကဗျာ(Henley's Poem) တစ်ပုဒ်ရှိတယ်။ ဆရာမက ဧဒစ်အား ဤကဗျာကိုအစားထိုးရွတ်ဆိုခွင့်ပြုနိုင်တယ်၊ ဟုပြောခဲ့သည်။ ပြောသည့်အတိုင်းဖြစ်ခဲ့သည်။ ဧဒစ်က ခရစ်ယာန်ခံယူချက်အတိုင်း ရေးသားထားသောထိုကဗျာကို သူမ၏ဆရာမအား ပြသောအခါ ၊ ဆရာမကသဘောတူလက်ခံသဖြင့် အလွန်အံ့အားသင့်ခဲ့သည်။ ဧဒစ်သည် အတန်းရှေ့၌မတ်တပ်ရပ်လျက် အောက်ဖေါ်ပြပါ ကဗျာကိုရွတ်ဆိုလိုက်သည်။

**ပဲ့ထိန်းသူ**

* အလင်းပေါ်ထွန်း၊ ငါ့ရဲ့ဘဝ
ရောင်ဝါတောက်ပ၊ နေမင်းပမာ
ထာဝရဘုရားအား၊ ကျေးဇူးတင်လျက်
ငါ့ဝိညာဉ်အုပ်စိုးသူ၊ ခရစ်တော်အတွက်။

** ခရစ်တော်ရှင်သန်၊ ပတ်ဝန်းကျင်ကြောင့်
အော်ဟစ်ငိုကြွေး၊ တွန့်ဆုတ်ခြင်းမရှိပဲ
သူ၏စနစ်တကျ၊ အုပ်ချုပ်မှုအောက်
ပျော်ရွှင်ဝမ်းမြောက်၊ နှိမ့်ချစွာဖြင့်
ခေါင်းကိုညွတ်လျက်။

*** အပြစ်နှင့်မျက်ရည်၊ ကျော်လွန်ပြီးတိုင်း
ကူညီမစ၊ အတူရှိလျက်
ခြောက်ခြားနှစ်များ၊ ကြုံတွေ့ရလည်း
စောင့်ထိန်းမှုကြောင့်၊ မကြောက်တော့ပါ။

**** ကြောက်ရွံ့ခြင်းကင်း၊ တံခါးဝဆီသို့
ပြစ်ဒဏ်စာရင်းမှ၊ ပယ်ဖျက်ပေးလျက်
ခရစ်တော်သည်သာ၊ ငါ့ကံကြမ္မာ၏သခင်
ခရစ်တော်သည်သာ၊ ငါ့ဝိညာဉ်ပဲ့ထိန်းသူတည်း။

ဘုရားသခင်သည် လူ၏အမျက်ဒေါသထွက်ခြင်းကို သူ့အားချီးမွမ်းရန်ဖြစ်စေခဲ့သည်။ ခရစ်တော်အပေါ်၌သစ္စာရှိခြင်းအတွက် ပုတ်ခတ်စော်ကားခြင်းကိုခံရန်ရွေးခဲ့သည့် ရဲရင့်သောလူငယ်ယုံကြည်သူအား ခိုင်မာစွာရပ်တည်စေခဲ့သည်။ ထိုနည်းဖြင့် ဘုရားသခင်သည် များစွာသောယုံကြည်သူတို့အား ခရစ်တော်ဘုရားအပေါ်၌သစ္စာရှိခြင်းကို ပြသနိုင်ရန် လုပ်ဆောင်ခဲ့သည်။ လောကသားအားလုံးက သင့်ကိုဆန့်ကျင်နေသည့်အချိန်တွင် သင်သည် သခင်ယေရှုအပေါ်၌သာ တည်ကြည်ရန်လိုအပ်ပါသည်။

ဒေစ်ဗဲလ်သည် သူ၏သခင်အပေါ်၌သစ္စာရှိ၍ တည်ကြည်သောသူတစ်ဦးဖြစ်ခဲ့ပါသည်။



# တစ်ဆယ့်နှစ်

## အပယ်ခံသူ၏မိတ်ဆွေ
## Friend of the Social Reject

ဂျက်ဝီရစ်ဇင်(Jack Wyrtzen)သည် နယူးယော့မြို့ရှိ Word of Life Camp ၏ညွှန်ကြားရေးမှူးဖြစ်သည်။ နွေရာသီလများသည် ကျမ်းစာသင်တန်း၊ လူငယ်စခန်းနှင့်အခြားအစီအစဉ်များဖြင့် ပြည့်လျက်ရှိသည်။ ထိုအစီအစဉ်အားလုံးတို့သည် ပျောက်ဆုံးသောဝိညာဉ်များကို ခရစ်တော်ထံသို့ပို့ဆောင်ရန်၊ ယုံကြည်သူများကို ယုံကြည်ခြင်း၌တည်ဆောက်ရန်နှင့် ဒေသန္တာရအသင်းတော်များအား တောင့်တင်းခိုင်မာစေရန်ဖြစ်သည်။ ဂျက်သည် ဝိညာဉ်ရေးရာနှင့်လူမှုရေးရာ၌ အားသန်သောခေါင်းဆောင်တစ်ဦးဖြစ်သည်။ သူ၏နေ့ရက်များသည် စီမံခန့်ခွဲမှုတာဝန်၊ ဒေသနာပြင်ဆင်ခြင်း၊ ဧည့်သည်များနှင့်တွေ့ဆုံခြင်းအပြင်၊ Camp ကောင်းမွန်စွာလည်ပတ်နိုင်ရန် အခြားအရေးကြီးသောတာဝန်များဖြင့်ပြည့်နေသည်။

တစ်ခါက၊ နှစ်လိုဖွယ်မကောင်းသော မသန်မစွမ်းခရစ်ယာန်တစ်ယောက်သည် လူကြီးကျမ်းစာသင်တန်းသို့တက်လာသည်။ သူသည် ထမင်းစားခန်း၌ ထမင်းစားသောအခါ ၊ လူအများသတိထားမိသည့်အရာ တစ်ခုရှိသည်။ သူထမင်းမစားမီတွင် တစ်ယောက်က သတင်းစာတစ်ရွက်ကို သူ၏မေးရိုးအနား၌ကပ်လျက် ရင်ဘတ်ကိုလည်းဖုံးအုပ်ပေးသည်။ ပါးစပ်ထဲသို့အစာထည့်သောအခါ အနည်းငယ်သာမျိုချနိုင်ပြီး အများစုကထိုသတင်းစာရွက်ပေါ်သို့ကျလာသည်။ အဘယ့်ကြောင့်ဆိုသော် သူ၏အကြောတို့သည် ထုံလျက်၊ အလုပ်မလုပ်သောကြောင့်ဖြစ်သည်။ သူဘာမျှမတတ်နိုင်ပါ။ ဂျက်နှင့်ထိတွေ့သော မသန်မစွမ်းများစွာထဲမှ ထိုသူသည် တစ်ဦးအပါအဝင်ဖြစ်သည်။ သို့ရာတွင်ထိုသူသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အလွန်နှစ်သက်သောကြောင့် ထိုသင်တန်းသို့ အလွန်တက်ချင်ခဲ့သည်။

အခြားဧည့်သည်များက ထိုသူနှင့်စားပွဲတစ်လုံးထဲ၌မထိုင်ချင်ကြပဲ ရှောင်ကြသည်။ ထိုထမင်းစားချိန်သည် အဆင်မပြေလှပါ။ ထိုသူကြောင့် တစ်ချို့ကအန်ကြပြီး၊ တစ်ချို့က စားချင်စိတ်မရှိကြတော့ပါ။ ထို့ကြောင့် ထိုသူသည် စားပွဲတစ်လုံး၌ သူတစ်ယောက်တည်း အမြဲထိုင်၍စားသည်။

ဂျက်သည် များပြားလွန်းသောတာဝန်များကြောင့် ထမင်းစားချိန် နောက်ကျတတ်သည်။ သူထမင်းစားရန်ဝင်လာသောအခါ ဧည့်သည်များက ထမင်းစားရင်း စကားလက်ဆုံပြောနေကြပြီဖြစ်သည်။

ဧည့်သည်များက ဂျက်ဝင်လာသည်ကိုတွေ့ကြသောအခါ ၊ လက်များကိုရမ်းလျက် သူတို့၏စားပွဲဝိုင်း၌လာထိုင်ရန် ဖိတ်ခေါ်ကြသည်။

သို့သော် ဂျက်ကသူတို့၏စားပွဲဝိုင်းများ၌မထိုင်ပဲ၊ စွန့်ပယ်ခြင်းခံ၍ တစ်ယောက်တည်းစားနေသော ထိုညီအစ်ကိုထိုင်သည့် စားပွဲ၌ထိုင်ခဲ့သည်။ ထိုသို့ပြုမူခြင်းသည် ခရစ်တော်၏ကျင့်ကြံပြုမူခြင်းမျိုးဖြစ်သည်။ ဂျက်သည် သူ၏အကောင်းဆုံးဒေသနာတစ်ခု ဟောခွင့်ရခဲ့သည်။ ကယ်တင်ရှင်ယေရှုဘုရားက အငယ်ဆုံးသောသူ၊ စွန့်ပယ်ခြင်းခံသောသူနှင့်အနိမ့်ဆုံးသော သူတို့အား နှိမ့်ချစွာပြုမူသကဲ့သို့ ကျွန်ုပ်တို့လည်း အနိမ့်ကျဆုံးသောသူတို့အား နိမ့်ချစွာဖြင့်ဆက်ဆံရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဂုဏ်စည်းစိမ်ကို ငဲ့ကွက်ခြင်းမရှိပဲ၊ နိမ့်ကျသောသူတို့အား အပေါင်းအဖော်လုပ်ကြရန် ဖြစ်သည် (ရောမ၊ ၁၂း၁၆) ဟု ဂျက်က ငြိမ်သက်စွာဖြင့်ဟောပြောခဲ့သည်။

ထိုသူတို့သည် သူတို့၏စားပွဲဝိုင်း၌ ဂျက် လာထိုင်ခြင်းကိုဂုဏ်ယူကြသည်။ နောက်ပိုင်းတွင် ဂျက်သည် တိုးတက်ကြီးပွားသော ခရစ်ယာန်အဖွဲ့အစည်းတစ်ခု၏ ရေဒီယိုအစီအစဉ်၌ထင်ရှားသူ၊ လူသိများသော ဧဝံဂေလိဆရာနှင့်သာသနာလုပ်ငန်း၏ညွှန်ကြားရေးမှူး (ဒါရိုက်တာ) ဖြစ်လာသည်။ ထိုသင်တန်းသို့တက်ရောက်သောသူတို့သည် ဒါရိုက်တာဂျက်နှင့် ရင်းနှီးခွင့်ရကာ ၊ အိမ်ပြန်ရောက်သောအခါ သူငယ်ချင်းများအား သူတို့ ဂျက်ကိုသိသည့်အကြောင်း ဂုဏ်ယူပြီးပြောပြရန်စိတ်ကူးယဉ်ခဲ့ကြသည်။ သို့ရာတွင် ဂျက်သည် စိတ်သဘောတော်နှင့်အညီ နိမ့်ချသောသူဖြစ်သောကြောင့် ထိုသူတို့သည် ထမင်းစားခန်းထဲ၌ ဂျက်နှင့်ရင်းနှီးခွင့်မရကြပဲ၊ စွန့်ပယ်ခြင်းခံသောသူက ရင်းနှီးခွင့်ရခဲ့သည်။



# တစ်ဆယ့်သုံး

## အဆိုးကိုအကောင်းနှင့် တုံ့ပြန်ခြင်း[၁၄]

## Hatred with Kindness

ကျူးဘားစ် (Cubas) ဟူသောနာမည်ပိုင်ရှင်ကို ကျူးဘားလူမျိုး (Cuban) ဖြစ်မည်ဟု သင်မှတ်ယူပါမည်။ သို့သော် သူသည် ကျူးဘားလူမျိုး မဟုတ်ပါ။ အော်စကာကျူးဘားစ် (Oscar Cubas)သည် ဟွန်ဒူးရပ်စ်နိုင်ငံသား (Honduras) ဖြစ်ပြီး၊ နိုင်ကာရာဂွါ နိုင်ငံ၌ ဘုရားသခင်၏အမှုတော်ကိုဆောင်သောသူဖြစ်သည်။ ဟွန်ဒူးရပ်စ်နိုင်ငံရှိ ညီအစ်ကိုအသင်းတော်များမှ ပထမဦးဆုံးစေလွှတ်သော အချိန်ပြည့်သာသနာပြုဆရာဖြစ်သည်။ ဘုရားသခင်သည် သူ့ကိုအသုံးပြု၍ တာခီလ်(Tauquil) ရွာ၌ ဓမ္မသစ်အသင်းတော်တစ်ပါး တည်ထောင်ခဲ့သည်။

အော်စကာသည် ခေတ်ပညာတတ်မဟုတ်ပဲ၊ ရိုးသားသောခရစ်ယာန်တစ်ဦးသာဖြစ်သည်။ သူ၏အားအသန်ဆုံးအချက်တစ်ခုမှာ ဘုရားသခင်၏နှုတ်ကပတ်တော်၌ လေးနက်သောယုံကြည်ခြင်းရှိပြီး၊ ထိုနှုတ်ကပတ်တော်ကိုသူတစ်ပါးအား ပြန်လည်ဝေငှချင်သောဆန္ဒ အလွန်ပြင်းပြသည်။ ထို့အပြင်၊ သူသည် နှုတ်ကပတ်တော်သွန်သင်သည့်အတိုင်း လက်တွေ့ကျင့်သုံးအသက်ရှင်သည်။ ဆိုလိုသည်မှာ၊ သူသည် နိမ့်ချခြင်း၊ သီးခံခြင်း၊ မေတ္တာနှင့်ကြင်နာသနားခြင်းများဖြင့် အသက်ရှင်သည်။

တာခီလ်ကျေးရွာသည် ကွန်မြူနစ်ဝါဒီသမားများကြီးစိုးသည့်နေရာဖြစ်သည်။ ရွာသူရွာသားများသည် စန်ဒီနီးစ်တားစ် (Sandinistas) အား သက်ဝင်ယုံကြည်၍သစ္စာရှိကြသည်။ သို့ရာတွင်၊ ခရစ်တော်ကိုယုံကြည်လက်ခံသောသူ များလာကာ ၊ အသင်းတော် တဖြည်းဖြည်းကြီးလာသောအခါ၊ ကွန်မြူနစ်ဝါဒီလူဦးရေလျော့နည်းသွားသည်။ ထိုသို့ဖြစ်ရခြင်းမှာ၊ ရွာသူရွာသားများ နိုင်ငံရေး၌ ပါဝင်လှုပ်ရှားသောကြောင့်မဟုတ်ပါ။ သူတို့သည်

နိုင်ငံရေး၌လည်း မပါဝင်ကြပါ။ သူတို့၏အသက်တာသည် ဆားနှင့်အလင်းကဲ့သို့ဖြစ်သောကြောင့် ဝိညာဉ်ရေးရာ၌ အခြားသူများအား လွှမ်းမိုးနိုင်ကြသောကြောင့်ဖြစ်သည်။

အော်စကာသည် ဘုရားသခင်၏စစ်မှန်သောအစေခံကျွန်တိုင်းကြုံတွေ့တတ်သော ပြဿနာတစ်ခု ကြုံလာသည်။ အသင်းတော်နှင့်လုပ်ငန်းတိုးတက်လာသည်နှင့်အညီ အသင်းတော်အတွက် ဝတ်ပြုခန်းမဆောင်တစ်ခု လိုအပ်လာသည်။ ယုံကြည်သူတို့သည် နေအိမ်၌ ဝတ်ပြုစည်းဝေးလုပ်ကြက၊ သို့သော် ယခုတွင်မဖြစ်နိုင်တော့ချေ။ ယုံကြည်သူတို့၏အိမ်များသည် သေးငယ်လွန်းသောကြောင့် အသင်းတော်သည် ဝတ်ပြုခန်းမဆောင်နှင့် အော်စကာတို့မိသားစုအတွက်အိမ်ဆောက်ရန် မြေကွက်တစ်ကွက် ဝယ်ကြသည်။

ထိုအချိန်၌ ယုံကြည်သူတို့က ထိုမြေကွက်သည် ထိုရွာ၌ ကွန်မြူနစ်ခေါင်းဆောင်တစ်ဦးဖြစ်သော ဆန်းတူးစ်(Santos)၏ခြံနှင့်ကပ်လျက်ရှိသည်ကို မသိကြချေ။ ဤလူသည် ခရစ်ယာန်များကို မနှစ်သက်သောသူတစ်ယောက်ဖြစ်သည်။ သူသည် တာခီလ်ရွာ၌ ကွန်မြူနစ်ဝါဒခံယူကျင့်သုံးသူ လျော့နည်းသွားသည်ကိုနာကျည်း၍ မခံမရပ်နိုင်ဖြစ်ခဲ့သည်။ ထို့ကြောင့် သူသည် အော်စကာအား ပြဿနာစရှာလာသည်။ တစ်ခါက၊ ခြောက်သွေ့သော သစ်ပင်တစ်ပင်အားခုတ်လှဲမှုဖြင့် အော်စကာကိုတရားစွဲကာ ထောင်ထဲသို့ချခဲ့သည်။ အာဏာပိုင်တို့သည် ထိုအမှုကိုစစ်ဆေးသောအခါ ၊ ထုံးနည်းနှင့်မညီညွတ်ကြောင်းသိ၍၊ အော်စကာကို ထောင်မှလွှတ်ကြသည်။

အော်စကာက ကလဲ့စားချေပါသလား။ အိမ်နီးချင်းဆန်းတူးစ်အားပြစ်တင်ပြောဆိုခြင်းပြုပါသလား။ သူ့ကိုယ်သူ ခုခံကာကွယ်ပါသလား။ ထိုသို့မပြုခဲ့ပါ။ ထိုသို့ မကောင်းသောပြုမူခြင်းများကို မတုံ့ပြန်ပဲ၊ ခရစ်တော်ကဲ့သို့ သည်းခံ၍ရပ်တည်ခဲ့သည်။ သူ၏အံ့ဩဘွယ်ရာအသက်တာကို ရွာသူရွာသားများက အံ့အားသင့်ကြသည်။ တာခီလ်ရွာသားများ၏အကျင့်စရိုက်သည် ထိုကဲ့သို့မဟုတ်ပါ။

ဝတ်ပြုခန်းမဆောင်ဆောက်လုပ်ပြီးစီးသောအခါ ၊ အော်စကာသည် သူ၏မိသားစုအတွက် အိမ်တစ်လုံးဆောက်လိုက်သည်။ ဤအိမ်သည် ဆန်းတူးစ်၏ခြံစည်းရိုးနှင့်ကပ်လျက်ရှိသည်။ မီးဖိုချောင်အပိုင်းသည်



ဆန်းတူးစ်၏အိမ်နှင့်အနီးကပ်ဆုံးဖြစ်သည်။ ဤအခြေအနေသည် အိမ်နီးချင်းဆန်းတူးစ်အတွက် အဆိုးဆုံးအကျင့်စရိုက်ဖေါ်ထုတ်ရန် အခွင့်ကောင်းဖြစ်စေသည်။ သူသည် ခြံစည်းရိုးနှင့်အနီး မီးဖိုချောင်နှင့်ကပ်လျက် အိမ်သာတစ်လုံး ဆောက်ကာ၊ ထိုအိမ်သာမှအပုပ်နံ့များသည် အော်စကာ၏မီးဖိုချောင်ထဲသို့ဝင်၍ အစာစားတိုင်းအရသာပျက်စေပါသည်။

သို့သော် အော်စကာက ဘာမျှပြန်မပြောပါ။ ဆန်းတူးစ်နှင့်တွေ့တိုင်း ရင်းနှီးစွာဖြင့်နှုတ်ဆက်ကာ၊ ကလဲ့စားချေရန် လုံးဝမစဉ်းစားပါ။ စစ်ပြိုင်ခြင်းသည် ဘုရား၏အမှုအရာဖြစ်သည်ဟု ရိုးရှင်းစွာဖြင့်ယုံကြည်ကာ၊ ဘုရားသခင်၏ကယ်တင်ခြင်းချမ်းသာကို ငြိမ်ဝပ်စွာဖြင့်စောင့်မျှော်လျက်ကျေနပ်နေသည်။

ထိုအိမ်သာမှာ အင်ဂျင်နီယာပညာဖြင့် ကျွမ်းကျင်စွာ တည်ဆောက်ခြင်းမဟုတ်ပါ။ တနေ့၊ ဆန်းတူးစ်က ထိုအိမ်သာကိုအသုံးချနေစဉ်၊ အိမ်သာတစ်ခုလုံးပြိုကျသွားသည်။ မဖွယ်ရာသောမြင်ကွင်းဖြစ်ပေါ်ခဲ့သည်။ ထိုအခါ၊ အသရေပျက်သွားသောဆန်းတူးစ်သည် ဘုရားသခင်ကို သူဆန့်ကျင်ခဲ့ကြောင်းနှင့်ဆိုးဝါးစွာဆုံးရှုံးခဲ့ကြောင်းကို သိမြင်လာခဲ့သည်။ တာရှုမြို့သားရှောလုကဲ့သို့ တုတ်ချွန်ကိုခြေနှင့်ကန်သောသူ ဖြစ်သည်။ ထိုနေ့တွေ့ကြုံသောအဖြစ်အပျက်မျိုး နောက်တဖန်မတွေ့ကြုံချင်တော့ပါ။

ယခုတွင်သတင်းကောင်းထွက်လာပါသည်။ ယုတ်ညံ့သောအဖြစ်အပျက်ကို အကောင်းနှင့်အဆုံးသတ်ခဲ့သည်။ ထိုအဖြစ်အပျက်က ဆန်းတူးစ်ကိုခရစ်တော်ထံသို့ရောက်စေသည်။ ဤအဖြစ်မှန်ကို ကျွန်ုပ်တို့အားပြောပြသောသူက ဤသို့ပြောပါသည်- “ဆန်းတူးစ်က ခရစ်တော်အားမိမိကယ်တင်ရှင်၊သခင်အဖြစ် ယုံကြည်လက်ခံရုံသာမက၊ သူ၏အသက်တာကို လုံးဝဥဿုံဆက်ကပ်အပ်နှံလိုက်သည်။ ယခုတွင် သူသည် အသင်းတော်၌ပုံမှန်မိတ်သဟာယဖွဲ့လျက်၊ သစ္စာရှိသောခရစ်ယာန်ညီအစ်ကိုတစ်ဦးဖြစ်ရုံသာမက၊ အခြားသောသူတို့အား ဧဝံဂေလိတရားဝေငှသည်။”

ဆာလံဆရာက “အကြောင်းမူကား၊ ထာဝရဘုရားသည် မိမိလူစုကိုနှစ်သက်တော်မူ၏။ စိတ်နှိမ့်ချသောသူတို့ကိုကယ်တင်ခြင်းအားဖြင့်အသရေတင့်တယ်စေတော်မူ၏”(ဆာလံ ၁၄၉း၄)။ အော်စကာကဲ့သို့သောလူကို ဘုရားနှစ်သက်တော်မူသည်မှာ ကျွန်ုပ်တို့လွယ်ကူစွာမြင်နိုင်ပါသည်။

ဤရှိုးသားသောယုံကြည်သူသည် ခရစ်တော်၏ပုံစံကဲ့သို့ဖြစ်သည်။ သူသည် ဒုက္ခဆင်းရဲခြင်းကိုသည်းခံ၍ရပ်တည်ကာ၊ သူ၏လုပ်ပိုင်ခွင့်ကိုအသုံးမချပဲ၊ သူတစ်ပါး၏ပြစ်တင်စွပ်စွဲမှုကိုခံခဲ့သည်။ သူ့အားညှဉ်းဆဲသောသူများအတွက် ဆုတောင်းပေးကာ၊ ကျန်အပိုင်းကိုဘုရားလက်ထဲ၌အပ်နှံခဲ့သည်။ ဘယ်တော့မှကလဲ့စားမချေပါ။

အဘယ့်ကြောင့်ခရစ်ယာန်တို့သည် ကလဲ့စားမချေပဲ နေရသနည်း။ ကျွန်တော်တို့သည် လောကသားများကဲ့သို့ကျင့်ကြံပြုမူပါက သူတပါးက ခရစ်တော်၏ကောင်းမြတ်ခြင်းကို ကျွန်တော်တို့၏အသက်တာမှ သက်သေထင်ရှားစေသော အခွင့်အရေးဆုံးရှုံးသွားမည်။ ခရစ်တော်၏သက်သေဖြစ်ခြင်းနှင့်သူ၏ကယ်တင်ခြင်းကျေးဇူးတော်သက်သေခံခြင်း၌ နူးညံ့သိမ်မွေ့ခြင်းပါဝင်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော်၊ ခရစ်ယာန်တို့က ကလဲ့စားချေပါက၊ အသင်းတော်၏သာသနာလုပ်ငန်းတစ်ခုလုံးနှင့် ဧဝံဂေလိတရားသက်သေခံခြင်းအမှုတော်ကို ထိခိုက်စေပါသည်။[၁၅]



# တစ်ဆယ့်လေး

## ပါးတဘက်ကို လှည့်၍ပေးခြင်း[၁၆]

## He Turned the Other Cheek

ဤအဖြစ်အပျက်သည် စစ်ပွဲဖြစ်တိုင်း စစ်မှုထမ်းရန်ခေါ်ယူခြင်းခံသော ယောကျ်ားနှင့်မိန်းမများ တွေ့ကြုံသောအရာဖြစ်သည်။ မူလပထမ ပြောဆိုခြင်းကို အတိအကျသိဘို့ရန်မဖြစ်နိုင်သော်လည်း၊ ထိုကဲ့သို့သော အဖြစ်အပျက်မျိုး အကြိမ်ပေါင်းများစွာဖြစ်ခဲ့သည်မှာ သံသယရှိစရာမလိုပါ။

ဗြိတိသျှတရားဟောဆရာ ဒေါက်တာ ဂျေ၊ စတွတ်ဟိုလ်ဒင် (Dr. J. Stuart Holden) သည် စစ်ပွဲ၌ပါဝင်သော စစ်သားတစ်ဦး၏အဖြစ်မှန်ပြောဆိုချက်တစ်ခုကို အောက်ပါအတိုင်း ပြန်၍ ပြောပြပါသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် ဒေါက်တာဟိုလ်ဒင်သည် ထင်ပေါ်သောခရစ်ယာန်ဖြစ်သည့် ဗြိတိသျှစစ်သား တပ်ကြပ်ကြီးတစ်ဦးနှင့် အီဂျစ်နိုင်ငံတွင်တွေ့ဆုံခဲ့သည်။ သခင်ယေရှုကို ဘယ်လိုယုံကြည်လက်ခံခဲ့ပါသလဲ၊ ဟု မေးသောအခါ၊ ထိုတပ်ကြပ်ကြီးက၊ အီဂျစ်နိုင်ငံသို့ မလာခင်၊ ကျွန်တော်က မာလ်တာ (Malta) မှာ နေပါတယ်။ တခြားလူတို့အား သက်သေခံရန် မရှက်မကြောက်သော ခရစ်ယာန်စစ်သားတစ်ဦး သူ၏တပ်ထဲ၌ရှိကာ၊ သူ့၏မိတ်ဆွေများက သူ့အားနှောင့်ယှက်သော်လည်း သည်းခံပြီး ဂရုမစိုက်ပဲနေသည်ဟု ရှင်းပြသည်။

တပ်ကြပ်ကြီးပြောရာတွင် “တစ်ည၊ ကျွန်တော်တို့အားလုံး စခန်းသို့ပြန်လာသောအခါ၊ မိုးရေစိုပြီး၊ အလွန်မောပန်းကြသည်။ ထိုစစ်သားက အိပ်ယာမဝင်မီ ဒူးထောက်၍ဆုတောင်းသည်။ ရွှံ့ဗွတ်ပေကျံသည့်ကျွန်တော့်ဘွတ်ဖိနပ်တစ်ဘက်နှင့် သူ၏ပါးကိုရိုက်လိုက်သည်။ ထို့နောက် ကျန်ဖိနပ်တစ်ဘက်နှင့်ပါးတစ်ဘက်ကို ပစ်လိုက်သည်။ သို့သော် သူသည် ဆက်လက်၍ဆုတောင်းနေသည်။”

တပ်ကြပ်ကြီးဆက်ပြောရာတွင် "နောက်တစ်နေ့မိုးလင်းသောအခါ ကျွန်တော့်ကုတင်ဘေး၌ ပြောင်လက်စွာတိုက်ထားသော ကျွန်တော့် ဘွတ်ဖိနပ်ကိုတွေ့ရသည်။ ကျွန်ုပ်၏ရက်စက်မှုကို ထိုစစ်သားက ဤနည်းဖြင့်တုံ့ပြန်ခဲ့သည်။ သူ၏အပြုအမူက ကျွန်တော့်၏နှလုံးသားကိုရိုက်ခွဲကာ၊ ခရစ်တော်အကြောင်းကိုကြားနာပြီး၊ ထိုနေ့၌ပင်ကျွန်တော်ကယ်တင်ခြင်း ရရှိခဲ့ပါသည်။"

တပ်ကြပ်ကြီး၏ညှဉ်းဆဲမှုအပေါ် ထိုစစ်သား၏တုံ့ပြန်မှုမှာ ခရစ်တော်ပြောခဲ့သောစကားကို သရုပ်သဏ္ဍာန်ပေါ်အောင်သက်သေပြခြင်းဖြစ်သည်။ "သင်၏ပါးတစ်ဘက်ကိုပုတ်သောသူအား ပါးတစ်ဘက်ကိုပေးဦးလော့" (လုကာ၊ ၆း၂၉)။ သူ့သခင်၏နောက်တော်သို့လိုက်ခြင်းသည် အချည်းအနှီး မဖြစ်ခဲ့ပါ။

သတိတစ်ခုတော့ပေးချင်ပါသည်။ စစ်တပ်ထဲ၌ကိုယ်ခန္ဓာညှဉ်းဆဲခြင်းသည် ခရစ်တော်အတွက် အမြဲတမ်းသက်သေကောင်းဖြစ်သည်ဟု မမှတ်ယူသင့်ပါ။ လောကသားများက ခံယူချက်အပြည့်နှင့်ယုံကြည်ခြင်းဖြင့် ရပ်တည်သောယုံကြည်သူကို ကြည်ညိုလေးစားကြပါသည်။ ဘုရားသခင်သည် ကျွန်တော်တို့မခံနိုင်သော စုံစမ်းနှောင့်ယှက်ခြင်းကို ကျွန်တော်တို့၌ ရောက်စိမ့်သောငှါ အခွင့်မပေးပါ။



# တစ်ဆယ့်ငါး

## အနွေးဆုံးသောမီး

## The Warmest Fire

မာဒေါ့ကဲမ်းဘဲလ် (Murdoch Campbell)သည် သူရေးခဲ့သောစာအုပ် "ကျေးဇူးတော်မှဘုန်းအာနုဘော်တော်သို့" (From Grace to Glory)[၁၄] ထဲတွင် စကော့တလန်မြောက်ပိုင်း၌နေသော ဘုရားတရားကိုကိုင်းရှိုင်းသည့် အမှုတော်ဆောင်တစ်ဦး၏အကြောင်းကိုပြောပြခဲ့သည်။ ထိုအမှုတော်ဆောင်၏ဇနီးသည် ခင်ပွန်းသည်ကဲ့သို့မဟုတ်ပဲ၊ ဘုရားနှင့်သူ၏နှုတ်ကပတ်တော်ကိုချစ်ခင်မြတ်နိုးခြင်းမရှိချေ။ တစ်နေ့တွင်၊ သူသည် မီးလှုံရင်းနှင့်ကျမ်းစာအုပ်ကိုဖတ်ရှုနေစဉ် ဇနီးသည်စိတ်ဆိုးရင်းနှင့်ဝင်လာပြီး ခင်ပွန်း၏လက်ထဲ၌ရှိသောကျမ်းစာအုပ်ကိုယူကာ မီးထဲသို့ပစ်ချလိုက်သည်။

ထိုသို့သော ဘုရားတရားနှင့်ဆိုင်သောအရာဖျက်ဆီးခြင်းနှင့် စိတ်လိုက်မာန်ပါအ မျက်ထွက်ခြင်းကို ခရစ်ယာန်တစ်ယောက်အနေဖြင့်မည်သို့တုံ့ပြန်သင့်သနည်း။ သူသည် ထိုရိုင်းစိုင်းသောပြုမူခြင်းကို ကြမ်းတမ်းစွာပြစ်တင်ဆုံးမသင့်ပါသလား။ သို့မဟုတ်၊ ခရစ်တော်၏စိတ်သဘောထားကိုလက်တွေ့သက်သေပြနိုင်ရန် အခွင့်အရေးအဖြစ်အသုံးချသင့်ပါသလား။

ထိုအမှုတော်ဆောင်သည် ဒုတိယနည်းကိုရွေးချယ်လိုက်သည်။ သူ၏ဇနီးသည်ကိုစေ့စေ့ကြည့်ရှုပြီး၊ ညင်သာစွာဖြင့် "ဒီထက်ပိုနွေးတဲ့မီးငါတစ်ခါမှမလှုံခဲ့ဖူးဘူး" ဟု ပြောလိုက်သည်။ စံတင်လောက်သောဖော်ပြချက်တစ်ခုကို သုတ္တံကျမ်း၌တွေ့ရသည်- "ဖြည်းညှင်းသောစကားသည် စိတ်ကိုဖြေတတ်၏ (သုတ္တံ၊ ၁၅း၁)။ မစ္စတာကဲမ်းဘဲလ်က ဤသို့ရေးသားခဲ့သည် - "ခင်ပွန်းသည်၏သိမ်မွေ့သောတုံ့ပြန်မှုကြောင့် ဇနီးသည်၏အမျက် ပြေပျောက်သည့်အပြင်အသက်တာပြောင်းလဲသွားသည်။ သူ၏ယေဇဗေလ (Jezebel) သည် လီဒီယာ(Lydia) ဖြစ်လာကာ၊ ဆူးပင်သည်

တောနှင်းပန်းဖြစ်လာသည်။”

သို့ရာတွင်၊ အရေးကြီးသောသိမှတ်စရာတစ်ခုမှာ၊ ခရစ်ယာန်အမျိုးသမီးများသည် တိုက်ခိုက်သူများဖြစ်ခြင်းထက် ပို၍မကြာခဏ ဒုက္ခခံသူများဖြစ်သည်။

လင်ဒါ (Linda)သည် စံနမူနာတစ်ဦးဖြစ်သည်။ [၁၈] သူ ကယ်တင်ခြင်းမရမီ တိုနီ (Tony)နှင့် လက်ထပ်ခဲ့သည်။ သူက တိုနီသည် လူကောင်းတစ်ယောက်ဖြစ်ပြီး နှစ်သက်ဘွယ်ကောင်းသောသူတစ်ယောက်ဖြစ်သည်ဟု ထင်မှတ်ခဲ့သည်။

သို့သော်လည်း၊ သူတို့၏ပထမကလေးဖွားမြင်ပြီးမှ သူသည် ယုံကြည်သူတစ်ယောက်ဖြစ်လာကာ၊ တိုနီသည် အရှုံးသမားတစ်ယောက်ဖြစ်ကြောင်းသိခဲ့သည်။ သူသည် အပြင်ပန်းသဏ္ဍာန်ကိုကြည့်ပြီး ဆုံးဖြတ်ချက်မချသင့်ပါ။ တိုနီသည် အလုပ်မလုပ်ချင်ပဲ၊ မိသားစုစား၊ ဝတ်၊ နေရေးအတွက် တာဝန်ကင်းမဲ့စွာနေထိုင်သည်။ ထို့အပြင်သူသည် သေသောက်ကြူးသူ၊ မိန်းမလိုက်စားသူဖြစ်သည်။ တစ်ခါတစ်ရံ သူသည် မိသားစုကို လနှင့်ချီ၍ပစ်ထားပြီးမှ ဘာမှမဖြစ်သကဲ့သို့ အိမ်သို့ပြန်လာကာ လင်ဒါ၏ခင်ပွန်းအဖြစ်အတူပြန်နေသည်။ ဒုတိယကလေးဖွားမြင်သောအခါ ၊ နောက်တစ်ဖန် အိမ်မှပြန်ထွက်ကာ၊ လင်ဒါနှင့်ကလေးနှစ်ယောက်ထားခဲ့သည်။ သားအမိသုံးယောက်အတွက် စားဝတ်နေရေးကို မိခင်လင်ဒါမှ တာဝန်ယူလုပ်ဆောင်ရသည်။

ဝိညာဉ်သဘောနှင့်ပြည့်ဝသော ဇနီးသည်အနေဖြင့် လင်ဒါသည် ၁ပေ၊ ၃း၁-၂ ၌ ဖေါ်ပြထားသောပုံစံအတိုင်း လိုက်နာအသက်ရှင်ခဲ့သည်။

“အထက်ဆိုခဲ့ပြီးသည်နည်းတူ မိန်းမတို့ ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကို ဝန်ခံကြလော့။ သို့ပြု၍၊ နှုတ်ကပတ်တရားတော်ကိုနားမထောင်သောယောကျ်ားအချို့ရှိလျှင်၊ ထိုသူတို့သည် တရားမနာသော်လည်း၊ သင်တို့၏ကြောက်ရွံ့ခြင်းနှင့်စင်ကြယ်သောအကျင့်တို့ကိုထောက်ရှု၍၊ မိမိမယား၏အကျင့်အားဖြင့် သွေးဆောင်လျက်အတူပါမည်အကြောင်းရှိ၏။” လင်ဒါသည် ပြန်၍ကလဲစားချေမည့်အစား၊ ဖြောင့်မတ်သောအသက်တာဖြင့်သူ၏ခင်ပွန်းကိုရအောင်ကြိုးစားခဲ့သည်။ လင်ဒါကဲ့သို့ ရှင်ပေတရု၏အကြံပေးသွန်သင်သည့်အတိုင်း နာခံအသက်ရှင်သောအားဖြင့် ခင်ပွန်းသည်များကို ခရစ်တော်ထံသို့ပို့ဆောင်သောအမျိုးသမီးများ၏အကြောင်းကို ရေးသားကာ ပုံနှိပ်ထုတ်ဝေသင့်ပါသည်။



# တစ်ဆယ့်ခြောက်

## သင်၏ရန်သူကိုချစ်လော့
## Love Your Enemies

သခင်ယေရှုက “သင်၏ရန်သူကိုချစ်လော့ ” ဟု မိန့်မှာခဲ့သည်မှာ မေးခွန်းထုတ်စရာမလိုပဲ အမှန်ပင်ဖြစ်သည်။ သို့ရာတွင် သူသည် ရန်သူကို အမှန်တကယ်ချစ်ရမည် ဟု ဆိုလိုပါသလား။ သို့မဟုတ် ကျွန်ုပ်တို့ကြိုးစားအသက်ရှင်ရန် သူ၏ထင်မြင်ချက်ကိုပဲ ဆုပ်ကိုင်ခဲ့တာလား။ ရန်သူများကို ချစ်ရမည်မှာ လုံးဝသဘာဝမကျပါ။ ရန်သူများက တိုက်ခိုက်မှုအရှိန်မြင့်တင်သောအခါ အဘယ့်ကြောင့်ကျွန်ုပ်တို့ကသူတို့ကိုချစ်ရပါမည်နည်း။ ကျွန်ုပ်တို့အားမုန်းတီးသောသူတို့ကို ချစ်ရမည်ဟူသောသွန်သင်ချက်မှာ မဖြစ်နိုင်ပါဟု ထင်မြင်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သခင်ဘုရား၏မိန့်မှာချက်ကို ဖတ်ရှုသောအခါ သက်တောင့်သက်တာရှိသောအဆင့်နှင့်သူတပါးအားပြန်လည်ရှင်းပြတတ်ကြသည်။

သို့သော်လည်း သခင်ယေရှု၏ဆိုလိုချက်မှာ သူပြောခဲ့သည့်အတိုင်းပင်ဖြစ်ကြောင်းကို ကျွန်ုပ်တို့၏အတွင်းနှလုံးသားထဲ၌သိကြပါသည်။ ကျွန်တော်တို့မေ့သည့်အရာတစ်ခုမှာ၊ သခင်ဘုရားက ကျွန်ုပ်တို့အား မိန့်မှာချက်တစ်ခုခုပေးသောအခါ၊ ထိုမိန့်မှာချက်ကိုနာခံလုပ်ဆောင်နိုင်ရန် တန်ခိုးကို တပါတည်းပေးခဲ့သည်ဟူသောအချက်ဖြစ်သည်။ လူ့ဇာတိသဘောဖြင့်ပြောပါက၊ ကျွန်ုပ်တို့၏ရန်သူများကိုချစ်ဘို့ မဖြစ်နိုင်ပါ။ ယေဘုယျအားဖြင့် ခရစ်ယာန်အသက်တာလည်း ထိုကဲ့သို့ပင်ဖြစ်သည်။ ယုံကြည်သူ၏အထဲ၌ ကျိန်းဝပ်နေသောသန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့်သာလျှင်ရန်သူများကိုချစ်နိုင်ပါမည်။

သခင်ဘုရားမိန့်မှာသည့်အတိုင်းနာခံ၍ လက်တွေ့အသက်ရှင်

သော ယုံကြည်သူတစ်ချို့ကိုမြင်သောအခါ၊ ထိုသို့ အသက်ရှင်ရန်မဖြစ်နိုင်ပါ၊ ဟု ကျွန်ုပ်တို့၏မှားယွင်းသောထင်မြင်ချက်များ ရပ်တန့်သွားသည်။ လူ့အနေဖြင့် လက်တွေ့မဖြစ်နိုင်ပါဟု ထင်မြင်ခဲ့သော များစွာသောကျမ်းပိုဒ်များကို အခြားယုံကြည်သူတစ်ချို့၏အသက်တာ၌ လက်တွေ့ထင်ရှားနေသောသက်သေများကိုတွေ့သောအခါ ကျွန်တော်တို့အတွက်လည်း စံနမူနာယူစရာဖြစ်လာပါသည်။ ရန်သူကိုလက်တွေ့ချစ်ခဲ့သောသူတစ်ဦးအကြောင်း ပြောပြချင်ပါသည်။

သူ၏အသက်တာ၌ (ရှင်လုကာ ၆း၂၇) လင်းထိန်လျက်နေသည်။ သူ၏နာမည်မှာ သီအိုမက်ကာလီ(Theo McCully)ဖြစ်ပါသည်။ သူသည် အီကွေဒေါ (Ecuador)နိုင်ငံ၌အသတ်ခံခဲ့သော သာသနာပြုဆရာ (၅)ဦးထဲမှတစ်ဦးဖြစ်သော အက်မက်ကာလီ (Ed McCully) ၏ ဖခင်ဖြစ်ကာ၊ ကျွန်တော်လုပ်ကိုင်နေသောကျမ်းစာကျောင်း၌ စီမံအုပ်ချုပ်သူအဖြစ် ကော်မတီဥက္ကဋ္ဌတာဝန်ယူသည်။

တစ်ညတွင် ကျမ်းစာကျောင်းကိစ္စတစ်ချို့ဆွေးနွေးရန် သူနှင့် ကျွန်တော်တွေ့ဆုံခဲ့သည်။ မက်ကာလီသည် ကျွန်ုပ်အားဘာလုပ်ရမည်ကို ဘယ်တော့မှမပြောပဲ၊ "အဲဒီအတွက် ဆုတောင်းကြရအောင်"ဟု အမြဲတမ်းပြောတတ်ပါသည်။ ဆွေးနွေးတိုင်ပင်မှုအားလုံးပြီးသွားသောအခါ ၊ နှစ်ယောက်စလုံးဒူးထောက်၍ ကျမ်းစာကျောင်းအတွက်အတန်ကြာအောင်ဆုတောင်းခဲ့ကြသည်။

ဆုတောင်းခြင်းအဆုံးပိုင်းသို့ရောက်လာသောအခါ ၊ သူ၏စိတ်သည် သူ၏သား၊ သာသနာပြုဆရာအားလုံးနှင့် ထိုးသတ်ခဲ့သည့် ကျောက်ခေတ်အင်ဒီးယန်း (Indians) လူမျိုးများနေထိုင်ရာ အီကွေဒေါနိုင်ငံ၊ ခူရားရေးမြစ် (Curaray River) ကမ်းနား၏တောင်ဘက်သို့ ရောက်သွားသည်။ အက်မက်ကာလီသည် စံနမူနာယူထိုက်သော သားတစ်ဦးဖြစ်သည်။ တစ်ခါက၊ သူ့အဖေက ကျွန်ုပ်အား "အက်မက်ကာလီသည် မိဘများအားတစ်ခါမျှ စိတ်ပူစရာ မဖြစ်စေဖူးပါ " ဟု ပြောပါသည်။ ယခုတွင် သီအိုမက်ကာလီသည် "ကိုယ်တော်ဘုရား၊ ကျွန်ုပ်၏သားများ (အသတ်ခံသောသာသနာပြုဆရာငါးဦး)ကိုသတ်သောသူတို့ ခရစ်တော်၌ ပြောင်းလဲခြင်းကိုတွေ့မြင်နိုင်ရန် ကျွန်ုပ်၏အသက် ရှည်စေတော်မူပါ။ ထိုသူတို့သည် ကျွန်ုပ်၏ခရစ်တော်ကိုချစ်သောကြောင့် သူတို့အား ပွေ့ဖက်ရင်းနှင့်"ခင်ဗျားတို့ကို ကျွန်တော်အရမ်းချစ်ပါတယ်၊ ဟူ၍ ပြောချင်ပါသည်" ဟု ဆုတောင်းပါသည်။

ဆုတောင်းခြင်းပြီးသွားသောအခါ ၊ သူ၏ပါးပြင်ပေါ်၌ မျက်ရည်များကျပါသည်။ ထိုအချိန်သည် ပြန်၍မရယူနိုင်သော မင်္ဂလာရှိသည့်အချိန်ဖြစ်ပါသည်။ သီအိုမက်ကာလီသည် အော်ခါ (Auca) အင်ဒီယာန်းလူမျိုး (နောက်ပိုင်းတွင်ဝါရနီစ် "Waoranis" လူမျိုးဟုခေါ်သော)အား ဧဝံဂေလိသတင်းကြားပြောရန် မိမိ၏အလုပ်ကိုစွန့်လွှတ်သော သူအလွန်ချစ်သောသားကိုသတ်သည့် လူသတ်သမားများအား အမှန်ချစ်ခဲ့ပါသည်။

သူ၏ဆုတောင်းသံသည် ဘုရားသခင်၏ကျေးဇူးတော်ပလ္လင်တော်သို့ ရောက်သွားခဲ့သည်။ သာသနာပြုဆရာတချို့သည် ထို Waoranis လူမျိုးများနှင့် အဆက်အသွယ်ရကြကာ၊ များစွာသော ထိုလူသတ်သမားကို ခရစ်တော်ထံသို့ ပို့ဆောင်နိုင်ကြသည်။ သီအိုမက်ကာလီ၏ဆုတောင်းသံကို ဘုရားသခင်နားညောင်းသည်။ သူသည် အီကွေဒေါနိုင်ငံသို့ရောက်သွားပြီး၊ ထိုပြောင်းလဲသောလူသတ်သမားများကိုသွားတွေ့ကာ၊ ပွေ့ဖက်လျက် ကျွန်တော် ခင်ဗျားတို့ကိုအရမ်းချစ်တယ်၊ ဟု ပြောခဲ့ပါသည်။ ထိုသို့ပြုရခြင်းမှာ၊ သူ၏ကယ်တင်ရှင်သခင်ယေရှုသည် ထိုသူတို့၏ကယ်တင်ရှင်လည်းဖြစ်သောကြောင့်ဖြစ်သည်။

သခင်ယေရှုက သူမိန့်မှာသည့်အတိုင်းနာခံရန် အလိုတော်ရှိပါသည်။ ကျွန်ုပ်တို့သည် ရန်သူများကိုချစ်သင့်ပါသည်။ ထိုသို့ပြုသောအခါ ၊ လောကသားများအတွက် ဝိညာဉ်ရေးရာအကျိုးဖြစ်ထွန်းစေမည်။ ခရစ်တော်၏မိန့်မှာချက်ကို လက်တွေ့နာခံခြင်းဖြင့် အခြားယုံကြည်သူများအားသက်သေပြရာရောက်ပါသည်။ ခရစ်တော်ဘုရား၏ ခက်ခဲသောသွန်သင်ချက်များကို အသက်တာ၌လက်တွေ့နာခံလိုက်လျှောက်ခြင်းဖြစ်သလို၊ သခင်ယေရှုပြုသည့်နည်းတူ ဖေါ်ပြအသက်ရှင်ခြင်းလည်းဖြစ်သည်။ သူသည် ကျွန်ုပ်တို့ (သူ၏ရန်သူများ) အား အလွန်ချစ်သောကြောင့် ကျွန်ုပ်တို့အတွက် လက်ဝါးကပ်တိုင်ပေါ်၌ အသေခံတော်မူ၏။

# တစ်ဆယ့်ခုနစ်

## သန့်ရှင်းမြင့်မြတ်သော အပြစ်လွှတ်ခြင်း[၁၉]

To Forgive is Divine

ဟော်လန်နိုင်ငံ (Holland) တွင်နေထိုင်သော မစ္စတာတင်းဘွမ်း (Ten Boom) နှင့်သူ၏မိသားစုသည် ဘုရားကိုရှိသေကိုင်းရှိုင်းသော ခရစ်ယာန်မိသားစုဖြစ်သည်။ ဒုတိယကမ္ဘာစစ်ပွဲကာလတွင်သူတို့၏နေအိမ်သည် နာဇီဂျာမဏီတို့၏ ညှဉ်းဆဲခြင်းမှရှောင်ပုန်းရန် ထွက်ပြေးသော ဂျူးလူမျိုးများအတွက် ခိုလှုံရာအိမ်ဖြစ်ခဲ့သည်။ နာဇီတို့သည် တွေ့သမျှဂျူးလူမျိုးများကို စခန်းသို့သွင်းပြီး၊ ညှဉ်းဆဲကြသောကြောင့် ဂျူးအမြောက်အများသေဆုံးရသည်။ အလားတူစွာ၊ ဂျူးတို့အားဝှက်ထားသောသူများကို ဖော်ထုတ်တွေ့ရှိပါက၊ စခန်းသို့ပို့၍ညှဉ်းဆဲကြသည်။

ဂျူးလူမျိုးတစ်ချို့တို့ကို အိမ်၌ကာလအတန်ကြာဝှက်ထားပြီးနောက် တင်းဘွမ်းတို့မိသားစုကို ဖော်ထုတ်ဖမ်းဆီးကြသည်။ ဖခင်နှင့်သမီးနှစ်ဦးဖြစ်သော ခေါရီ (Corrie) နှင့် ဘက်စီ (Betsie) တို့ကို ရက်စက်စွာညှဉ်းဆဲကြကာ၊ ရာဗင်စ်ဘရပ်စခန်း (Revensbruck Camp)သို့ ပို့ကြသည်။ နောက်ဆုံးတွင် မစ္စတာတင်းဘွမ်းနှင့်သမီးဘက်စီ သေဆုံးရရှာသည်။ စစ်ပွဲပြီးဆုံးသောအခါ၊ ခေါရီ (Corrie) ကို စခန်းမှလွှတ်ကြသည်။

စစ်ပွဲပြီးဆုံး၍ ငြိမ်းချမ်းရေးကြေငြာပြီးသောအခါ၊ ခေါရီသည် ဂျာမဏီသို့သွားကာ၊ အသင်းတော်တစ်ပါး၏ဘုရားကျောင်းမြေအောက်ခန်းမထဲ၌ စကားပြောခွင့်ရခဲ့သည်။ သူပြောခဲ့သည့်အချက်များမှ အံ့သြဘွယ်ရာတစ်ခုမှာ၊ ကျွန်တော်တို့အပြစ်ဝန်ချတောင်းပန်သောအခါ ၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြစ်အားလုံးကို အနက်ဆုံးသောသမုဒ္ဒရာအောက်သို့ ပစ်ချလိုက်သည် ဟူသောအချက်ဖြစ်သည်။



ထိုညအစည်းအဝေးပြီးဆုံးသောအခါ ၊ လူတို့သည် တိတ်ဆိတ်စွာ ထွက်သွားကြသည်။ သို့ရာတွင် လူတစ်ယောက်သည် ခေါရီ မတ်တပ်ရပ်သည့်နေရာသို့ တည့်တည့်လျှောက်လာခဲ့သည်။ ထိုသူသည် အပြာရောင်ဝတ်စုံကိုဝတ်လျက်၊ လက်ထဲ၌အရိုးနှစ်ချောင်းကြက်ခြေခတ်တံဆိပ်တပ်ဆင်ထားသော ဦးထုပ်ကိုကိုင်သည်။ ခေါရီသည် ထိုသူကိုတွေ့သောအခါ ၊ ရာဗင်စ်ဘရပ်စခန်း၌ လုံခြုံရေးစစ်သားတစ်ဦးဖြစ်ကြောင်းကို မှတ်မိသည်။

ခေါရီ၏အနားသို့ရောက်လာသောအခါ ထိုသူသည် လက်ကိုထုတ်၍ "ကောင်းသောတရားဟောချက်ပါပဲ၊ ခင်ဗျားပြောခဲ့သလိုပဲ၊ ကျွန်တော်တို့၏အပြစ်အားလုံး သမုဒ္ဒရာ၏အောက်ခြေ၌ရှိသည့်အကြောင်းသိရတာ ကျွန်တော်အရမ်းဝမ်းမြောက်ပါသည်"ဟု ပြောခဲ့ပါသည်။

ထိုလူ၏ရက်စက်ကြမ်းကြုတ်မှုကို ခေါရီ ပြန်လည်သတိရမိကာ၊ စိတ်ထဲ၌အလွန်ဒေါသဖြစ်မိသည်။ ထိုသူက "ရာဗင်စ်ဘရပ်စခန်းအကြောင်း ခင်ဗျားပြောတာ ကျွန်တော်ကြားတယ်၊ ကျွန်တော်ဟာ ထိုစခန်းမှာ လုံခြုံရေးစစ်သားတစ်ဦးပါ။ သို့သော် ထိုအချိန်မှစ၍၊ ကျွန်တော်ခရစ်ယာန်ဖြစ်လာခဲ့တာပါ။ ဘုရားသခင်က ကျွန်တော့်ရဲ့ကြမ်းကြုတ်မှုအားလုံးကို ခွင့်လွှတ်ပြီးပြီဆိုတာ ကျွန်တော်သိပါတယ်။ သို့သော် ခင်ဗျားရဲ့နှုတ်ပါးစပ်မှပြောသော ခွင့်လွှတ်ခြင်းကို ကျွန်တော်ကြားချင်ပါတယ်၊ ကျွန်တော့ကို ခွင့်လွှတ်မလား" ဟု မေးခဲ့ပါသည်။

သူမ၏စိတ်သည် ခါးသီးမှုနှင့်ခွင့်မလွှတ်နိုင်ခြင်းဖြင့်ပြည့်နက်နေခဲ့သည်။ နာဇီတို့၏ ဂျူးလူမျိုးအပေါ် ရက်စက်စွာညှဉ်းပန်းခြင်းနှင့် သူမ၏မိသားစုအပေါ်သနားကြင်နာခြင်းကင်းမဲ့စွာညှဉ်းဆဲခြင်းများကို ပြန်မြင်ယောင်မိသည်။

ခေါရီသည် ထိုသူအားပြန်လည်မတုန့်ပြန်မီ ခေတ္တခဏတွေဝေနေမိသည်။ စက္ကန့်အနည်းငယ်သာကြာခဲ့သည်ဖြစ်သော်လည်းအချိန်နာရီများစွာကြာသကဲ့သို့ ခံစားမိသည်။ နောက်ဆုံးတွင်သူသည်ကုတ်အင်္ကျီအိတ်ထဲမှ လက်ကိုထုတ်၍ ထိုသူအားပြန်လည်နှုတ်ဆက်ကာ "ဘုရားက ကျွန်မကို ခွင့်လွှတ်ပြီးမှတော့၊ ခင်ဗျားကိုကျွန်မ မခွင့်လွှတ်နိုင်စရာ မရှိပါဘူး။ ကျွန်မ

ရဲ့စိတ်နှလုံးထဲမှ ညီအစ်ကိုကို ခွင့်လွှတ်ပါတယ်”ဟု ပြန်ပြောပါသည်။

“သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦးအတန်ကြာမျှ လက်ဆွဲကိုင်ကြသည်။ အရင်တစ်ခါက နာဇီလုံခြုံရေးစစ်သားနှင့် အကျဉ်းသားဖြစ်ခဲ့ကြသောသူနှစ်ဦးတို့သည် ယခုတွင် ခရစ်တော်၌ တစ်လုံးတစ်ဝတည်း ဖြစ်ကြသည်။”

ကျွန်တော်သည် ခရစ်တော်ကဲ့သို့ ကျင့်ကြံပြုမူခြင်းအကြောင်း စဉ်းစားတိုင်း မစ္စတာတင်းဘွမ်းမိသားစုကို သတိရမိသည်။ ထိုသို့သောဝမ်းနည်းခြင်း၊ ညှဉ်းပန်းခြင်းနှင့်အသရေယုတ်ခြင်းများကိုခံသော်လည်း ခရစ်တော်၏စိတ်သဘောရှိကြသောကြောင့် သူတို့အကျိုးထက် သူတစ်ပါး၏အကျိုးကိုထောက်ထား၍အသက်ရှင်ခဲ့ကြသည်။ သူတို့သည် ခါးသီးသောစိတ်နှင့် ပြန်လည်ကလဲ့စားချေခြင်းမပြုကြပဲ၊ ဘုရားအပေါ်၌လည်း မညည်းတွားကြပါ။ ထိုသို့သော ခက်ခဲမှုအမျိုးမျိုးကြား၌ သခင်ယေရှု၏မေတ္တာနှင့်ကျေးဇူးဂရုဏာတော်ကို သက်သေခံကြကာ၊ သူတို့မိသားစုကိုညဉ်းဆဲသောဂရုဏာကင်းမဲ့သည့် နာဇီများကိုလည်း ခွင့်လွှတ်ကြသည်။



# တစ်ဆယ့်ရှစ်

## သေတမ်းစာရှိပါက[၂၀]

Where There's a Will...

အမေကြီး ဖီလစ်(စ်) (Grandma Phillips) သည် သူ၏သားနှစ်ယောက်၊ ချွေးမနှစ်ယောက်နှင့်ပျော်ရွှင်လျက် မိတ်သဟာယဖွဲ့ခြင်းကို အလွန်အားရနှစ်သက်သည်။ သားသမီးများမှစ၍ သူတို့အားလုံးသည် ယုံကြည်သူများဖြစ်ကြသည်။ သားကြီးဖြစ်သော စကော့သ် (Scott) နှင့် ဇနီး ဆာရာ(Sarah) သည် အမေနှင့်တစ်မြို့ထဲ၌နေထိုင်ကြကာ၊ အမေ၏ကျန်းမာရေးနှင့်လိုအပ်မှုများအတွက် အမေအား ပုံမှန်လည်ပတ်ကြသည်။ ဒုတိယသား ရွန် (Ron) နှင့် ဇနီး ရိုစ်(Rose)သည် အမေနှင့်မိုင်နှစ်ဆယ်လောက်ကွာဝေးသောမြို့တွင်နေထိုင်ကြသော်လည်း အမေအား ပုံမှန်သွားရောက်လည်ပတ်ကြသည်။ သားနှစ်ယောက်စလုံးသည် အလုပ်အဆင်ပြေကြသောကြောင့် ငွေရေးကြေးရေး၌လုံခြုံမှုနှင့်အာမခံချက်ရှိကြသည်။ မိသားစုဝင်အားလုံးတို့သည် ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ခရစ္စမတ်ပွဲကို စုံစုံညီညီကျင်းပကြသည်။

တစ်နေ့တွင် အမေကြီးဖိလစ်(စ်)သည် နှလုံးသွေးကြောကျဉ်းရောဂါ ဖြင့် ရုတ်တရက်ကွယ်လွန်သွားသည်။ ကုလားထိုင်ပေါ်၌ထိုင်လျက်သေဆုံးကာ၊ သူ၏ပေါင်ပေါ်တွင် ကျမ်းစာအုပ် (Open Bible) တစ်အုပ်ရှိသည်။ ဥစ္စာပစ္စည်းများများ မထားရစ်ခဲ့ပါ။ ထားရစ်သည့်ပစ္စည်းများမှာ သေလွန်ပြီးသောခင်ပွန်းနှင့်အတူ သားနှစ်ယောက်ကိုပြုစုပျိုးထောင်ခဲ့သောနေအိမ်၊ တယ်လီဖုန်း၊ လျှပ်စစ်ပစ္စည်း၊ မော်တော်ကားစသည်တို့ဖြစ်သည်။ အမေရိကန်ဒေါ်လာ ၁၀၀၀ မျှစုထားသည့် ဘဏ်စာအုပ်နှင့်တရုတ်ကြွေခွက်တစ်ချို့လည်းရှိသည်။ သူ၏သားနှစ်ယောက်တို့သည် အမွေကို

သင့်တယ်စွာခဲ့ဝေမည်ဟုယုံကြည်သောကြောင့် သေတမ်းစာမရေးထားခဲ့ပါ။

သို့သော် မိခင်ထင်ခဲ့သလိုဖြစ်မလာခဲ့ပါ။ ရိုစ် (Rose) သည် လောဘရမ္မက်ကြီး၍ ယောက္ခမထားရစ်ခဲ့သောအမွေအများစုကို ပိုင်ဆိုင်ချင်သည်။ ခင်ပွန်းသည် ရွန် (Ron ) သည် ရွေးစရာတစ်ခြားလမ်းမရှိပဲ၊ သစ္စာရှိစွာဖြင့် သူ့ဇနီးအားရပ်တည်ပေးသည်။ နှစ်အတန်ကြာ ပျော်ရွှင်စွာနေထိုင်ခဲ့ကြသောမိသားစုသည် ယခုတွင်လောဘကြောင့် ပျက်စီးခဲ့ရသည်။ အထူးသဖြင့် အသေးအမွှားဖြစ်သော တရုတ်ကြွေခွက်များကြောင့်ပြဿနာတက်ကြသည်။ စကော့သ်(Scott) နှင့် ဆာရာတို့လင်မယားသည် စိတ်ကြေအေးရန် အတတ်နိုင်ဆုံးကြိုးစားကြသော်လည်း တစ်ဖက်၏ရန်ငြိုးကိုသာ ရင်ဆိုင်ရသည်။

စကော့သ်နှင့်ဆာရာတို့သည် ပြဿနာကိုကြေအေးစွာဖြင့် ဖြေရှင်းနိုင်ရန်ဆုတောင်းရင်း အာဗြဟံနှင့်လောတအကြောင်းကိုသတိရကြသည်။ ထိုသူနှစ်ဦးတို့သည် အီဂျစ်ပြည်မှခါနန်ပြည်သို့ ထွက်လာသောအခါ ၊ သူတို့၏နွားများအတွက် မြက်ခင်းပြင်မလုံလောက်ကြောင်းတွေ့ခဲ့ရသည်။ သူတို့၏နွားကျောင်းသားများအကြားတွင် ပြဿနာတက်လျက် ကွဲပြားကြကာ၊ အခြေအနေအလွန်ဆိုးရွားလာသည်။ ထိုအခါ အာဗြဟံက လောတအား -

“ငါတို့သည် ညီအစ်ကိုချင်းဖြစ်လျက်၊ ငါနှင့်သင်၌သော်လည်းကောင်း၊ ငါ့နွားကျောင်းသားတို့နှင့် သင့်နွားကျောင်းသားတို့၌သော်လည်းကောင်း၊ ခိုက်ရန်မရှိပါစေနှင့်။ မြေတပြင်လုံးသည် သင့်ရှေ့မှာရှိသည်မဟုတ်လော။ ငါနှင့်ခွါ၍နေပါလော့။ သင်သည် လက်ဝဲဘက်သို့သွားလျှင် ငါသည် လက်ျာဘက်သို့သွားမည်။ သင်သည် လက်ျာဘက်သို့သွားလျှင် ငါသည် လက်ဝဲဘက်သို့သွားမည်ဟုဆို၏” (ကမ္ဘာ၊ ၁၃း၈-၉)။

လောတသည် ရေများ၍မြက်ခင်းပြင်ပေါများသော ဂျော်ဒန်ချိုင့်ဝှမ်းကိုရွေးချယ်ကာ၊ သောဒုံမြို့၌နေထိုင်ခဲ့သည်။ အာဗြဟံသည် ခါနန်ပြည်ကို ရွေးချယ်လိုက်သည်။

စကော့သ် (Scott )သည် ဤအကြောင်းကို ဆာရာအား ဝေငှသောအခါ ၊ နှစ်ဦးစလုံးသည် အရေးကြီးသောဆုံးဖြတ်ချက်တစ်ခုချကြသည်။ သူတို့သည် ရွန်နှင့်ရိုစ်အား အမေထားရစ်ခဲ့သောအမွေဥစ္စာအားလုံးတို့ကို အလွန်ကြိုက်နှစ်သက်ပါက ရယူပိုင်ဆိုင်ခွင့်ပေးကြသည်။ ရုပ်ဝတ္ထုအတွက် မိသားစုအချင်းချင်းတိုက်ခိုက်ခြင်းထက် မိသားစုစည်းလုံးမှုထိန်းသိမ်းခြင်းသည် ပို၍အရေးကြီးသည်။

ရွန်နှင့်ရိုစ်တို့လင်မယားသည် စကော့သ်နှင့်ဆာရာတို့က ထိုသို့ဆုံးဖြတ်ချက်ချမည်ဟု လုံးဝမမျှော်လင့်ခဲ့သောကြောင့်၊ စိတ်ကျဉ်းကြပ်ကာ အမွေဥစ္စာအားလုံးသိမ်းယူရန်လည်း ရှက်ကြသည်။ ရိုစ်သည် လက်ဝတ်လက်စားတစ်ချို့၊ တရုတ်ကြွေခွက်တစ်ချို့နှင့်အခြားသေးနုပ်သောပစ္စည်းတစ်ချို့တို့နှင့်ရောင့်ရဲကျေနပ်ကာ၊ ကျန်သေးသောပစ္စည်းအားလုံးကို တစ်ဝက်စီခွဲဝေရန်သဘောတူကြသည်။ ထိုသို့ပြုခြင်းသည် အေးချမ်းစွာဖြင့် အဖြစ်နိုင်ဆုံး ခွဲဝေခြင်းဖြစ်သည်။

ထိုကဲ့သို့အမြဲတမ်းဖြစ်မလာပါ။ ဆိုရိုးစကားတစ်ခုမှန်ပါသည် “သေတမ်းစာရှိပါက၊ ဆွေမျိုးအများအပြားပေါ်လာသည်။” ရက်ရော၍ အေးချမ်းစွာနေထိုင်သောသူတို့သည် ပွန်းပဲ့လျက်ညှိုးနွမ်းတတ်သောအရာများအတွက်ငြင်းခုံကြကာ၊ ခင်မင်ရင်းနှီးမှုကိုပျက်စီးစေကြသည်။ ဘုရားသခင်၏နည်းလမ်းမှာ အကောင်းဆုံးဖြစ်သည်။ အာဗြဟံသည် လောတအား မြေနေရာအရင်ရွေးချယ်ခွင့်ပေးခြင်းက သူ့ကိုယ်သူကြွယ်ဝချမ်းသာခြင်းဖြစ်စေသည်။ လောတသည် သောဒုံမြို့အနီးဂျော်ဒန်ချိုင့်ဝှမ်းမြက်ခင်းပြင်ရွေးချယ်ခြင်းက သူ့ကိုယ်သူဆင်းရဲစေပါသည်။

## တစ်ဆယ့်ကိုး

## အရှက်ရခြင်းနှင့် တံတွေးထွေးခံခြင်းကိုသည်းခံခြင်း

Enduring Shame and Spitting

ဒိဖော့နာ (Dick Faulkner) သည် ဓမ္မသစ်ကျမ်းစာနှင့်သက်ဆိုင်သည့်နေရာများသို့ အလည်အပတ်သွားသော အသင်းတော်တစ်ပါး၏ သီချင်းဦးဆောင်သူဖြစ်သည်။ သူတို့သည် Aegean ပင်လယ်၌ရှိသော ပတ်မုကျွန်းသို့ရောက်ကြသည်။ သူတို့၏ခရီးသွားလမ်းပြဆရာက သူတို့ကို တမန်တော်ကြီးရှင်ယောဟန်၏ဗျာဒိတ်ကျမ်းရေးခဲ့သောနေရာ ဂူတွင်းတစ်ခုထဲသို့ပို့ဆောင်ခဲ့သည်။ ထိုနေရာမှထွက်လာကြသောအခါ ၊ ဧည့်ခံသူမှ အင်ပါယာဒိုမီရှင်း(Emperor Domitian) က ရှင်ယောဟန်အား အကျဉ်းထောင်၌ချခဲ့ခြင်းအကြောင်းကိုပြောသည့်နေရာဖြစ်သော တောင်ကုန်းတစ်ခုပေါ်သို့တက်ကြသည်။ ထိုအကြောင်းပြောပြီးသောအခါ ၊ ထိုလမ်းပြဆရာက ဒိဖော့နာအားသီချင်းဆိုခိုင်းသည်။ ဒိဖော့နာသည် အသံဖမ်းကက်ဆက်တစ်လုံးနှင့်အသံချဲ့စက်ကိုကိုင်ထားသည်။ သူသည် ဒွန်ဝိုက်ဇင် (Don Wyrtzen) ၏ (ဗျာဒိတ်၊ ၅း၁၂) ကိုအခြေပြု၍စပ်ဆိုထားသော သီချင်းကိုသီဆိုလိုက်သည်။

သေသတ်ခြင်းခံ သိုးသငယ်ခံထိုက်  
သေသတ်ခြင်းခံ သိုးသငယ်ခံထိုက်  
သေသတ်ခြင်းခံ သိုးသငယ်ခံထိုက်တော်မူ၏။  
တန်ခိုး၊ စည်းစိမ်၊ ပညာ ၊ အစွမ်းသတ္တိ  
ဂုဏ်အသရေ ၊ ဘုန်းတော် ၊ ကောင်းကြီးမင်္ဂလာ  
သိုးသငယ်ခံထိုက်၊ သိုးသငယ်ခံထိုက်  
သေသတ်ခြင်းခံ သိုးသငယ်ခံထိုက်  
သိုးသငယ်ခံထိုက်။



သီချင်းဆိုသံသည် ကျောက်တောင်ပေါ်များသော ပတ်မုကျွန်းတစ်ဝိုက်၌မြည်ဟိန်းသွားသည်။

ဒိဖော့နာသီချင်းအဆုံးသတ်မီ ၊ ခရီးသွားကြိုပို့ဘတ်စ်ကားတစ်စီးဆိုက်ရောက်လာသည်။ ခရီးသည်အများစုက သူတို့ကိုဖြတ်ကျော်ပြီး သွားကြသည်။ သို့ရာတွင်အသားမဲမဲနှင့် ပိန်ပိန်သွယ်သွယ်အမျိုးသမီးတစ်ယောက် ဒိဖော့နာအနားသို့ကပ်လာကာ၊ တံတွေးထွေးလိုက်သည်။ ထိုသို့တံတွေးထွေးခြင်းခံသော်လည်း မရပ်ပဲသီချင်းကိုဆက်လက်သီဆိုခဲ့သည်။ နောက်ဆုံးစာကြောင်းဖြစ်သည့် "သိုးသငယ်ခံထိုက်" အထိဆက်လက်ဆိုခဲ့သည်။

ခရီးသွားခရစ်ယာန်တစ်ချို့က ထိုသို့ရိုင်းစိုင်းသောအမျိုးသမီးအား တစ်ခုခုပြောသင့်၊ ဆုံးမသင့်သည်ဟု ခံစားကြသော်လည်း ဒိဖော့နာမှာ ထိုကဲ့သို့သဘောထားမရှိခဲ့ပါ။ လူတို့သည် ခရစ်တော်ယေရှုအား ကဲ့ရဲ့ပြစ်တင်၊ ရိုက်ပုတ်သည့်အပြင် သူ့မျက်နှာကိုတံတွေးနှင့်ထွေးကြ၏။ သို့ရာတွင်သူက မတုံ့ပြန်ပဲ နေခဲ့သည်။ လူတို့က ခရစ်တော်အား တံတွေးထွေးသောအခါ ၊ ဖန်ဆင်းရှင်အား "ငါတို့သည် သင်အားဤသို့မှတ်ယူ၏" ဟု ပြောဆိုရာရောက်ပါသည်။ ဖန်ဆင်းရှင်လက်ဝါးကပ်တိုင်ပေါ်၌ သေသောအခါ ၊ သူ၏ဖန်ဆင်းသောလူသားများအား "ငါသည် သင်တို့အား ဤမျှလောက်ချစ်ပါ၏" ဟု ပြောဆိုရာရောက်သည်။

ခရစ်တော်၏စိတ်သဘောထားရှိကြရန် ကျွန်ုပ်တို့ကိုခေါ်ပါသည်။ "ချစ်သူတို့၊ သူတပါးသည် သင်တို့ကိုပြစ်မှားလျှင်၊ ကိုယ်တိုင်အပြစ်ပြန်၍ မတုံ့ကြနှင့်။ အမျက်တော်ကိုအခွင့်ပေးကြလော့။ ကျမ်းစာလာသည်ကား၊ ငါသည်အပြစ်တရားကိုစီရင်ပိုင်၏။ အပြစ်နှင့်အလျောက် ငါဆပ်ပေးမည် ၊ ဟု ထာဝရဘုရားမိန့်တော်မူ၏" (ရောမ၊ ၁၂း၁၉)။ ကျွန်ုပ်တို့သည် ထာဝရဘုရား၏မင်္ဂလာနှစ်၌အသက်ရှင်ကြကာ၊ ငါတို့ဘုရားသခင်အပြစ်ပေးတော်မူရာနေ့ရက်ကာလ၌ အသက်မရှင်ကြပါ။

# နှစ်ဆယ်

## စွန့်ပယ်ပစ္စည်းဝယ်ယူသူ ဂျူးလူမျိုးတစ်ဦး

The Jewish Junk Dealer

လွန်ခဲ့သောအချိန်ကာလက လူတို့သည် သတင်းစာ၊ အဝတ်အစ အနမျာနှင့်သတ္တုစသည့် စွန့်ပယ်ပစ္စည်းများကိုသိမ်းထားကြကာ၊ ထိုပစ္စည်းများကိုတွန်းလှည်းဖြင့်လာရောက် ဝယ်ယူတတ်သော ကုန်သည်တစ်ဦးအား ရောင်းကြသည်။ ထိုကုန်သည်လာသောအခါတိုင်းတွင် လူများသိသာရန် အသံပြု၍အော်တတ်သည်။

တစ်နေ့တွင်၊ အိပ်ချ်၊ အေ၊ အိုင်းရွန်းဆိုဒ် (H.A. Ironside) သည် သူရင်းနှီးသည့် အော်သံကြားသောအခါ၊ အိမ်ပြင်သို့ထွက်လာကာ ထိုသူကိုစွန့်ပယ်ပစ္စည်းသိုလှောင်ရာအိမ်အောက်ခန်းသို့လာရန် ခေါ်လိုက်သည်။ ထိုသူသည် ဂျူးလူမျိုးတစ်ဦးဖြစ်သည်။ အိုင်းရွန်းဆိုဒ်က သူ၏ကယ်တင်ရှင်သည် ဂျူးလူမျိုးဖြစ်သောကြောင့် ထိုသူကိုချစ်ခင်လေးစားခဲ့သည်။

ပစ္စည်းသိုလှောင်ရာအခန်းထဲတွင် များစွာသောသတင်းစာဟောင်းများ၊ ရေပိုက်ဟောင်းများနှင့်သတ္တုများရှိသည်။

အိုင်းရွန်းဆိုဒ်သည် ထိုပစ္စည်းများကို ဈေးအသင့်အသင့်ရရန်သာ ထိုသူနှင့်ဈေးညှိလိုက်သည်။ ငွေရဘို့အဓိကမဟုတ်ပဲ၊ ထိုပစ္စည်းများအားလုံး အိမ်အောက်ခန်းထဲမှဖယ်ထုတ်ရန်ဖြစ်သည်။

အိုင်းရွန်းဆိုဒ်က သူ၏စွန့်ပယ်ပစ္စည်းများကိုချီးမွမ်းပြောဆိုသော်လည်း ထိုသူသည် အိုင်ရွန်းဆိုဒ်အားလိမ်လည်ကာ ငွေအနည်းငယ်သာ ပေးချေသည်။ ထိုသူသည် ပစ္စည်းများကို တွန်းလှည်းပေါ်တင်ပြီး ထွက်သွားသောအခါ ၊ ဒေါက်တာအိုင်းရွန်းဆိုဒ်ကပြန်ခေါ်ကာ၊ ထိုသူ၏လက်ထဲသို့ ငွေတစ်ချို့ထည့်ပေးရင်းနှင့် "ယေရှု၏နာမတော်အားဖြင့် ခင်ဗျားကိုပေးချင်ပါတယ်" ဟု ပြောလိုက်သည်။



ထိုသူသည် ခဏမျှအံ့အားသင့်သွားသည်။ ထို့နောက် "ဘယ်သူကမှ ကျွန်ုပ်အားဘယ်အရာတစ်ခုမျှ ယေရှုနာမအားဖြင့်မပေးခဲ့ဖူးပါ" ဟု တတွတ်တွတ်ပြောဆိုရင်းနှင့်ထွက်သွားသည်။

ဒေါက်တာ Ironside သည် သခင်ယေရှုပြုခဲ့ပြီးသကဲ့သို့ သူတပါး အပေါ်၌သနားကြင်နာမှုပြုခဲ့သည် မဟုတ်ပါလား။

# နှစ်ဆယ့်တစ်

## ဧကရာဇ်ဘုရင်မင်းမြတ်၏ဓါးသိုင်းသမားများ

## The Emperor's Gladiators

ခရစ်တော်ရှင်ပြန်ထမြောက်ပြီးနောက်ပိုင်း မကောင်းသတင်းဖြင့် ကျော်စောသော နေရိုးဘုရင်(Nero) တန်ခိုးအာဏာရှိသည့်ကာလတွင်ဖြစ်သည်။ သူသည် ရဲစွမ်းသတ္တိနှင့်ပြည့်စုံသောစစ်သားများကို သီးသန့်ရွေးချယ်၍ဖွဲ့စည်းသောတပ်ခွဲတစ်ခုရှိခဲ့သည်။ ထိုသူတို့ကို ဧကရာဇ်ဘုရှင်မင်းမြတ်၏ဓါးသိုင်းသမားများအဖြစ်သိရသည်။ ရုပ်ပိုင်းနှင့်ပတ်သက်၍စံနမူနာထားထိုက်သောသူများဖြစ်ကြသည်။ သူတို့သည် ရုပ်ရည်လည်းချောမောပြီး၊ အချိုးအစားညီစွာခွန်အားဗလကောင်းသော ရောမအမျိုးသားများဖြစ်ကြသည်။

သူတို့သည် ပြပွဲခန်းမသို့ ချီတက်ကြသောအခါ ၊ "ကျွန်တော်တို့သည် ဧကရာဇ်ဘုရင် မင်းမြတ်၏ဓါးသိုင်းသမားများဖြစ်ကြပါသည်။ ကျွန်တော်တို့သည် ရှင်သည်ဖြစ်စေ၊ သေ သည်ဖြစ်စေ၊ ဘုရင်မင်းမြတ်၏ဘုန်းအသရေအတွက်တိုက်လှန်ကြပါသည်" ဟုသီဆိုကြသည်။ ထို့နောက် စစ်လက်နက်နှင့်ဝတ်စုံကိုဝတ်ဆင်ကြသည်။

တစ်နေ့တွင် မြောက်ပိုင်းတွင်ရှိသော ဂျာမဏီမျိုးနွယ်စုအား စစ်တိုက်ရန် စေလွှတ်ခြင်းခံကြသည်။ ထိုအချိန်သည် ခရစ်ယာန်များကိုဖိစီးနှိပ်ကွက်ရန် ဘုရင်မင်းမြတ်ကအမိန့် ထုတ်သည့်အချိန်ကာလဖြစ်သည်။ နေရိုး (Nero) ဘုရင်သည် အထူးသဖြင့်စစ်သားများထဲ၌ ခရစ်ယာန်ရှိပါက၊ ရွေးနှုတ်ဖယ်ရှားရန်အမိန့်ထုတ်ခဲ့သည်။ "ရွေးနှုတ်ဖယ်ရှားပါ " ဟူသောစကားသည် "ဖျက်ဆီးပစ်ပါ" ဟူသောစကားအတွက် ယဉ်ကျေးပြေပြစ်အောင်စီစဉ်ထားသောစကားဖြစ်သည်။



အလွန်အေးမြသောဆောင်းရာသီကာလတွင်၊ ဗိုလ်ချုပ်ဝဲစ်ပါးရှင်း (Vespasian) သည် ဓါးသိုင်းသမားများတပ်ဖွဲ့အပါအဝင်သူ၏စစ်သားများကိုတန်းစီခိုင်းသည်။ သူသည် "မင်းတို့အထဲမှာ အယူသေးသောခရစ်ယာန်ယုံကြည်ခြင်းကိုခံယူသောသူတစ်ချို့ရှိကြောင်း ငါစဉ်းစားမိတယ်။ ဒီ ယုံကြည်ခံယူချက်ဟာ မှန်ကန်မည်ဟု ငါမထင်ဘူး။ မင်းတို့ဟာ ဒီယုံကြည်ခြင်း၌ ဟန်ကျနေတယ်။ ဒါပေမယ့်၊ မင်းတို့ထဲမှာ ခရစ်ယာန်ရှိရင် ရှေ့သို့ခြေလှမ်းကြပါ "ဟု ဟောက်၍အမိန့်ထုတ်လိုက်သည်။ သေဒဏ်ချမှတ်ခြင်းခံနိုင်သော်လည်း ဓါးသိုင်းသမားများထဲမှအယောက် (၄၀) တို့သည် ရှေ့သို့ခြေလှမ်း ကြသောအခါ ၊ သူအလွန်အံ့အားသင့်သွားသည်။

ဗိုလ်ချုပ်သည် တခြားစစ်သားအားလုံးကိုလွှတ်ပြီး၊ ထိုစစ်သား (၄၀) တို့နှင့် ခရစ်ယာန်ယုံကြည်ခြင်းကို တစ်နေကုန် တိုင်ပင်ဆွေးနွေးကြသည်။ ခင်ဗျားတို့ရဲ့မိသားစုနှင့်ခင်ဗျားတို့ရဲ့မိတ်ဆွေစစ်သားများကိုအောက်မေ့စဉ်းစားကြပါ။ ခင်ဗျားတို့ဘာဆုံးရှုံးနေသလဲ၊ ဆိုတာကိုလည်းစဉ်းစားကြပါ။ ခင်ဗျားတို့ရဲ့ခရစ်ယာန်ယုံကြည်ခြင်းကို မစွန့်ပယ်ရင်ခံရမည့် နောက်ဆက်တွဲဆိုးကျိုးများကိုလည်း စဉ်းစားကြပါဟု အမျိုးမျိုးပြောဆိုခြိမ်းခြောက်လိုက်သည်။ ထိုယုံကြည်သူအယောက် (၄၀) တို့သည် ဗိုလ်ချုပ်၏တောင်းဆိုမှုနှင့်ခြိမ်းခြောက်မှုများကို လုံးဝမကြောက်၊ အလျှော့မပေးပဲ နေကြသည်။

ဗိုလ်ချုပ်ဝဲစ်ပါးရှင်းက သူအစွမ်းကုန်စည်းရုံးပြောဆိုသော်လည်း အကျိုးသက်ရောက်မှုမရှိကြောင်းသိမြင်သောအခါ ၊ သူ၏စစ်သားအားလုံးကို တစ်နေရာတွင်စုစည်းပြီး ထိုယုံကြည်သူစစ်သားအယောက် (၄၀) က အလျှော့ပေးနိုင်ရန် အခွင့်အရေးတစ်ခုပေးပြန်သည်။ "စစ်သားထဲမှာရှိသောခရစ်ယာန်အားလုံးရှေ့သို့ခြေလှမ်းကြပါ " ဟု အမိန့်ပေးပြန်သောအခါ ၊ ထိုစစ်သားအယောက် (၄၀) တို့သည် နှောင့်နှေးခြင်းမရှိပဲ ချက်ချင်းရှေ့သို့ခြေလှမ်းကြသည်။ ဗိုလ်ချုပ်သည်ထိုသူတို့ကိုချက်ချင်းသတ်ပစ်ရန် အမိန့်ပေးနိုင်သည်။ သို့သော်သူသည် အခြားအစီအစဉ်တစ်ခုဖြင့် လုပ်ဆောင်လိုက်သည်။

ညမိုးချုပ်သောအခါ ၊ သူ၏စစ်သားများသည် ထိုသူတို့အား အေးခဲသောရေကန်ကြီးတစ်ခုဆီသို့ခေါ်ဆောင်ပြီး၊ အဝတ်ကိုချွတ်ပစ်ကာ အအေးဒဏ်ကြောင့်သေရန် ထိုနေရာ၌ထားရစ်ခဲ့ကြသည်။ ဗိုလ်ချုပ်က

"ခင်ဗျားတို့အသိတရားရလာပြီး ခရစ်ယာန်ယုံကြည်ချက်ကို စွန့်ပစ်ပါက၊ ကမ်းနားသို့လျှောက်လာပါ။ ထိုနေရာမှာ လှုံစရာမီး၊ အနွေးထည်နှင့်စားစရာများရှိသည်" ဟု သူတို့အားပြောသည်။ ရေကန်ပတ်လည်၌ကင်းစောင့်စစ်သားများသည် ထိုသူတို့ဘယ်လိုဖြစ်ကြမည်ကိုသိချင်ကြသောကြောင့် ညလုံးပေါက် အမှောင်ထဲသို့ကြိုးစားပြီး စေ့စေ့ကြည့်ကြသည်။ သူတို့သည် ဘာတစ်ခုမျှမမြင်နိုင်ကြသော်လည်း တစ်အောင့်မျှကြာတိုင်း "ကျွန်တော်တို့သည် ခရစ်တော်၏ ဓါးသိုင်းသမားအယောက် (၄၀)တို့ဖြစ်ကြပါသည်။ ကိုယ်တော်အတွက် ကျွန်တော်တို့တိုက်လှန်ကြပါ၏။ အို အရှင်ဘုရင်၊ အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ၊ ကိုယ်တော်၏ဘုန်းတော်ထင်ရှားရန်ဖြစ်ပါ၏" ဟု သီချင်းဆိုသံကြားကြသည်။

အာရုဏ်ဦးတက်သောအခါ ၊ သနားဖွယ်ကောင်းသောလူတစ်ယောက်သည် ထိုရေခဲများကိုကျော်ဖြတ်ကာ ရေကန်ပတ်လည်ရှိမီးပုံတစ်ခုဆီသို့ လာသည်ကိုမြင်ကြသည်။ ထိုအခါ ၊ စစ်သားများသည် ထိုသူထံသို့ပြေး၍၊ စောင်ဖြင့်ခြုံကာ၊ မီးပုံအနားသို့လျင်မြန်စွာတွဲခေါ်ကြသည်။ ထိုသူသည် သူ၏ယုံကြည်ခြင်းကိုစွန့်ပစ်ခဲ့သည်။

ထို့နောက်တွင် သူတို့သည် အေးခဲသောရေကန်ပေါ်မှ "ကျွန်တော်တို့သည် ခရစ်တော်၏ဓါးသိုင်းသမားအယောက် (၃၉) ဖြစ်ကြပါသည်။ ကိုယ်တော်အတွက် ကျွန်တော်တို့တိုက်လှန်ကြပါ၏။ အိုအရှင်ဘုရင်၊ အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ၊ ကိုယ်တော်၏ ဘုန်းတော်ထင်ရှားရန်ဖြစ်ပါ၏" ဟုဆိုသောသီချင်းသံကိုကြားကြသည်။

ဗိုလ်ချုပ်ဝဲစ်ပါးရှင်းလည်းရောက်လာကာ၊ ယုံကြည်ခြင်းကိုစွန့်ပယ်သူကိုတွေ့နေခိုက် အောင်မြင်သူအယောက်(၃၉)၏သီချင်းဆိုသံကိုလည်းကြားရသည်။ ဗိုလ်ချုပ်၏စိတ်ပြဋ္ဌာန်းချက်သည်ခိုင်မြဲပါသည်။ သူ၏ဝတ်စုံကိုချွတ်ကာ၊ သူတို့၏သခင်ကိုငြင်းပယ်ခြင်းထက် သေခြင်းကိုရွေးချယ်သောထိုယုံကြည်သူအယောက် (၃၉)နှင့်အတူသေရန် လျှောက်သွားခဲ့သည်။



# နှစ်ဆယ့်နှစ်

## ဂတိတော်နှင့်တွဲဖက်သော ပထမပညတ်တော်

The First Commandment with Promise

အမေရိကန်လူမျိုး ဧဝံဂေလိဆရာနှင့်ကျမ်းတတ်ပုဂ္ဂိုလ်တစ်ဦးဖြစ်သောရူဗင်တိုးရီ (Reuben Torrey) က ဂျော်ဂျာ(Georgia)ပြည်နယ်တွင်နေထိုင်သည့် သားတစ်ယောက်တည်းရှိသော မုဆိုးမအကြောင်းကို ပြောလေ့ပြောထရှိသည်။ ထိုသားအမိနှစ်ယောက်တို့သည် သာမန်ဆင်းရဲခြင်းထက်အောက်ကျ၍ဆင်းရဲကြသော်လည်း ဘုရားသခင်အားမညည်းညူပဲ၊ ဘုရားပေးသည့် မင်္ဂလာရှိသောဆင်းရဲခြင်းအဖြစ်ခံယူခဲ့သည်။

သူ၏သားသည်ချွင်းချက်မရှိ စာအရမ်းတော်သည်။ အထက်တန်းကျောင်းသား/သူအားလုံးထဲတွင် သူသည် ထိပ်ဆုံးကဖြစ်သည်။ အမှန်မှာ၊ ဘုရားသခင်အပြင်၊ သူသည် သူ့မိခင်၏အသက်တာ၌ဂုဏ်ယူဝမ်းမြောက်စရာနှင့်အရေးကြီးသောသူဖြစ်သည်။

သူ၏ပညာအရည်အချင်းမှတ်တမ်းအဆင့်မြင့်ခြင်းအတွက် ဘွဲ့နှင်းသဘင်အခမ်းအနား၌ နှုတ်ဆက်စကားပြောဆိုရန် သူ့အားရွေးချယ်ကြသည်။ သူသင်ယူခဲ့သောဘာသာရပ်တစ်ခုအတွက် အကောင်းဆုံးဆုအဖြစ် ရွှေတံဆိပ်တစ်ခုကိုလည်း ဂုဏ်ပြုခြင်းခံရမည်ဖြစ်သည်။

ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရောက်သောအခါ ၊ သူ၏မိခင်သည် ဘွဲ့နှင်းသဘင်သို့တက်ရောက်ရန် ပြင်ဆင်ထားခြင်းမရှိကြောင်း သတိပြုမိသည်။ သူ့အမေအား "အမေ၊ ဒီနေ့ဟာဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ဖြစ်တယ်။ ကျွန်တော်ဘွဲ့ယူမည့်နေ့ဖြစ်တယ်။ ဘာဖြစ်လို့ ဘွဲ့နှင်းသဘင်သို့တက်ရောက်ရန် မပြင်ဆင်တာလဲ " ဟု မေးသည်။

အမေက "အို - အမေမသွားပါဘူး။ ဘွဲ့နှင်းသဘင်မှာဝတ်ဘို့

သင့်တော်တဲ့အဝတ်အစား အမေ့မှာမရှိဘူး။ မြို့ထဲမှာနေထိုင်သည့် ထင်ရှားတဲ့လူကြီးလူကောင်းတွေ ကျက်သရေရှိတဲ့အဝတ်အစားတွေ ဝတ်

ကြမှာ။ အမေရဲ့ဟောင်းနွမ်းတဲ့ချည်သားဝတ်စုံကြောင့် သားကအရှက်ရပါလိမ့်မည်” ဟု ညိုးငယ်သောစိတ်နှင့်ပြန်ပြောသည်။

သူ့အမေ၏စကားကြောင့် အံ့အားသင့်စွာဖြင့်မျက်လုံးပြူးလျက် “အမေ၊ အဲဒီလိုမပြောပါနှင့်။ အမေ့ကြောင့် ကျွန်တော်ဘယ်သောအခါမှ ရှက်မှာမဟုတ်ပါဘူး။ နှုတ်ဖြင့်ပြော၍မကုန်နိုင်လောက်အောင်အမေ့အပေါ်မှာ သားအကြွေးတင်ပါတယ်။ အမေ မသွားရင်သားလည်း မသွားဘူး” ဟုဆိုပြီး အမေ့ကိုမရမနေပြောခဲ့သည်။

ထို့နောက်၊ အမေ့ကိုအကောင်းဆုံးဖြစ်အောင်အဝတ်စားဝတ်ခိုင်းကာ၊ သားအမိနှစ်ယောက် လက်ချင်းယှဉ်တွဲလျက် လျှောက်လာကြသည်။ ကျောင်း၏ဘွဲ့နှင်းသဘင်ခမ်းမအအတွင်းသို့ရောက်လာကြသောအခါ ၊ အမေ့အားရှေ့ပိုင်းမှာရှိသည့်အကောင်းဆုံးထိုင်ခုံတစ်ခုဆီသို့ ပို့ဆောင်ကာ၊ မီးပူတိုက်ထားသောချည်သားဝတ်စုံကိုဝတ်ဆင်သော သူ၏မိခင်သည် ဂုဏ်သရေရှိ မြို့မိ၊ မြို့ဖများအလယ်၌ ထိုင်လိုက်သည်။

အစီအစဉ်ရှိသည့်အတိုင်း သူ၏သားသည် အိန္ဒြေရှိစွာဖြင့် နှုတ်ဆက်စကား ဟောပြောသောအခါ ၊ လူအများကအုတ်အုတ်ကျက်ကျက် ချီးမွမ်းကြသည်။ ထို့နောက် ကျောင်းအုပ်ကြီးမှ သူ့အားရွှေတံဆိပ်ဆုချီးမြှင့်သည်။ ၎င်းဆုကိုလက်ခံပြီးသည်နှင့်စင်မြင့်ပေါ်မှဆင်းကာ၊ သူ၏မိခင်ထိုင်သည့်နေရာသို့လျှောက်လာပြီး မိခင်၏အင်္ကျီရင်ဘတ်ပေါ်၌ ထိုရွှေတံဆိပ်ကို တပ်ဆင်ရင်းနှင့် “ဒီဆုဟာ အမေနှင့်ဆိုင်တယ်၊ ဒီဆုကို အမှန်တကယ်ရထိုက်သောသူဟာအမေပါ ”ဟု ပြောခဲ့သည်။ ပရိသတ်ထံမှချီးကျူးသြဘာပေးသံသည် မိုးကြိုးသံကဲ့သို့မြည်ဟိန်း သွားသည်။ ပရိသတ်တို့သည်မတ်တပ်ရပ်လျက် များစွာသောသူတို့၏မျက်ရည်ကျခဲ့သည်။

ထိုသားသည် ဧဖက်၊ ၆း၂ ၌ “မိဘကိုရိုသေစွာပြုလော့” ဟု မိန့်မှာသည့်အတိုင်း နာခံလိုက်လျှောက်ခြင်းဖြင့် ပုံသက်သေကောင်းပြခဲ့သည်။ ဒေါက်တာတိုရီ (Torrey) သည် ဤအကြောင်းကိုပြောတိုင်း အသက်တာ၌လက်တွေ့ကျင့်သုံးရန်ဖြည့်စွက်၍ ဤသို့ ပြောတတ်သည် - “သခင်ယေရှုကြောင့် ဘယ်သောအခါမျှမရှက်ပါနှင့်။သင်သည်သူ့အပေါ်၌အကြွေးတင်သောသူဖြစ်သည်။ မတ်တပ်ထ၍၊ သူကိုဝန်ခံလိုက်ပါ။

ယုံကြည်ခြင်း ကြောင့်အသတ်ခံသောမာတုရတို့သည် မရှက်ကြပါ။ သြနေသိဖေါ်သည် ရှင်ပေါလုကြောင့်မရှက်ခဲ့ပါ (၂တိ၊ ၁း၁၆)။ ရှင်ပေါလု



သည် ဧဝံဂေလိတရားကြောင့်သော်လည်းကောင်း (ရောမ၊ ၁း၁၆)၊ သို့မဟုတ် သူယုံကြည်သောသခင်ဘုရားကြောင့်သော်လည်းကောင်း မရှက်ပါ (၂တိ၊၁း၁၂)။ ကျွန်တော်တို့သည် ခရစ်တော်ကြောင့်ဘယ်သောအခါမျှ မရှက်သင့်ပါ။”

# နှစ်ဆယ့်သုံး

## ချစ်တော်မူသောဘုရား[၂၀]

The God Who Loves

ခရစ်ယာန်သာသနာလုပ်ငန်းသမိုင်းတွင် ဂလဲဒီးစ်အာလ်ဝပ် (Gladys Aylward) ကို မိန်းမငယ်ကလေး(The Little Woman)အနေဖြင့် လူအများကသိမှတ်ကြသည်။ သူ၏ရုပ်ခန္ဓာကိုယ်သေးငယ်သော်လည်း ဝိညာဉ်ရေးရာ၌အံ့ဩဖွယ်ရာအောင်မြင်မှုများရရှိခဲ့သည်။ မကြောက်ရွံ့တတ်သော ဤသာသနာပြုဆရာမသည် ဘုရားသခင်အားရှိသားစွာဖြင့် ယုံကြည်ကာ၊ ကြောက်ရွံ့မှုကင်းမဲ့ပြီး၊ တည်ကြည်ခြင်းနှင့်သည်းခံခြင်းဖြင့် ဘုရား၏အစေကိုခံခဲ့သည်။ ထို့ကြောင့်သူမဘဝ၌ဘုရားသခင်က သူ၏ ဆုတောင်းသံကိုအံ့ဩဖွယ်ကောင်းလောက်အောင်အဖြေပေးခြင်း၊ပတ်ဝန်းကျင်အခြေအနေပြောင်းလဲခြင်းနှင့် တရုတ်နိုင်ငံ၌ ဧဝံဂေလိထိုးဖေါက်ရန် အံ့ဩစရာကောင်းလောက်အောင် တံခါးများပွင့်ခြင်းစသည်တို့ကိုမြင်တွေ့ရသည်။

တစ်ခါက၊ သူသည် ဂျပန်ကျူးကျော်သူများထံမှ ထွက်ပြေးလာသော ကျောင်းသားဒုက္ခသည်များနှင့်အိမ်တစ်လုံး၌အတူနေထိုင်ကြသည်။ ထိုလူငယ်များသည်အနောက်မြောက်ပိုင်းရှိဒေသတစ်ခုအတွက် ဆုတောင်းပေးကြသည်။ အကြောင်းအမျိုးမျိုးကြောင့် သူတို့သည် ထိုနေရာသို့သွားခွင့်မရကြပါ။ ထို့ကြောင့် ဂလဲဒီးစ်သည် ဘုရားသခင်က သူမအား ထိုနေရာသို့သွားရန်အလိုတော်ရှိသည်ဟုယုံကြည်သည်။ ထိုသို့ယုံကြည်သည့်အတိုင်း လမ်းပြတစ်ဦးကိုအားကိုးပြီး တစ်ရွာမှတစ်ရွာသို့ ခရီးထွက်လာခဲ့သည်။ စင်စွေ (Tsin Tsui) ရွာသို့ရောက်သောအခါ ၊ ထိုရွာသားများက သူတို့ရွာကိုကျော်ပြီးခရီးဆက်မပြုရန် သွေးဆောင်ကြသည်။ သူတို့က "ဒီနေရာမှာခရီးဆုံးပြီ၊ ဒီရွာကိုကျော်ပြီးဆက်မသွားပါနှင့်" ဟု ပြောကြသည်။ သို့သော် ဂလဲဒီးစ်က "ကမ္ဘာကြီးကဒီလိုမျိုးနှင့်ဆုံးမှာ မဟုတ်ဘူး။ ငါသွားမှဖြစ်မယ်။



ဒီအတွက် ငါ လာရတာဖြစ်တယ်" ဟု တုန့်ပြန်လိုက်သည်။

ထိုသို့ဆုံးဖြတ်ချက်ချသည်ကို တရုတ်လူမျိုး ခရစ်ယာန်ဆရာဝန် ဟွန် (Huang) က သိသောအခါ ၊ ငါးရက်ကြာအဖေါ်ပြုပေးရန်ကမ်းလှမ်းပြောဆိုလိုက်သည်။ ခရီးပြုရာတွင် တွေ့သောသူတိုင်းအား ခရစ်တော်အကြောင်းပြောကြသောကြောင့် ငါးရက်မှတစ်ဆယ်ရက်ထိကြာသွားသည်။ သူတို့နှင့်ထိတွေ့သောသူတစ်ယောက်ကမျှ ခရစ်တော်အကြောင်း မကြားခဲ့ဖူးပါ။ တစ်ဆယ့်တစ်ရက်မြောက်နေ့တွင် လူသူမရှိသော ခြောက်ကပ်သောနေရာတစ်ခုသို့ရောက်လာကြသည်။ အိပ်စရာနေရာနှင့်စားစရာအစာလုံးဝမရှိပါ။ ထို့ကြောင့်ဆုတောင်းကြသည်။ ဂလဲဒီစ်က စတင်၍ဆုတောင်းသည်- "အဖဘုရားသခင်၊ ကျွန်ုပ်တို့အပေါ်၌ ကျေးဇူးဂရုဏာသက်ရောက်စေတော်မူပါ ။ ဘယ်အခြေအနေ၌ ကျွန်တော်တို့ရောက်နေသည်ကို ကိုယ်တော်သိပါ၏။ ဒီညအတွက်အစားအစာနှင့်အိပ်စရာနေရာပြင်ဆင်ပေးပါ။" သူ၏ ဆုတောင်းချက်သည် သူနှင့်ဒေါက်တာဟွန်အတွက်သာဖြစ်သောကြောင့် စိတ်မကောင်းဖြစ်မိသည်။

ထို့နောက်၊ ဒေါက်တာဟွန်က ဆုတောင်းရာ- "အို-ဘုရားသခင်၊ ခရစ်တော်အကြောင်းကြားပြောစေချင်သောသူထံသို့ ကျွန်ုပ်တို့အား ပို့ဆောင်တော်မူပါ။" ယနေ့တွင်ကျွန်ုပ်တို့သည် ဘယ်သူတစ်ဦးတစ်ယောက်မျှသက်သေမခံရသေးပါ။ သို့သော် ကိုယ်တော်သည် ကျွန်တော်တို့အား ဤနေရာသို့ရည်ရွယ်ချက်ရှိစွာဖြင့် ပို့ဆောင်ပါ ပြီ။ ကိုယ်တော်ကောင်းကြီးပေးချင်သောသူကို တွေ့ပါမည်အကြောင်း ဖွင့်ပြတော်မူပါ။" ဒေါက်တာဟွန်သည် ဘုရားသခင်၏အမှုတော်အတွက် ဝန်တာရှိသောသူဖြစ်သည်။

ဂလဲဒီးစ်သည် သီချင်းတိုလေးတစ်ပုဒ်သီဆိုရန် ဆုံးဖြတ်လိုက်သည်။ နှစ်ဦးစလုံး၏ သီဆိုချီးမွမ်းခြင်းအသံသည် ကြည်လင်အေးချမ်းသော တောင်ပေါ်၌လွင့်၍သွားသည်။

မကြာမီအချိန်တွင် အဝေးတစ် နေရာမှလာသော လူတစ်ယောက်ကို ဒေါက်တာဟွန် လှမ်းတွေ့ခဲ့ရာ၊ ချက်ချင်းပြေး၍သွားကြိုလိုက်သည်။

ဒေါက်တာဟွန်က ဂလဲဒီးစ်အားလာရန် လှမ်းအော်၍ ခေါ်လိုက်သည်။ သို့သော် ဂလဲဒီးစ်သည် ထိုမတ်စောက်၍ကြမ်းတမ်းသောတောင်ပေါ်သို့ မတက်ချင်ပဲ၊ သူတို့၏အထုပ်အပိုးများကိုလည်း အစောင့်မရှိပဲ ပစ်

မထားချင်ပါ။ နောက်ဆုံးတွင် ဒေါက်တာဟွန်သည် ပြန်လာကာ ဂလဲဒီးစ်အား မရမကသွေးဆောင်၍ ခေါ်သွားသည်။ အထုပ်အပိုးများအတွက် ဘာမှစိတ်ပူစရာမလိုပါ။ အဘယ့်ကြောင့်ဆိုသော် ခိုးမည့်သူ တစ်စုံတစ်ယောက်မျှမရှိပါ။

ထိုလူနှင့်တွေ့သောအခါ ၊ တိဗက်လူမျိုး ဗုဒ္ဓဘာသာရဟန်း တစ်ပါးဖြစ်ကြောင်းသိကြသောအခါ ဂလဲဒီးစ်အံ့အားသင့်သွားသည်။ တိဗက်ရဟန်းများသည် အမျိုးသမီးများနှင့်လုံးဝစကားပြောဆိုခွင့်မရှိသော်လည်း သူသည် ဒေါက်တာဟွန်နှင့်ဂလဲဒီးစ်အား ဘုန်းကြီးကျောင်းသို့ လာရောက်တည်းခိုရန်ဖိတ်ခေါ်သည်။ ဂလဲဒီးစ်က အားနာနေသည်ကို ထိုရဟန်းက ရိပ်မိသောအခါ ၊ "ချစ်တော်မူသောဘုရားအကြောင်းကို ကျွန်ုပ်တို့အား ပြောပြရန် ခင်ဗျားကို ကာလကြာမြင့်စွာစောင့်ခဲ့ပြီးပြီ"ဟုပြောခဲ့သည်။ "မိန်းကလေး"သည် အလွန်အံ့အားသင့်သွားသည်။ သူတို့က ဘယ်လိုနည်းဖြင့် ချစ်တော်မူသော ဘုရားတစ်ဆူရှိသည့်အကြောင်း သိရသနည်း။ ဤကဲ့သို့ သီးခြားနေထိုင်သောသူတို့က သာသနာပြုဆရာများ (သို့) အခြားတစ်နေရာမှလာသော တစ်ယောက်ယောက်နှင့် အရင်ကအဆက်အသွယ်ရှိခဲ့ဖူးပါသလား။

ရဟန်းတော်များက သူတို့အတွက် ဖျာ၊ ရေနှင့်အရသာရှိသော အစားအစာများပေး ပြီးသောအခါ ၊ ဂလဲဒီးစ်၏အခန်းတံခါးဝသို့ ရဟန်းနှစ်ပါးရောက်လာကာ၊ သူတို့နှင့်အတူလိုက်ရန်ခေါ်ကြသည်။ အခြားရဟန်းတို့ကလည်း ဒေါက်တာဟွန်ကို ဂလဲဒီးစ်နှင့်အတူ ဒူးထောက်အုံးပေါ်၌ ထိုင်နေသော ရဟန်းအပါး (၅၀၀) ရှိသည့်အခန်းထဲသို့ပို့ဆောင်ကြသည်။ ဂလဲဒီးစ်အတွက် စိတ်ရှုပ်ထွေးစရာဖြစ်သော်လည်း ဒေါက်တာဟွန်အနေဖြင့် ဤအခန်းထဲ၌ စုစည်းရခြင်း၏ရည်ရွယ်ချက်သိခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်၊ ဂလဲဒီးစ်အားသီချင်းတိုတစ်ပုဒ် ဆိုခိုင်းလိုက်သည်။ သီချင်းဆိုပြီးသောအခါ ဒေါက်တာဟွန်က ကယ်တင်ရှင်၏ဗက်လင်မြို့၌ဖွားမြင်ခြင်း၊ အသေခံခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ပြောသည်။

ထို့နောက် ဂလဲဒီးစ်ကသီချင်းပြန်ဆိုလိုက်၊ ပြီးရင်ခရစ်တော်အကြောင်းပြောလိုက်၊ သီချင်းပြန်ဆိုလိုက်၊ ဒေါက်တာဟွန်ကဝေငှလိုက်စသဖြင့် အစီအစဉ်တစ်ခုပြီးတစ်ခု လုပ်ကြသည်။ ဂလဲဒီးစ်သည် အလွန်



ပင်ပန်းသောကြောင့် သူ့အခန်းထဲသို့ဝင်လိုက်သည်။ သို့သော် သူ၏အလုပ်မပြီးသေးပါ။ ရဟန်းတော်နှစ်ပါးသူ၏တံခါးဝ၌ရပ်လျက် မေတ္တာတော်ရှင်ဘုရား၏အကြောင်းကိုဆက်လက်ရှင်းပြရန် တောင်းဆိုကြသည်။ သူတို့နှစ်ပါးနှင့်ဆွေးနွေးပြီးနောက် နှစ်ပါးပေါ်လာပြန်သည်။ ဤသို့ဖြင့် မေတ္တာတော်ရှင်ဘုရား၏အကြောင်းကို ညလုံးပေါက်ပြောရင်း မိုးလင်းသွားသည်။ သူတို့သည် အထူးသဖြင့်လူသားများကိုချစ်သောမေတ္တာတော်ရှင်ဘုရားကို အလွန်စိတ်ဝင်စားကြသည်။

ငါးရက်ကြာမျှဧဝံဂေလိတရားဝေငှပြီးနောက်၊ ဂိုဏ်းချုပ်ရဟန်းတော်နှင့်တွေ့ဆုံဆွေးနွေးရန် ဂလဲဒီးစ်အားဖိတ်ခေါ်ကြသည်။ ထိုဂိုဏ်းချုပ်သည် ဂလဲဒီးစ်ပြောတတ်သော တရုတ်မန်ဒရင် (Mandarin) စကားပြောတတ်ကြောင်းသိသောအခါ ၊ စိတ်ချမ်းသာသွားသည်။ "အဘယ့်ကြောင့်နိုင်ငံခြားသူတစ်ယောက် ဘုန်းကြီးကျောင်းထဲ ရဟန်းတော်များအကြား၌ ရဟန်းတော်များနှင့်စကားပြောဆိုခွင့်ပေးပါသနည်း"ဟု မေးလိုက်သည်။ ထိုအခါ ၊ ဂိုဏ်းချုပ်က မှတ်သားဖွယ်ကောင်းသောအဖြစ်အပျက်ကို ပြန်၍အသေးစိတ်ပြောပြသည် -

ရဟန်းတော်တို့သည်တောင်ပေါ်၌ ပေါက်သောနွယ်ချိုပင်များကို တစ်နှစ်တစ်ကြိမ်စုသိမ်းကာ ရောင်းကြသည်။ တစ်နှစ်တွင်သူတို့သည် ရွာတစ်ရွာသို့ရောက်လာကြသောအခါ ၊လူတစ်ယောက်သည် ဝေစာကိုလက်ဖြင့်ကိုင်လျက် "ဘယ်သူဖတ်ချင်ပါသလဲ။ ကယ်တင်ခြင်းကို အခမဲ့ရနိုင်သည်၊ ဘာမှပေးစရာမလိုပါ။ ကယ်တင်ခြင်းရရှိသောသူသည် ထာဝရအသက်ရှင်မည်။ ပိုမိုသိရှိလိုပါက၊ ဧဝံဂေလိခန်းမဆောင်သို့ ကြွလာကြပါ " ဟု ဖိတ်ခေါ်သည်။

သူတို့သည် ထိုဝေစာကို ဘုန်းကြီးကျောင်းသို့ယူဆောင်လာကာ၊ နံရံပေါ်၌ကပ်ကြသည်။ ထိုဝေစာထဲတွင်ရှင်ယောဟန် ၃း၁၆ ကိုကိုးကား၍ ရေးသားထားသည်-"ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင်လောကီသားတို့ကိုချစ်တော်မူ၏။" ဤကျမ်းပိုဒ်သည် လူသားများကိုချစ်တော်မူသော ဘုရားတစ်ဆူရှိသည့်အကြောင်းကို သူတို့အားအမှတ်ရ

စေသည်။

သူတို့သည် နွယ်ချိုပင်ကို ငါးနှစ်လုံးလုံး ထိုရွာကလေး၌ရှိသော ဈေးသို့ သွားရောက်ရောင်းချကြသည်။ ထိုဈေးသို့သွားတိုင်း "လူသားများကိုချစ်သော မေတ္တာတော်ရှင်ဘုရား" ဘယ်မှာနေထိုင်ပါသနည်း၊ ဟု မေးကြသည်။ နောက်ဆုံးတွင် လင်ချိုး (Len Chow) ၌ရှိသော အမျိုးသားတစ်ယောက်က ထိုရဟန်းတော်တို့ကို တရုတ်ပြည်တွင်းသာသနာလုပ်ငန်း (China Inland Mission) ဝင်းထဲသို့ ပို့ဆောင်ခဲ့သည်။ ထိုသာသနာဝင်းထဲ၌ရှိသော သာသနာပြုဆရာတစ်ဦးက သူတို့အား ကယ်တင်ခြင်းအကြောင်းကိုရှင်းပြကာ၊ ခရစ်ဝင်ကျမ်း (၄) ကျမ်းပါသော ကျမ်းစာအုပ်တစ်အုပ်ကိုလည်း ပေးလိုက်သည်။ သူသည် ထိုကျမ်းစာကို လေ့လာရင်း၊ မာကု ၁၆း၁၅ ကိုဖတ်မိသည် - "သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့။" ထိုအချိန်မှစ၍၊ သူတို့သည် တစ်နေ့ကျရင် ဧဝံဂေလိတရားဟောရန် တစ်ယောက်ယောက်ရောက်လာမည်ဟု ယုံကြည်မျှော်လင့်ကြသည်။ ဘုရားသခင်က စေတမန်တစ်ဦး သူတို့ထံသို့ပို့သောအခါ ၊ ထိုသူအားလက်ခံရန်အဆင်သင့်ဖြစ်သင့်ဟု သံဓိဋ္ဌာန်ချကြသည်။

သူတို့သည် နောက်ထပ်သုံးနှစ်စောင့်မျှော်ခဲ့ကြသည်။ တစ်နေ့တွင် ရဟန်းတော်နှစ်ပါး တောင်ပေါ်၌လမ်းလျှောက်ထွက်သွားစဉ် သီချင်းဆိုသံကြားကြသည်။ သူတို့က "ဒီသီချင်းသီဆိုသောသူတို့သည် ဘုရားသခင်ကိုသိသောသူများသာလျှင်ဖြစ်မည်" ဟုပြောကြသည်။ ထိုအခါ ၊ ရဟန်းတော်တစ်ပါးသည် ဂလဲဒီးစ်နှင့်ဒေါက်တာဟွန်အားတွေ့ဆုံရန် တောင်အောက်သို့ဆင်းလာကာ၊ ကျန်တစ်ပါးသည် ကာလအတန်ကြာစောင့်မျှော်ခဲ့ကြသော ဧည့်သည်တော်များအတွက် ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် သူ၏မိတ်ဆွေရဟန်းတော်များကိုနှိုးဆော်ရန် ဘုန်းကြီးကျောင်းသို့ပြန်သွားသည်။

ထို့ကြောင့် ခရစ်ယာန်နှစ်ဦးကို ဆာငတ်သောနှလုံးသားနှင့် လှိုက်လှဲစွာ ကြိုဆိုလက်ခံရခြင်းဖြစ်သည်။

ထိုရဟန်းတော်များထဲမှ ပြောင်းလဲသောသူရှိခဲ့ပါသလား။ ဂလဲဒီးစ်သည် အတိအကျ မသိပါ။ သူသိသည့်အချက်မှာ သူနှင့်ဒေါက်တာဟွန်ကို ဘုရားသခင်ကသူ၏အစီအစဉ်တော်နှင့်အညီ ထိုရဟန်းတော်များဆီသို့ ပို့ဆောင်ခြင်းဖြစ်သည်။ သူတို့သက်သေခံခြင်း၏အကျိုးရလဒ်ကိုမူ ဘုရားသခင်လက်တော်၌အပ်နှံကြသည်။ ဘုရားသခင်သည် အကျိုးရလဒ်မရှိပဲ အဆုံး၌ပပျောက်သွားမည်ဆိုပါက၊ ထိုသို့ရှုပ်ထွေးခက်ခဲမှုရှိသောအခြေအနေမျိုးပြင်ဆင်ပေးမည်မထင်ပါ။

ထိုမိန်းမငယ်ကလေး(The Little Woman)သည်သူ၏ လန်းဆန်းသောအသက်တာ၊ ရှင်သန်သောယုံကြည်ခြင်း၊ နာခံခြင်းနှင့်သူတစ်ပါးရှေ့၌ သစ္စာရှိစွာ ဘုရားသခင်ကိုဝန်ခံခြင်းဖြင့် သခင်ယေရှုကိုအတုယူခဲ့သည်။ သူ၏အစေခံခြင်းက သဘာဝထက်လွန်ကဲသော အကျိုးသက်ရောက်မှုဖြစ်စေသည်။ သူမ၏အသက်တာက သူတစ်ပါး၏အသက်တာနှင့်ထိတွေ့သောအခါ ၊ ဘုရားသခင်အတွက် ကောင်းသောအရာတစ်ခုခုဖြစ်ပေါ်သည်။

# နှစ်ဆယ့်လေး

## အံ့သြဘွယ် ကျေးဇူးတော်[၂၂]

Incredible Grace

ကာယကံရှင်လင်မယားတို့၏ ဂုဏ်သိက္ခာကိုထောက်ထားသောအားဖြင့် သူတို့နှစ်ဦး၏နာမည်များကိုပြောင်း၍ ရေးသားဖေါ်ပြပါမည်။ အားညီ (Ernie) သည် အမေရိကန်စစ်တပ်၌အရာရှိတစ်ဦးဖြစ်ကာ၊ အမေရိကန်ပြည်ထောင်စုရှိ ကြီးကျယ်သော တပ်မတစ်ခု၌နေရာချထားခြင်းခံခဲ့ရသည်။ သူ၏ဇနီး အီးလိုင့်စ် (Elise) သည် သူတို့၏ကလေးနှစ်ယောက်ကို ပြုစုစောင့်ရှောက်ရန်အတွက် အိမ်၌နေရန်ဘုရားအလိုတော်ရှိသည်ဟု ယုံကြည်သည်။ ထို့ကြောင့် အလုပ်လုပ်နိုင်သည့်အခွင့်အရေးကိုလက်လွှတ်ရသော်လည်း ကျေနပ်ရောင့်ရဲခဲ့သည်။ အသေးမွှားကိစ္စများ၌ သဘောမတိုက်ဆိုင်ခြင်းမှလွဲ၍၊ သူတို့၏အိမ်ထောင်ရေး သာယာသည်ဟု ပြောဆိုနိုင်ပါသသည်။

အားညီ (Ernie)သည် ဂျပန်နိုင်ငံသို့ပြောင်းရွှေ့ခဲ့သည်။ ထိုအချိန်ကာလတွင် မိသားစုများသည် ပြောင်းရွှေ့သောမိဘများနှင့်အတူ ပြောင်းရွှေ့နေထိုင်ခွင့်မရကြပါ။ သို့ သော် သူတို့မိသားစုသည် စာရေးသားဆက်သွယ်ခြင်းဖြင့်နီးကပ်သောထိတွေ့မှုရှိကြသည်။ အဖေ့ထံမှစာရောက်သောအခါတိုင်းတွင် သားသမီးနှစ်ယောက်တို့သည် အမေ့အနားကြမ်းပြင်ပေါ်တွင်ထိုင်ချကာ၊ အမေဖတ်ပြသောအဖေ၏စာကို နားထောင်ကြသည်။ စာထဲ၌ပါသောသတင်းများကို ထိုနေ့တစ်နေကုန် ပြန်လည်ဆွေးနွေးကြသည်။ အဖေသည် သူတို့ထံမှ မဝေးသောတစ်နေရာ၌ရှိသကဲ့သို့ ခံစားကြသည်။

တစ်ပတ်အတွင်း စာမရောက်သောအခါ ၊ ထိတ်လန့်စိုးရိမ်ကြသည်။ အီးလိုင့်စ်သည် သူ့ယောကျ်ား Ernie သည် ဖျားနာခြင်း(သို့)မတော်တဆဖြစ်ခြင်း၊ အန္တာရယ်ကြုံတွေ့ရခြင်း(သို့)လျှို့ဝှက်သောတာဝန်



နှင့်စေလွှတ်ခံခြင်း စသည်တို့ဖြင့်တွေ့ကြုံနေတာလား၊ ဟု စိုးရိမ်စွာတွေးမိတတ်သည်။ နှစ်ပတ်ကုန်လွန်သော်လည်း စာရောက်မလာ။ မတော်တဆ (သို့) ဖျားနာခြင်းဖြစ်ပါက၊ အခုလောက်ဆိုရင် သူ့ထံသို့အကြောင်းကြားစာရောက်သင့်ပြီဟု စဉ်းစားမိသည်။ သုံးပတ်လွန်သွားပါပြီ။ သို့သော် စာလုံးဝရောက်မလာပါ။ လေးပတ်မြောက်တွင် စာတစ်စောင်ရောက်လာကာ၊ အီးလိုင့်စ်၏စိုးရိမ်ကြောက်ရွံ့ခြင်းသည် မယုံနိုင်လောက်အောင်အမှန်တကယ်ဖြစ်လာသည်။ သူသည်အဘယ်သို့သောမကောင်းမှုပြုခဲ့၍ ထိုကဲ့သို့အဖြစ်ဆိုးမျိုးကြုံရသနည်း။ စိတ်နှလုံးအလွန်ကြေကွဲသောကြောင့်သားသမီးနှစ်ယောက်အားမပြောပြနိုင်ပါ။

နောက်ဆုံးတွင် သားသမီးနှစ်ယောက်ထဲမှ တစ်ယောက်က “အမေ၊ ဘာပြဿနာရှိတာလဲ။ အဖေ့စာထဲမှာဘာရေးထားတာလဲ” ဟု မေးသည်။

သူတို့၏အဖေသည် အခြားမိန်းကလေးတစ်ယောက်နှင့်ချစ်ကြိုက်ပေါင်းသင်းနေသည့်အကြောင်း သူတို့အားပြောပြရန်မှာ အလွန်ခက်ခဲပြီးစိတ်ဆင်းရဲခဲ့သည်။ သားသမီးနှစ်ယောက်၏မျက်နှာသည် ထိတ်လန့်တုန်လှုပ်ခြင်းနှင့်ပြည့်နေသည်။ အဖေသည် သူတို့ထံသို့ ဘယ်သောအခါမှ ပြန်လာမည်မဟုတ်ကြောင်း သဘောပေါက်ကြသည်။ တစ်ယောက်က၊ “အမေ၊ သားတစ်ခုမေးလို့ရမလား။ အဖေက ကျွန်တော်တို့သားအမိသုံးယောက်ကိုမချစ်တော့ပေမယ့်၊ ကျွန်တော်တို့က သူ့ကိုမချစ်နိုင်တော့ဘူးလား” ဟု အမေကိုမေးလိုက်သည်။

ဤမေးခွန်းက အီးလိုင့်စ်၏နှစ်လုံးရိုက်နှက်ကာ၊ ဆာလံ ၈း၂ ကို သတိရစေသည်။ “. . . နို့စို့သူငယ်တို့၏နှုတ်ထဲမှ အစွမ်းသတ္တိကိုစီရင်တော်မူ၏။” ဝမ်းနည်းကြေကွဲသည့်ကြားထဲတွင် သူသည် ထိုသို့မစဉ်းစားခဲ့ဘူးပါ။ ထိုမေးခွန်းကိုအကြိမ်ကြိမ်စဉ်းစားပြီးသောအခါ “ဟုတ်ကဲ့၊ ကျွန်တော်တို့က သားသမီးတို့ရဲ့အဖေကို ချစ်လို့ရပါတယ်” ဟု ပြန်ပြောသည်။ ထိုသို့ပြောနေစဉ် သူ၏လည်ချောင်းထဲမှ အစိုင်အခဲရှိသလိုမျိုး ခံစားသည်။ သူ၏ သားလေးက “အမေ၊ ကျွန်တော်တို့ကအဖေကို ဆက်လက်ချစ်နေသည့်အတွက်ကြောင့် အရင်အတိုင်းပဲ စာမှန်မှန်ရေးရန် အဖေ့ကိုစာရေးပြီး

ပြောလိုက်ပါလား” ဟု ပြောသည်။ သူတို့သည် အဖေ့ထံမှ စာဆက်ဆက်

ရောက်လာရန် မျှော်လင့်ကြသည်။

ထိုသို့ပြုကြသောအခါ ၊ အဖေထံမှစာရောက်လာကာ၊ သူ၏သစ္စာပျက်မှုများကို ဖွင့်ပြလာသည်။ သူသည် အသက် (၁၅) နှစ်ရှိသော သူ၏အိမ်ဖော်နှင့် ချစ်ကြိုက်ပေါင်းသင်းနေထိုင်ခဲ့သည်။ နောက်ဆက်တွဲအနေဖြင့် သူသည် ထိုအိမ်ဖော်နှင့်ကလေးအများအပြားရခဲ့သေးသည်။ အီးလိုင့်စ်အနေဖြင့် ဤဖြစ်ရပ်များကိုမယုံကြည်နိုင်လောက်အောင်ဖြစ်နေသည်။ အားညီ (Ernie) ထံမှနောက်ထပ်စာတစ်စောင်ရောက်လာပြန်သည်။ "ချစ်လှစွာသော အီလိုင့်စ်၊ ဒီလိုစာရေးတဲ့အတွက် ဝမ်းနည်းမိပါတယ်။ ဒါပေမဲ့၊ ကျွန်တော်ကင်ဆာ ရောဂါခံစားနေရကာ၊ လောကဥ္စအသက်ရှင်ရမည့်အချိန် မကျန်တော့ပါ။ ကျွန်တော့်ပျက်ကွက်မှုကြောင့် ပင်စင်လည်းအသိမ်းခံလိုက်ရပါတယ်။ ထို့ကြောင့် စား၊ ဝတ်၊ နေရေး အလွန်ကြပ်တည်းစွာဖြင့်နေထိုင်ရပါ တယ်။ ကျွန်တော်သေပြီးနောက်ပိုင်းတွင်ကျွန်တော့်မိသားစုအတွက် ငွေပို့ပေးနိုင်မလား။"

စာဖတ်ပြီးသောအခါ ၊ အီးလိုင့်စ်က "အခုမှ အေကြောင်းစုံကြားရပြီ" ဟု သူ့ကိုယ်သူပြောမိသည်။ သူသည် ခင်ပွန်း၏အရှက်အကြောက်မရှိခြင်းနှင့် နောင်တမရခြင်းကို လုံးဝမယုံနိုင်လောက်အောင်ဖြစ်သည်။ စာထဲတွင်တောင်းပန်သည့်စကား တစ်ခွန်းမျှမပါပါ။ အပြစ်ဝန်ခံခြင်း (သို့) ခွင့်လွှတ်ရန်တောင်းပန်ခြင်းလည်း မရှိခြင်းကြောင့်နားလည်ရန်အလွန်ခက်ခဲပါသည်။

သို့သော်၊ သူ့သားက "အမေ- အဖေက ကျွန်တော်တို့သားအမိသုံးယောက်ကို မချစ်တော့ပေမယ့်၊ ကျွန်တော်တို့က သူ့ကိုမချစ်နိုင်တော့ဘူးလား၊" ဟု မေးခဲ့သောမေးခွန်းကို သတိရလျက် ကြားယောင်မိသည်။ ထို့ကြောင့် သူသည်ငွေမပို့နိုင်သော်လည်း သူလုပ်နိုင်သည့်အရာတစ်ခုကို ရှင်းပြကာ စာပြန်ရေးလိုက်သည် - "ကျွန်မလုပ်နိုင်မည့်အရာကိုပြောပါ မည်။ ရှင်သေလွန်ပြီးနောက်ပိုင်းတွင် သူတို့ကိုအမေရိကသို့ လာနိုင်အောင် စီစဉ်ပေးပါ။ ဒီအိမ်မှာပဲ သူတို့နေထိုင်ကာ၊ သူတို့ခြေထောက်ပေါ်မှာ ရပ်တည်နိုင်အောင် ကျွန်မသင်ပေးပါ့မယ်။"

စီစဉ်သည့်အတိုင်းဖြစ်ခဲ့ပါသည်။ အီးလိုင့်စ်က ရှင်းလင်းပြောကြားခဲ့သည်မှာ - "ကျွန်မမှာရွေးစရာနှစ်ခုရှိခဲ့ပါတယ်။ အတိတ်ကာလကို ပြန်



လည်ကြည့်ကာ၊ ကျွန်မအပေါ်ပြစ်မှားသည့်အတွက် သူ့ကိုကျိန်ဆဲ နိုင်ပါသည် (သို့) ဤအမှောင်ကမ္ဘာထဲ၌ သူ၏အလင်းကို လင်းခွင့်ပေးသည့်အတွက် ဘုရားသခင်အားကျေးဇူးတင်နိုင်ပါသည်။" ဤအမှောင်ကမ္ဘာထဲတွင် ဘုရားသခင်၏အလင်းကိုလင်းစေခြင်း၌ ထိုမိသားစုအား ဧဝံဂေလိတရား ဝေငှသက်သေခံခြင်းလည်းပါဝင်သည်။ ဤသို့ပြုခြင်းဖြင့်သူတို့သည်လည်း ဘုရားသခင်အတွက် အလင်းများဖြစ်လာနိုင်သည်။

ဂိုဏ်းချုပ်တဲမ်းပဲလ် (Archbishop Temple)ပြောခဲ့သောအချက်မှာ မှန်ကန်ပါ သည်။ "အကောင်းကိုအဆိုးနှင့်တုန့်ပြန်ခြင်းသည် နတ်ဆိုးနှင့်တူသည်။ အကောင်းကို အကောင်းနှင့်တုန့်ပြန်ခြင်းသည် လူသားနှင့်တူသည်။ အဆိုးကိုအကောင်းနှင့်တုန့်ပြန်ခြင်းသည် ဘုရားနှင့်တူသည်။"

# နှစ်ဆယ့်ငါး

## ဆင်းရဲသားများကို ချစ်သောသူ[၂၇]

## He Loved the Poor

ဂျွန်နဲလ်ဆင်ဒါဘီ (John Nelson Darby )သည် ချမ်းသာသောသူများနှင့် ထင်ပေါ်ကျော်ကြားသောသူများအား မြှောက်ပင့်ပြီး ကပ်စားတတ်သောသူမဟုတ်ပါ။ သူသည် သူတပါး၏စီးပွားရေးခြေအနေကို သိတတ်ပြီး၊ ကြွယ်ဝချမ်းသာသောမိသားစုမှကြီးပြင်းသောသူဖြစ်သည်။ အထက်တန်းလွှာလူတန်းစားများနှင့် သဟာယဖွဲ့ခြင်းနှင့်သက်တောင့်သက်သာရှိသောအိမ်ခန်းများတွင် နေထိုင်ခြင်းကို ပိုမိုနှစ်သက်ခြင်းသည် သူ့အတွက် သမရိုးကျဖြစ်သင့်ပါသည်။

သို့သော် သူသည်ထိုသို့မဖြစ်ခဲ့ပါ။ ဆင်းရဲသားများကိုချစ်ခဲ့သည်။ တစ်ခါက၊ ဥရောပတိုက်၌ တရားဟောရန် ရထားဖြင့် မြို့တစ်မြို့သို့ရောက်သည်။ သူ့အား ရထားဘူတာ၌ကြိုရန် စုရုံးရောက်လာကြသောလူများထဲတွင် ချမ်းသာသောအမျိုးသမီးတစ်ချို့ပါသည်။ ထိုသူတို့သည် နာမည်ကြီးတရားဟောဆရာအား ဧည့်ခံပြုစုခြင်းဖြင့်ဂုဏ်ယူဝံ့ကြွားချင်သောကြောင့် မိမိအိမ်အသီးသီးသို့ အပြိုင်အဆိုင်ခေါ်ဖိတ်ကြသည်။ အကယ်၍သူသည် ကြီးကျယ်ခမ်းနားသော သူတို့၏အိမ်များသို့သွားပါက၊ အကောင်းဆုံးအစားအစာနှင့် နေရာထိုင်ခင်းများဖြင့် ဧည့်ဝတ်ပြုခြင်းခံရမည်ဖြစ်သည်။ သူတို့သည် ထိုကျော်ကြားသော မစ္စတာဒါဘီအား ဧည့်ခံရခြင်းအတွက် သူတို့၏မိသားစုများနှင့်မိတ်ဆွေများအား ဝါးကြွားနိုင်ကြမည်ဖြစ်သည်။

ဒါဘီ (Darby) သည် လူအုပ်ကိုကြည့်ကာ၊ ခေါင်းဆောင်များဟုထင်ရသောသူတို့အား "အရင်က ဤမြို့သို့ရောက်ခဲ့ဘူးသော တရားဟောဆရာများကို အများအားဖြင့်ဘယ်သူက ဧည့်ခံပြုစုပါသလဲ"ဟု မေးသောအခါ ၊ လူအုပ်၏နောက်တွင် မတ်တပ်ရပ်နေသည့် အညတရဖြစ်သောအမျိုးသားတစ်ယောက်ကို လက်ညှိုးထိုးကြသည်။ ဒါဘီသည် ထိုသူရှိရာသို့သွားကာ၊ "ခင်ဗျားဆီမှာ ကျွန်တော်တည်းခိုလို့ရမလား" ဟုမေးလိုက်သည်။ ထိုရိုးစင်းသောညီအစ်ကိုသည် အလွန်အားရဝမ်းမြောက်စွာဖြင့် ဒါဘီ၏လက်ဆွဲအိတ်ကို လျင်မြန်စွာကောက်ယူလိုက်သည်။ J.N.Darby ၏ကိုယ်ရေးရာဇဝင်ရေးသားသောသူတစ်ယောက်က၊ "မထင်ရှားသောသူသည် ထင်ရှားသောသူအား ဧည့်ခံပြုစုသောသူဖြစ်ခဲ့သည်" ဟု ရေးသားခဲ့သည်။

Darby သည် ဆင်းရဲသားများအပေါ်ထားရှိသော သူ၏မေတ္တာအကြောင်းကို ဤသို့ပြောပြခဲ့သည် -

"ခရစ်တော်က ဆင်းရဲသားများကိုချစ်ခဲ့သည်။ ထို့ကြောင့်ကျွန်တော်ပြောင်းလဲသည့်အချိန်မှစ၍ ဆင်းရဲသားများကိုချစ်ပါသည်။ ချမ်းသာသောလူစုကိုပိုမိုနှစ်သက်သောသူတို့အား သူတို့နှစ်သက်သည့်အတိုင်း ရှိပါစေ။ ကျွန်တော် လန်ဒန်မြို့၌နေစဉ် ချမ်းသာသောလူစုကိုတွေ့မြင်ခဲ့ရာ ကျွန်တော့်နှလုံးသားနာကျင်ခဲ့ရသည်။ ဆင်းရဲသားများထံသို့ ရောက်သွားသောအခါ ၊ ချမ်းသာသောသူများ၌ရှိသည့် ဆိုးညစ်သောသဘာဝကိုပင်တွေ့ရသော်လည်း ခြားနားမှုတွေ့ရသည်။ ချမ်းသာသူများနှင့်စိတ်ချမ်းသာမှုကို အဓိကထားသောသူတို့သည် ကောင်းကြီးများကို အဘယ်မျှလောက်ရယူသိမ်းဆည်းနိုင်သည့်အပေါ်ကျေနပ်ကြသော်လည်း ဆက်ကပ်မှုမရှိကြပါ။ ဆင်းရဲသားများသည် ဝမ်းနည်းကြေကွဲကြသောအခါ သူတို့အားနှစ်သိမ့်ရန်သာ ခရစ်တော်ကိုအားကိုးချင်ကြသည်။"

တပည့်တော်အယောက်ခုနှစ်ဆယ်အား ပြုစုသွန်သင်စဉ်က ခရစ်တော်ဘုရားသည် သူတို့အား ဧည့်ဝတ်ပြုခြင်းအကြောင်းကို သင်ကြားပေးခဲ့သည်မှာ စိတ်ဝင်စားစရာကောင်းပါ သည်။

"မည်သည့်အိမ်မျိုးမဆိုဝင်တိုင်း ဤအိမ်၌မင်္ဂလာဖြစ်ပါစေသော" ဟု ရှေးဦးစွာပြောကြလော့။ ထိုအိမ်၌ မင်္ဂလာရှိသောသားရှိလျှင်၊ သင်တို့မြွက်သောမင်္ဂလာသည် တည်လိမ့်မည်။ သို့ မဟုတ် သင်တို့ထံသို့ ပြန်လာလိမ့်မည်။ ထိုအိမ်၌နေ၍ အစားအသောက်စီရင်ရာကို စားသောက်ကြလော့။ အကြောင်းမူကား၊ လုပ်ဆောင်သောသူသည် အခကိုခံထိုက်ပေ၏။ တစ်အိမ်မှတစ်အိမ်သို့ လှည့်လည်၍မသွားကြနှင့်" (လုကာ၊ ၁၀း၅-၇)။

ခရစ်တော်ဘုရားသွန်သင်လိုသည်မှာ- တပည့်တော်များသည် ငြိမ်သက်ခြင်းသတင်းစကားကို ကြိုဆိုလက်ခံသောသူ၏ ဧည့်ဝတ်ပြုခြင်းကို လက်ခံသင့်ကြောင်း၊ သို့သော်လည်း ပိုကောင်းသောအစားအစာနှင့် တည်းခိုစရာနေရာကိုမျှော်လင့်သောအားဖြင့်တစ်အိမ်မှတစ်အိမ်သို့မပြောင်းသင့်ပါ။ အထက်ပါသွန်သင်ချက်သည် Darby တွေ့ကြုံခဲ့သောအခြေအနေနှင့် တစ်ထပ်တည်းမဖြစ်ခဲ့သော်လည်း အခြေခံမူတူညီပါသည်။ တပည့်တော်တို့သည် သူ တို့အား ကြိုဆိုလက်ခံသောသူ၏အိမ်၌ တည်းခိုသင့်သည်။ ဒါဘီ (Darby) သည် ဆင်းရဲသားများထံ၌တည်းခိုရန် ချက်ချင်းရွေးလိုက်သည်။



# နှစ်ဆယ့်ခြောက်

## ဖိနပ်မပါပဲ ဘုရားကျောင်းတက်သူများ[၂၄]
Bare Feet in Church

နေ့စဉ်ခွန်အား(Our Daily Bread)စာအုပ်ထဲ၌ ဒင်းနီစ်ဒေဟန်း (Dennis DeHaan) က မြို့ဆင်ခြေဖုံးရှိ အသင်းတော်တစ်ပါး၌ဖြစ်ပေါ်သောအဖြစ်အပျက်တစ်ခုပြောပါသည်။ တနင်္ဂနွေနေ့တစ်နေ့တွင်၊ ကောလိပ်ကျောင်းအနီးအနားမှ ခရစ်ယာန်လူပျိုတစ်ဦးသည် တီရှပ်နှင့်ဂျင်းဘောင်းဘီကို ဝတ်ဆင်လျက်ဖိနပ်မပါပဲ၊ ဘုရားကျောင်းထဲသို့ လျှောက်လာသည်။ ဘုရားကျောင်းထဲ၌ရှိသောပရိသတ်တို့သည် ထိုလူငယ်ကိုမြင်သောအခါ စိတ်မချမ်းသာစွာဖြင့် စိုက်စိုက်ကြည့်ကြသည်။ ဖိနပ်မပါပဲ ဘုရား ကျောင်းမတက်ရဘူးဆိုတာ သူမသိဘူးလား။ ယောကျ်ားများက ရှပ်အကျႌ၊ ကုတ်နှင့်ဘောင်းဘီ ဝတ်ဆင်ကြတာ သူမမြင်ဘူးလား၊ စသည်ဖြင့် စိတ်ထဲ၌မေးခွန်းထုတ်ကြသည်။

ထိုင်ခုံအားလုံးလူပြည့်သောကြောင့် ထိုလူငယ် ဘီလ်(Bill) သည် ရှေ့ဆုံးထိုင်ခုံအထိလျှောက်လာသည်။ ထိုင်ခုံအလွတ်တစ်ခုမျှမရှိသဖြင့် ပလ္လင်(Pulpit) ၏အရှေ့ဘက်ကြမ်းပြင်ပေါ်တွင် ထိုင်ချလိုက်သည်။ မည်သူတစ်ယောက်မျှ ဤသို့မပြုဖူးကြပါ။ ဤအပြုအမူသည် အသင်းတော်၏ ထုံးတမ်းစဉ်လာကို ချိုးဖောက်ခြင်းဖြစ်ပြီး၊ ပရိသတ်က ဘဝင်မကျခဲ့ချေ။

ထို့နောက် အဆစ်ရောင်ဝေဒနာခံစားသော အသက်ကြီးသူတစ်ယောက်က အခြား ထုံးတမ်းစဉ်လာတစ်ခုကို ချိုးဖောက်ပြန်သည်။ သူသည် သူ၏လမ်းလျှောက်တုတ်ဖြင့် ပလ္လင်ဘက်သို့လျှောက်လာကာ၊ သူ၏ လမ်းလျှောက်တုတ်ကိုပစ်ချ၍ ထိုလူငယ်လေးဘီလ် (Bill) နှင့်ကပ်လျက်ထိုင်ချလိုက်သည်။ ဤသို့ပြုရခြင်းမှာ၊ လူငယ်လေးဘီလ် (Bill) တစ်ယောက်

အထီးကျန်သူနှင့် ပရိသတ်မနှစ်သက်သောသူအဖြစ် မခံစားစေလိုသော ကြောင့်ဖြစ်သည်။

ဤအဖြစ်ပျက်က ကျွန်တော်နေထိုင်ရာရပ်ကွက်နှင့်နီးသော အသင်းတော်တစ်ပါး၌ဖြစ်ခဲ့ဖူးသော အဖြစ်အပျက်ကိုသတိရစေပါသည်။ ထိုခေတ်ကာလသည် ဟစ်ပီ (hippies)၊ ပန်းသူငယ်များနှင့် မေတ္တာမျိုးဆက်သစ်တို့၏ခေတ်ဖြစ်သည်။ ပွဲတော်မင်္ဂလာပြုလုပ်သော တနင်္ဂနွေညနေပိုင်းအချိန်တွင် ယုံကြည်သူတစ်ယောက်ဖိနပ်မပါပဲ ဝင်လာသည်။ ပရိသတ်အများစုက ဂရုမစိုက်ကြသော်လည်း အသက်ကြီးသောယုံကြည်သူ တစ်ယောက်က ထိုသူအားပရိသတ်နှင့်အလှမ်းကွာသောနေရာသို့ တွဲခေါ်ပို့ဆောင်လိုက်သည်။ အခြားအသင်းလူ ကြီးတစ်ယောက်က ဘာဖြစ်နေသည်ကိုစောင့်ကြည့်နေသည်။ သူသည် ထိုသူထံသို့သွားပြီး၊ ပွေ့ဖက်ကာ “ကိစ္စမရှိပါဘူး၊ ဖိနပ်မပါပေမယ့် လှပါတယ်” ဟု ပြောခဲ့ရာ၊ ထိုသူက “ဒါက၊ အော်ရိဂျယ်နဲလ်(Original) ပါ ” ဟု ပြန်ပြောလိုက်သည်။

ဖိနပ်မပါသော ထိုလူနှစ်ဦးတို့အားထောက်ထား၍ မေတ္တာပြခဲ့သောအဆစ်ရောင်ရောဂါသည် အသက်ကြီးသူနှင့်သနားကြင်နာတတ်သောသင်းလူကြီးတို့အားရှိသေလေးစားထိုက်ပေသည်။ အပြင်ပန်းသဏ္ဌာန်ကိုကျော်လွန်၍မြင်တတ်သော ယုံကြည်သူများနှင့်သခင်ယေရှုကိုချစ်တတ်သည့်နှလုံးသားကို မြင်တတ်သောယုံကြည်သူများသည်လည်း ရှိသေလေးစားထိုက်သောသူများဖြစ်ကြသည်။ ပြစ်တင်ဝေဖန်ခြင်းက သူတစ်ပါးကိုနှင်ချပြီး၊ မေတ္တာသဘောထားက“ငါ့ထံသို့လာပါလေစေ”ဟုပြောပါသည်။



# နှစ်ဆယ့်ခုနှစ်

## အမေဇုန်မြစ်ပေါ်၌ပစ်ချခြင်း

Shot Down Over the Amazon

ဂျိမ်နှင့်ရော်နီဘာဝါစ် (Jim & Roni Bowers) လင်မယားတို့သည် ခုနှစ်လအရွယ်မွေးစားသမီးလေး ချားရီးတီး (Charity) အတွက် ပီရူးနိုင်ငံ၌ အမြဲနေထိုင်ခွင့်ဗီဇာ (visa) လုပ်ရန် ကိုလံဘီယာနိုင်ငံ (Columbia) လေတီချာမြို့ (Letitia) ရှိ သံအမတ်နှင့်တွေ့ဆုံကြသည်။ ဆောင်ရွက်စရာကိစ္စပြီးသောအခါ ၊ ပီရူးနိုင်ငံ၊ အီခီတိုစ် (Iquitos) မြို့ရှိနေအိမ်သို့ သာသနာပိုင်လေယာဉ်ဖြင့် ပြန်လာကြသည်။ လေယာဉ်မောင်းသူမှာ သူတို့၏ရင်းနှီးသောမိတ်ဆွေနှင့်သာသနာပြုဆရာတစ်ဦးလည်းဖြစ်သူ ကယ်ဗင်ဒေါ်နယ်လ်ဆွန် (Kevin Donaldson) ဖြစ်သည်။ လေယာဉ်၏အနောက်ဖက်ပြူတင်းပေါက်နားတွင် အသက်ခုနှစ်နှစ်ရှိ ခိုရီဘာဝါးစ် (Cory Bowers) ထိုင်ကာ၊ သူသည် ပီရူးနိုင်ငံ၏သဘာဝလှပမှုကို စိတ်ဝင်စားစွာကြည့်နေသည်။

မကြာမီတွင်၊ ကယ်ဗင် (Kevin) နှင့် ဂျိမ် (Jim) တို့သည် သူတို့လေယာဉ်နောက်၌ ပီရူးနိုင်ငံလေတပ်၏ တိုက်လေယာဉ်တစ်စီးက ကပ်၍လိုက်လာသည်ကို မြင်ကြသည်။ ထိုတိုက်လေယာဉ်နှင့်အတူပူးတွဲ၍ ထိုဒေသ၌ မူးယစ်ဆေးဝါးကုန်သွယ်မှုကို တားဆီးနှိမ်နင်းသော အမေရိကန်စီအိုင်အေ (CIA)အဖွဲ့လိုက်ပါသည့် အခြားဂျက်လေယာဉ်တစ်စီးကိုမူ သူတို့ မမြင်မိကြချေ။ CIA အဖွဲ့က ထိုတိုက်လေယာဉ်မှူးအား ထိုသာသနာပိုင်လေယာဉ်ကို မပစ်မီသေချာစွာစစ်ဆေးရန် တောင်းဆိုခဲ့သည်။ သို့ရာတွင် ထိုတောင်းဆိုချက်မှာ အလွန်နောက်ကျသွားသည်။

ကျည်ဆံတစ်တောင့်သည် ဂျိမ်ဇနီး ရိုနီ၏နောက်ကျောကိုဖောက်ထွင်းပြီး ရိုနီ၏ပေါင်ပေါ်တွင်ထိုင်သော ချားရီးတီး (Charity) ၏ ဦးခေါင်း

ကိုလည်း ထိမှန်သွားကာ၊ နှစ်ယောက်စလုံး ချက်ချင်းသေဆုံးကြသည်။ ထို့နောက် အခြားကျည်ဆံတစ်တောင့်က လေယာဉ်မှူး ကယ်ဗင်(Kevin)၏ ညာဘက်ခြေထောက်ကိုထိမှန်ကာ၊ ဂျိမ်သည် လေယာဉ်ထိုင်ခုံပတ်ဝန်းကျင်ရှိမီးများကို ငြိမ်းသတ်နိုင်ကာ၊ ကယ်ဗင်က လောင်နေသော လေယာဉ်ကို အမေဇုန်မြစ်၏မြစ်လက်တက်ပေါ်၌ အံ့သြစွာဖြင့်ဆင်းတက်စေသည်။ လေယာဉ်ပျက်ကျပြီးသော်လည်း ထိုတိုက်လေယာဉ်က သာသနာပြု ဆရာများကို ဆက်လက်ပစ်ခတ်နေသည်။ ယခုတွင် လေယာဉ်သည် မီးလောင်လျက်ရှိသော်လည်း ဂျိမ် (Jim) သည် သူ၏ဇနီးနှင့်သမီး၏ အလောင်းများကိုရေထဲမှဆွဲထုတ်နိုင်ခဲ့သည်။ မီးလျှံထဲမှဖြစ်သော်လည်း အပူဒဏ်မခံစားခဲ့ပါ။

ဂျိမ် (Jim) သည် ရိုနီ နှင့် ချားရီးတီး၏အလောင်းများကို တောက်တောက်လောင်နေသော လေယာဉ်မှ ဆွဲထုတ်ကာ ရေကူးနေစဉ်တွင် ကယ်ဗင် (Kevin) သည် ခိုရီ (Cory) ကို ကျောခ၌ပိုးကာ ရေကူးခဲ့သည်။ ဂျိမ်သည် ခိုရီ က သေဆုံးသွားသော သူ၏အမေနှင့်ညီမအား မမြင်နိုင်အောင် သူတို့၏မျက်နှာများကို ရေထဲ၌မှောက်လျက်ထားသည်။ လေယာဉ်သည် ရေထဲ၌နစ်သောအခါ ၊ မီးအားလုံးငြိမ်းသွားသည်။ လေယာဉ်အောက်ပိုင်း၌ ဖေါ့တပ်ဆင်ထားသောကြောင့် လေယာဉ်သည် ရေအောက်သို့ မကျခဲ့ပါ။ ကယ်ဗင်(Kevin) နှင့် ဂျိမ်(Jim) တို့နှစ်ဦးသည် လေယာဉ်ရှိရာသို့ ပြန်ကူးကာ လေယာဉ်၏ဖေါ့တစ်ဖက်ကိုကိုင်လျက် တွယ်နေကြသည်။ မကြာခင်မှာပဲ၊ သူတို့အားအကူအညီပေးရန် လူတစ်ချို့ စက်လှေဖြင့်ရောက်လာကြသည်။

ထိုမိုက်မဲသောလူသတ်မှုနှင့် လေယာဉ်ပစ်ချမှုကြောင့် ပီရူး အာဏာပိုင်များနှင့် စီအိုင်အေအဖွဲ့တို့သည် ချက်ချင်းတစ်ဖက်နှင့်တစ်ဖက် အပြစ်တင်စွပ်စွဲကြသည်။ အံ့အားသင့်စရာဆန့်ကျင်ဘက်တစ်ခုမှာ၊ ခရစ်တော်၏စိတ်သဘောထားရှိကြသော ဂျိမ်ဘာဝါစ်၊ ကယ်ဗင်ဒေါ်နယ်လ်ဆွန်နှင့် အမေရိကန်ပြည်ထောင်စုရှိ သူတို့၏သာသနာရုံးချုပ်၌ရှိသော ယုံကြည်သူများဖြစ်ကြသည်။ ဤအဖြစ်ဆိုးကြောင့် သူတစ်ပါးအားလက်ညှိုးထိုးပြစ်တင်ခြင်းနှင့် တရားစွဲဆိုရန်ခြိမ်းချောက်ခြင်းလုံးဝမရှိခဲ့ပါ။ ထိုသို့ပြုမည့်အစား သခင်ယေရှုကိုယုံကြည်ခြင်းအကြောင်းနှင့်သူ၏အလိုတော်ကို ဝန်ခံခြင်းအကြောင်းကို အကြိမ်ကြိမ်သက်သေခံကြသည်။



နောက်ပိုင်းတွင် ဂျိမ် (Jim) က "ထိုအဖြစ်ဆိုးအတွက် တာဝန်ရှိသူများအပေါ်၌ ကျွန်တော်တို့၏ စိတ်သဘောထားမှာ ခွင့်လွှတ်ခြင်းဖြစ်ပါတယ်။ အံ့သြစရာမကောင်းပေဘူးလား။ ကျွန်တော်တို့ခရစ်ယာန်များအတွက် အံ့သြစရာမဖြစ်သင့်ပါ။ ထိုတိုက်လေယာဉ်မှူးများအတွက် ကျွန်တော်ဆုတောင်းပေးနေပါတယ်။ ကျွန်တော် သူတို့၏ကြီးကြပ်ရေးမှူးနှင့်ခရစ်တော်အကြောင်းပြောခဲ့ရာ၊ သူသည် ခရစ်တော်အကြောင်းကို ပို၍သိချင်ကြောင်း စိတ်ဝင်စားစွာဖြင့်ပြောပါသည်။ ကျွန်တော့်နေအိမ်မှ သူ့ကို ဖုန်းနှင့်လှမ်းခေါ်ပြီးစကားပြောခဲ့ပါတယ်။ ထိုအမှုနှင့်ပတ်သက်ပြီး အခြေအနေကောင်းပါတယ်။ မခံနိုင်လောက်အောင်ခံစားမှုမရှိပါဘူး။"

ဇနီးနှင့်သမီးဆုံးရှုံးရသော်လည်း "ခိုရီ (Cory) နှင့်ကျွန်တော်တို့နှစ်ယောက်စလုံး၌ မရှင်းပြနိုင်သော ငြိမ်သက်ခြင်းရှိပါတယ်"ဟု ဂျိမ်ကပြောပါသည်။ Newsweek မဂ္ဂဇင်းက "အနည်းငယ်သောလူတို့သည် ထိုကဲ့သို့ သဘောထားရိုးဖြောင့်သောယုံကြည်ခြင်းရှိကြပါသည်" ဟု မှတ်ချက်ချခဲ့သည်။

ဘုရားကိုချစ်သောဇနီးသည်နှင့်သမီးလေး၏ချောပနာအခမ်းအနား၌ ဂျိမ် (Jim)သည် မိုးကြားထဲမှ ဖြတ်သန်းလာသော နေရောင်ခြည်ကို ခြေကြောင်းခံနိုင်ခဲ့သည်။ နှလုံးကြေကွဲခံရသော ထိုနေ့ရက်၌ဖြစ်ခဲ့သော နိမိတ်လက္ခဏာများထဲ၌ ဘုရားသခင်၏ လက်ရာတော်ကိုမြင်နိုင်ခဲ့သည်။ ဒလဆတ်ပစ်ခတ်ခဲ့သော ကျည်ဆံများသည် လေယာဉ်ကိုထိမှန်သော်လည်း ခိုရီ (Cory)နှင့်သူ့ကို လုံးဝမထိမှန်ခဲ့ပါ။ အမှန်မှာ ဂျိမ် (Jim) ၏ထိုင်ခုံနောက်ဘက်မှ ကျည်ဆံတစ်ထောင့်က သူ၏ရှေ့၌ရှိသော လေကာကိုထိမှန်ခဲ့သည်။

လေယာဉ်ထဲ၌မီးငြိမ်းသတ်စဉ်က အတွေ့အကြုံမရှိခဲ့ဖူးသော ဂျိမ်သည် ခဏလေးဖြင့် ငြိမ်းသတ်နိုင်ခဲ့သည်။ သူကိုယ်တိုင်အံ့အားသင့်ခဲ့ရသည်။ Roni နှင့် Charity ကိုသတ်ခဲ့သောကျည်ဆံသည် မရပ်တန့်ပဲ ဆက်သွားပါက လေယာဉ်မှူးကို ထိမှန်သေဆုံးစေနိုင်ပြီး၊ လေယာဉ်၌ပါသောသူအားလုံး သေဆုံးသွားမှာသေချာပါသည်။ သူနှင့် ခိုရီ (Cory) တို့သည် ကြောက်လန့်၍အော်ဟစ်ခြင်းမျိုးမပြုကြပါ။ သူတို့သည် လူကြံ၍ မမီနိုင်သော ခရစ်တော်၏ငြိမ်သက်ခြင်းတွေ့ကြုံခံစားကြသည်။ သူတို့သည်

ကြည်လင်စွာစဉ်းစားကာ၊ ကြုံတွေ့ရသော အခြေအနေဆိုးကို လျင်မြန်ထိရောက်စွာ တုန့်ပြန်နိုင်ကြသည်။

လေယာဉ်မှူးတစ်ဦးသည် ဖော့ပါသောလေယာဉ်ကို ကောင်းမွန်စွာဆင်းသက်နိုင်စေရန် ခြေထောက်နှစ်ချောင်းအသုံးပြုရန်လိုအပ်သည်။ Kevin ၏ခြေထောက်ပြင်းထန်စွာဒဏ်ရာရ၍၊ ပထမဆုံးသေနတ်ဖြင့်ပစ်ခြင်းခံသောနေရာနှင့် မြစ်ရေပြင်အလှမ်းကွာဝေးသော်လည်း သူသည်လေယာဉ်ကိုရေပေါ်၌ ကောင်းမွန်စွာဆင်းသက်စေနိုင်ခဲ့သည်။ ထိုလေယာဉ်ကိုအမှန်တကယ်မောင်းနှင်သူမှာ ဘုရားဖြစ်ကြောင်း Kevin သိသည်။

Jim သည် Roni နှင့်Charity ၏အလောင်းကို မီးတောက်တောက်လောင်နေသော လေယာဉ်ထဲမှဆွဲနှုတ်ရန်လိုအပ်သောခွန်အားရှိခဲ့သည်။ သူသည် ထိုမီးလျှံ၏အပူရှိန်ကို မခံစားရပဲ၊ အေးနေသည်။ သူ၏အတွေ့အကြုံက မီးလျှံထဲ၌ပစ်ချခြင်းခံရသော ဟေဗြဲလူငယ်သုံးဦး၏အဖြစ်အပျက်ကို ထင်ဟပ်စေသည် (ဒံ၊ ၃း၂၇)။

လေယာဉ်ရေထဲ၌ကျပြီး မီးငြိမ်းသွားသောအခါ၊ Kevin, Roni နှင့် Jim တို့သည် လေယာဉ်၏ ဖော့တစ်ဖက်ကိုဆုပ်ကိုင်ကာ တွယ်၍နေနိုင်ကြသည်။

Kevin နှင့် Jim သည် Cory ၊ အလောင်းနှစ်လောင်းနှင့်အတူ လေယာဉ်၏ဖော့တစ်ဖက်၌တွယ်နေပြီး၊ အားအင်ကုန်ခန်းသောအချိန်၌ သူတို့ကိုကူညီရန် စက်လှေတစ်စီးအချိန်မီရောက်လာသည်။

သူတို့ပစ်ခတ်ခြင်းခံသောနေရာ၌ရှိသော မြို့၌ Jim သိခဲ့သောလူတစ်ချို့ရှိသည်။ ထိုသူတို့သည် ထိုအဖြစ်အပျက်ကို သူတပါးအားချက်ချင်းသတင်းပေးပို့၍၊ ရေဒီယို (radio)မှတဆင့် ကယ်ဆယ်ရေးအကူအညီ ချက်ချင်းတောင်းဆိုခဲ့ကြသည်။

ထိုရေဒီယိုကိုလည်း အနှောက်အယှက်၊ အခက်အခဲမရှိပဲ အသုံးပြုနိုင်သည်။ Jim က ထိုရေဒီယိုဖြင့် Kevin ၏ဇနီးသည်ကိုခေါ်သောအခါ ၊ သူသည် အိမ်၌ရှိနေသည်။ သူ၏မိတ်ဆွေလေယာဉ်မှူးတစ်ဦးသည် Kevin ဆေးကုသမှုခံယူနိုင်ရန်အတွက်ကူညီရန်သူ၏လေယာဉ်ဖြင့်ချက်ချင်း Kevin ရှိရာသို့ရောက်လာသည်။



Cory နှင့် Jim တို့သားအဖသည် သဘာဝထက်လွန်ကဲသောငြိမ်သက်ခြင်းကိုခံစားကြသည်။ ထိုသို့ဖြစ်ရခြင်းမှာ ယုံကြည်သူများ၏ဆုတောင်းပေးခြင်းကြောင့်ဖြစ်ကြောင်း ထင်ရှားသည်။

နောက်ဆုံးအံ့ဩဘွယ်ကောင်းသောအချက်တစ်ခုမှာ၊ ဂျိမ် (Jim) နှင့် သူ၏မိသား စုဝင်များ၊ ဒိုနဲလ်ဆွန်စ် (Donaldsons) မိသားစုဝင်များနှင့် ထိုအမှုနှင့်ပါဝင် ပတ်သက်သောခရစ်ယာန်အားလုံးတို့သည် ထိုအဖြစ်ဆိုးအတွက် တာဝန်ရှိသောသူများအား ခွင့်လွှတ်ရန်တူညီသော စိတ်သဘောထားရှိကြသည်။ ထိုသို့ဖြစ်ရခြင်းမှာ၊ ဘုရားသခင်၏မေတ္တာတော်ကို ထိုသူအားလုံးတို့၏စိတ်နှလုံးအသီးသီး၌ သွန်းလောင်းခြင်းကြောင့်ဖြစ်သည်။

Roni နှင့် Charity တို့သည် အကျိုးမဲ့စွာဖြင့်မသေဆုံးကြပါ။ သူတို့၏အသက်ဆုံးရှုံးခြင်းက သာသနာပြုလုပ်ငန်းကို အသစ်တဖန်စိတ်ဝင်စားလာကြရန် ခရစ်ယာန်များကို နှိုးဆော်ခဲ့သည်။ ခရစ်တော်၏ မဟာစေခိုင်းခြင်းအမိန့်တော်ကို အဖြေပေးတုန့်ပြန်ကြရန် လူများအား စိန်ခေါ်သည်။ Jim က "ကျွန်တော်အပါအဝင်အိပ်ပျော်နေသော ခရစ်ယာန်များ၊ ဘုရားကိုဂရုမစိုက်သောသူများနှင့် အနည်းငယ်သာ ဂရုစိုက်သူများအား နှိုးဆော်ရန် ဘုရားအလိုတော်ရှိမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်" ဟု ပြောပါသည်။

ဘုရားသခင်သည် Cory ၏အသက်တာကိုပို့ဆောင်လျက်၊ ခရစ်တော်ယေရှုကို မိမိကယ်တင်ရှင်နှင့်သခင်အဖြစ် ယုံကြည်လက်ခံသည့်အထိ အခွင့်ထူးပေးခဲ့သည်။ အချိန်ကာလကုန်လွန်လာသည်နှင့်အညီ၊ ထိုအဖြစ်ဆိုးကို ကြားသိ၊ တွေ့မြင်သော လောကသားများက ခရစ်ယာန်တို့သည် လောကသားများနှင့်မတူပဲ၊ ထူးခြားကြသည်ကို ပို၍သိမြင်လာကြသည်။ Prime Time မဂ္ဂဇင်းက မေ ၂၄၊ ၂၀၀၁ နေ့၌ ဖြစ်ပျက်သောရင်နင့်ဘွယ်ရာ ထိုအဖြစ်အပျက်ကို မှန်ကန်ပြည့်စုံစွာဖေါ်ပြခဲ့သည်။ ထိုမဂ္ဂဇင်းထဲတွင် ဒိုင်ယင်းဆောယား ( Diane Sawyer) က ထိုအဖြစ်အပျက်ကို "လူသားများရဲ့မေတ္တာပုံပြင်တစ်ခု၊ ဆုံးရှုံးမှုနှင့်နာကျည်းမှုခံစားခြင်း၊ ကျွန်တော်တို့အများစုက အဝေးတစ်နေရာမှသာ လှမ်းမြင်နိုင်သောပြည့်ဝသောယုံကြည်ခြင်း" ဟု ခေါ်ဆိုရေးသားထားသည်။

# နှစ်ဆယ့်ရှစ်

## လွီးစ်နှင့်သန့်ရှင်းရေးသမား[၂၅]

## Louise and the Sanitary Engineer

လွီးစ် (Louise) သည် အလွန်သိတတ်လိမ္မာပါးနပ်သော မိခင်တစ်ဦးဖြစ်သည်။ သူသည် သမ္မာကျမ်းစာသွန်သင်ချက်နှင့်အညီအသက်ရှင်သော ခရစ်ယာန်မိခင်နှင့်ဇနီးကောင်းဖြစ်သည်။ သူအားအရဆုံးများထဲမှတစ်ခုမှာ၊ သူ၏သားသမီးခုနှစ်ယောက်ကို ဘုရားသခင်အတွက် ပြုစုပျိုးထောင်ခြင်းဖြစ်သည်။ နောက်တစ်ခုမှာ၊ သခင်ယေရှုအတွက် မောပန်းသည်ဟု မအောက်မေ့ပဲ၊ ခရီးထွက်၍ လှည့်လည်အမှုတော်ဆောင်သော သူ၏ ခင်ပွန်းသည်အား ထောက်မခြင်းဖြစ်သည်။ တစ်ခါက၊ New Jersey မြို့၌ကျင်းပသော ဓမ္မညီလာခံ၌ Louise ၏ခင်ပွန်းသည် တရားဟောစဉ် ထိုနေ့သည်သူ့ဇနီး၏မွေးနေ့ဖြစ်ကြောင်းသတိရသည်။ သူသည်ဇနီး Louiseကိုဖုန်းဖြင့်ခေါ်ကာ၊ သူ၏မွေးနေ့မှာ အတူနေ၍သူ့အတွက်မွေးနေ့လက်ဆောင်မပေးနိုင်သည့်အတွက် ဝမ်းနည်းမိကြောင်းပြောလိုက်သည်။ မဆိုင်းမတွပဲ သူက "ဘုရားပို့သောနေရာမှာ သူလုပ်ခိုင်းသောအမှုတော်ကိုဆောင်ခြင်းထက်သာ၍ ကောင်းသောလက်ဆောင်ကျွန်မအားပေးနိုင်မည်မဟုတ်ပါဘူး" ဟု ပြန်ပြောလိုက်သည်။

လွီးစ် (Louise) အသက်တာမှ စံနမူနာယူစရာများရှိပါသည်။ သူသည် နေ့တိုင်း မအားမလပ်ဖြစ်သော်လည်း ပျော်ဆုံးသော ဝိညာဉ်များအားသက်သေခံရန်အချိန်ကို ပေးကာ၊ ထက်မြက်သော ဧဝံဂေလိသမားဖြစ်သည်။ အိမ်အနီးနားတွင်နေသော အမျိုးသမီးများကိုခေါ်ကာ၊ ကော်ဖီသောက်ရင်း သမ္မာကျမ်းစာကိုအတူတကွလေ့လာကြသည်။ သို့ရာတွင် ထိုသူတို့သည် နာမည်ခံခရစ်ယာန်အဆင့်နှင့်သာ တင်းတိမ်ရောင့်ရဲကြကာ၊ တစ်ဦးချင်းအနေဖြင့် ခရစ်တော်ကိုမိမိကယ်တင်ရှင်အဖြစ်လက်ခံရန် စိတ်မဝင်စားကြချေ။



တစ်နေ့ နံနက်စောစောအချိန်တွင် Louise သည် ဧည့်ခန်း၌ ဆုတောင်းနေစဉ် လုကာအခန်းကြီး ၁၄ ထဲ၌ရှိသောပွဲအကြောင်းကို သတိရမိသည်။ဖိတ်ခေါ်ခြင်းခံသောသူအားလုံးတို့က ဆင်ခြေအမျိုးမျိုးပေးကြသောကြောင့် သခင်ကသူ၏အစေခံများကို မြို့လမ်းမနှင့် လမ်းကြားသို့သွား၍ အခြားလူတို့ကို ခေါ်ဖိတ်ရန်စေလွှတ်လိုက်သည်။

လွီးစ်က "သခင်ဘုရား၊ ကျွန်မဖိတ်ကြားသောသူတို့က ဆင်ခြင်အမျိုးမျိုးပေးကြ၏။ တခြားလူများထံသို့သွား၍ ကိုယ်တော်အတွက်သက်သေခံချင်ပါသည်။ သို့သော် ကျွန်မသားသမီးများအိမ်၌ ပြုစုစောင့်ထိန်းရပါ၏။ လူတစ်ယောက်ယောက်ကို လမ်းမကြီးမှဖြစ်စေ၊ လမ်းကြားမှဖြစ်စေ၊ ကျွန်မထံသို့ပို့ဆောင်ပါက ထိုသူအားသက်သေခံပါမည်" ဟုဆုတောင်းခဲ့သည်။

ဆုတောင်းပြီးသည်နှင့် အမှိုက်သိမ်းယူသော ကားဟွန်းသံကြားသည်။ သူက ဒီအ မှိုက်ကားမောင်းသူဟာ ဘုရားပို့ဆောင်သောသူအမှန်ပဲ၊ ဟု ယုံကြည်လျက်၊ ပြူတင်းပေါက်ဝမှ လှမ်းကြည့်သောအခါ၊သန့်ရှင်းရေးအင်ဂျင်နီယာအမျိုးသားတစ်ဦး ကိုယ်ခန္ဓာကွေးလျက် ခက်ခဲစွာ အမှိုက်ပုံးထဲရှိအမှိုက်များကို အမှိုက်ကားထဲသို့ ထည့်နေသည်ကိုတွေ့သည်။

အမှိုက်ကားမောင်းသူ Reg သည် Louise ၏ အမှိုက်များကိုသိမ်းပြီးနောက်တွင် လမ်းပေါ်သို့လျှောက်သွားခဲ့သည်။ Louise က Reg အား ခါးကိုက်နေသလားဟု၊ မေးသောအခါ "မကိုက်ပါဘူး၊ နှလုံးအားနည်းတာပါ" ဟု ပြန်ပြောသည်။

"ဒါဆိုရင်၊ ဘာကြောင့်လေးသောအမှိုက်ပုံးများကို တနေကုန်ကိုင်တွယ်ရတာလဲ " ဟု ဆက်၍မေးသည်။ "ဒီမှာ ကျွန်မရဲ့အမှိုက်များကို ကျွန်မပဲသယ်မယ်"ဟု ပြောရင်း အမှိုက်ပုံးကြီးကိုထမ်းကာ အမှိုက်ကားထဲသို့ အမှိုက်များကိုသွန်ပစ်လိုက်သည်။ အမှိုက်ကားမောင်းသူက "ကျွန်တော် ဒီအလုပ်ပဲရှာတွေ့နိုင်တယ်" ဟုပြောသည်။

"ကောင်းပါ ပြီ၊ ခင်ဗျားပို၍ကောင်းသောအလုပ်ရရန် (သို့) ခင်ဗျားရဲ့နှလုံးရောဂါပျောက်ကင်းရန် ဆုတောင်းပေးပါ့မယ်"

"အဘယ်သူကမှ အမှိုက်သိမ်းသမားများကို ဂရုမစိုက်ကြပါဘူး " ဟု Reg က ဝမ်းနည်းစွာဖြင့်ပြောသည်။

"ဘုရားသခင်က ဂရုစိုက်ပါတယ်" ဟု Louise က ပြန်ပြောသည်။

Reg အလုပ်ဆက်လုပ်ရန်ရှိသေးသဖြင့်အမှိုက်ကားမောင်း၍ထွက်သွားသည်။ တစ်ပတ်ခန့်ကြာသောအခါ၊ Louise သည် အမှိုက်ပုံအနားရှိ ဘောင်တစ်ခုပေါ်၌ မတ်တပ်ရပ်ရင်း အမှိုက်ကားကို စောင့်နေသည်။ Reg က အမှိုက်ပုံးလာမယူခင်မှာ၊ Louise က အမှိုက်များကိုသယ်ယူကာ အမှိုက်ကားထဲသို့ သွန်ပစ်လိုက်သည်။ Reg က Louise ကိုကြည့်ရင်းနှင့် "ကျွန်တော့အတွက်ဆုတောင်းခဲ့သလား၊ " ဟု မေးရာ၊ Louise က "နေ့တိုင်း ဆုတောင်းပေးတယ်" ဟု ပြန်ပြောသည်။ သို့သော် Reg က ပါးစပ်ဖြင့်ပြန်မပြောသော်လည်း စိတ်ထဲ၌ Louise ပြောသောစကား မယုံခဲ့ပါ။

Louise က ဆက်လက်၍ "နားထောင်ပါ။ အကျင့်မရှိသော ယုံကြည်ခြင်းသည် အသေဖြစ်၏ဟု ကျမ်းစာကပြောတယ်။ ခင်ဗျားသာ၍ကောင်းသောအလုပ်ရရန် ကျွန်မဆုတောင်းပေးနေတယ်။ ခင်ဗျားဘက်က အလုပ်သစ်လျှောက်ဘို့ လိုအပ်တယ်" ဟု ပြောသောအခါ၊ Reg က ဘာမှပြန်မပြောပဲ ခေါင်းညိတ်ရင်း ကားမောင်းကာထွက်သွားသည်။

နောက်တစ်လမ်းသို့ရောက်သောအခါ ၊ Reg သည် ကျောင်းသို့သွားနေသောLouise ၏သမီး ဒုတိယတန်းကျောင်းသူ မော်ရာ(Moira) ကိုတွေ့ရာ၊ Moira က "ဟေး. . . ဦးလေးအတွက် ကျွန်မတို့အိမ်မှာ ဆုတောင်းပေးတယ်"ဟုပြောသောအခါ ၊ Reg သည် တစ်ယောက်သောသူက အမှိုက်သိမ်းသမားများကို ဂရုစိုက်ကြောင်းသိခဲ့သည်။

တစ်ပတ်ကြာသောအခါ ၊ Louise က အမှိုက်ကားကိုစောင့်နေချိန်တွင် Reg သည် အမှိုက်ကားနှင့်ရောက်လာကာ၊ "မစ္စစ်နီခိုလ်ဆွန်၊ ဘုရားသခင်၊ ကောင်းကင်နှင့်ငရဲရှိကြောင်း ကျွန်တော်ယုံတယ်။ ဒါပေမယ့် ကျွန်တော့မှာ တစ်ခုခုလိုအပ်နေသလိုခံစားတယ်။ ကျွန်တော့်ကိုပြောပြနိုင်မလား" ဟု မေးလိုက်သည်။

Louise က Reg အား ဘုရားသခင်၏ကယ်တင်ခြင်းအကြောင်းနှင့် ယုံကြည်ခြင်း၏အရေးကြီးပုံကို ကောင်းမွန်စွာရှင်းလင်းပြောပြခဲ့သည်။ သူသည် စိတ်ဝင်စားစွာနားထောင်ပြီးသောအခါ ၊ ပြုံးလျက် လက်ကိုရမ်းကာ ထွက်သွားသည်။ Louise က "ခရစ်တော်ကို ခင်ဗျားရဲ့ကယ်တင်ရှင်နှင့်သခင်အဖြစ် ယုံကြည်လက်ခံပါ" ဟု လှမ်းပြောလိုက်သည်။

Louise တို့မိသားစုသည် Reg အတွက် နောက်ထပ်တစ်ပတ်ကြာဆက်လက်ဆုတောင်းပေးကြသည်။ အမှိုက်လာသိမ်းသည့်နေ့တွင် Louise သည် ကြိုတင်၍ အမှိုက်ပုံးနားသို့သွားကာ Reg ကိုစောင့်သည်။ Reg ရောက်သောအခါ ၊ အမှိုက်ကားပေါ်မှခုန်ဆင်းကာ "ကျွန်တော် ခရစ်တော်ကို မိမိကယ်တင်ရှင်နှင့်သခင်အဖြစ် ယုံကြည်လက်ခံလိုက်ပြီ"ဟု ပြောသည်။

Reg ဟာ တကယ်ပြောင်းလဲသလား၊ ဟု Louise က စဉ်းစားသုံးသပ်မိသည်။ပြောင်းလဲသည်ဖြစ်စေ၊ မပြောင်းလဲသည်ဖြစ်စေ သူကျမ်းစာအုပ်ဖတ်သင့်သည်ဟု Louise ထင်မြင်သည်။ ယုံကြည်ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကြားနာခြင်းမှဖြစ်သည်။ "Reg -ခင်ဗျားရဲ့ ဝိညာဉ်အစာအတွက် ကျမ်းစာဖတ်ဖို့လိုအပ်တယ်" ဟု Louise ကပြောသောအခါ ၊ Reg က "အော်၊ ကျွန်တော့်ကိုစောစောစီးစီးပြောသင့်တယ်။ ခရစ်ယာန်တစ်ယောက် ကျမ်းစာဖတ်ဘို့လိုအပ်တယ်ဆိုရင် ကျွန်တော်ဝမ်းနည်းပါတယ်။ ကျွန်တော်က စာဖတ်ဝါသနာမပါဘူး၊ သတင်းစာတောင် မဖတ်ဖူးဘူး" ဟုပြောရင်း ကားကိုနောက်တစ်အိမ်သို့မောင်းနှင်လိုက်သည်။

ခြံထောင့်တစ်နေရာတွင် လေးသောစက္ကူပုံးပေါ်တွင် ပလပ်စတစ်အုပ်ထားသော အသစ်စက်စက်ကျမ်းစာအုပ်တစ်အုပ်ရှိသည်။ ထိုအခါ ၊ Reg က "ကောင်းပါပြီ၊ ကိုယ်တော်၊ ကျွန်တော် ကိုယ်တော်ရဲ့စာအုပ်ကို ဖတ်ပါမည်" ဟု ကတိပေး၍ပြောလိုက်သည်။

သူသည် ကျမ်းစာကို စ၍ဖတ်ရုံသာမက၊ Louise နှင့်သူ၏ မိသားစုမိတ်သဟာယဖွဲ့သောအသင်းတော်၌ တက်ရောက်မိတ်သဟာယဖွဲ့သည်။ ဘုရားကျောင်းသို့ပထမအကြိမ်တက်သောနေ့တွင် အမှိုက်ပုံးကုမ္ပဏီ၏တံဆိပ်ရိုက်ထားသောအနီရောင်ဝတ်စုံကို ဝတ်ခဲ့သည်။ ထိုဝတ်စုံသည် Reg ရှိခဲ့သော အဝတ်အစားများထဲမှ အကောင်းဆုံးဖြစ်သည်။ သူသည် သကြားလုံးဆိုင်ထဲ၌ရှိသော ကလေးတစ်ယောက်ကဲ့သို့ဘုရားကျောင်းထဲရှိ ရှေ့ဆုံးထိုင်ခုံပေါ်တွင် ပြုံးဖြဲဖြဲနှင့်ထိုင်နေသည်။ သူသည် ဂုဏ်တော်ချီးမွမ်းခြင်း၊ တရားဒေသနာနှင့် ယုံကြည်သူတို့၏ပွင့်လင်းမှုအားလုံးတို့ကို အလွန်သဘောကျသည်။ လူတစ်ယောက်က Reg အား "ခင်ဗျား ဘာကြောင့် ဒီအသင်းတော်ရဲ့အင်္ဂါညဆုတောင်းအစည်းအဝေးတက်လျက်နှင့် ဗုဒ္ဓဟူးညတိုင်းမှာ ခင်ဗျားအိမ်ရဲ့အနီးအနားမှာရှိတဲ့အသင်းတော်မှာ ဆုတောင်းအစည်းအဝေးတက်တာလဲ" ဟု မေးသောအခါ ၊ သူက "ကျွန်တော် နှစ်ဆလုပ်ရမှာဖြစ်တယ်။ မီအောင်လိုက်ဘို့လုပ်စရာ မြောက်များစွာရှိတယ်" ဟု ပြန်ဖြေလိုက်သည်။

ပြောင်းလဲပြီးမကြာခင်မှာ ရေနှစ်ခြင်းမင်္ဂလာကိုခံယူခဲ့သည်။ ဘုရားသခင်က Reg အား အရက်သေစာအပေါ်၌ အောင်မြင်ခြင်းအခွင့် ပေးခဲ့သည်။ သူကိုယ်တိုင်ဘုရားကျောင်းသို့ သစ္စာရှိစွာဖြင့် ပုံမှန်တက်သည်သာမက၊ ဧဝံဂေလိတရားကြားနာရန် သူ၏သူငယ်ချင်းများကိုလည်း ပို့ဆောင်ခဲ့သည်။ ကယ်တင်ခြင်းစိတ်ချမှုရသည့်နေ့မှစ၍ ဝမ်းသာလို့မဆုံးဖြစ်ခဲ့သည်။

သူ၏နှလုံးရောဂါသက်သာလာခြင်းမရှိသော်လည်း ပို၍သက်သာသော အခြားအလုပ်တစ်ခုကို နှစ်အတော်ကြာလုပ်ခွင့်ရခဲ့သည်။ ထို့နောက် ဘုရားသခင်က သူ၏ပွဲသို့လာတက်ရန် လမ်းမကြီးနှင့်လမ်းကြားမှခေါ်ခဲ့သော ခရစ်တော်၌ချစ်သောညီအစ်ကို Reg အား အိမ်တော်သို့ခေါ်တော်မူခဲ့သည်။

Reg က ဤကဲ့သို့ မင်္ဂလာခံစားရခြင်းသည် သစ္စာရှိသော အိမ်ရှင်မက "ကိုယ်တော်၊ ကျွန်မကို အသုံးပြုတော်မူပါ" ဟု ဆုတောင်းခဲ့သောကြောင့်ဖြစ်ပါသည်။



# နှစ်ဆယ့်ကိုး

## ပြော၍မကုန်နိုင်သောသက်သေများ
## Time Would Fail to Tell It All

ကမ္ဘာတစ်ဝန်းလုံးတွင် အသက်တာ၌ခရစ်တော်ကိုဖော်ဆောင်သော ခရစ်ယာန်များ နေ့တိုင်းရှိပါသည်။ ခရစ်တော်၏သဏ္ဍာန်ကို သူတို့၏ကြွံခိုင်လှပသောခန္ဓာကိုယ်၌ မမြင်ရပဲ၊ သူတို့၏အသစ်ဖန်ဆင်းသော စိတ်နှင့်နှလုံးသား၏လှပမှု၌ မြင်တွေ့ရသည်။ သန့်ရှင်းခြင်း၊ မေတ္တာ၊ နှိမ့်ချခြင်း၊ သနားကြင်နာခြင်းနှင့်ခွင့်လွှတ်ခြင်း စသည်တို့က ဘုရားသခင်၏ ဂုဏ်အင်္ဂလက္ခဏာကို ဖန်တီးပေါ်လွင်စေပါသည်။ [၂၆]

ညှို့ဝတ်ပြုခြင်းအသက်တာ၌ ခရစ်တော်ပေါ်လွင်ထင်ရှားသည်ကို ကျွန်တော်မြင်တွေ့ခဲ့ပါသည်။ ကျွန်တော်တည်းခိုသော အိမ်ရှင်ယုံကြည်သူတို့သည် သူတို့၏အိပ်ခန်းနှင့် ရေချိုးခန်းတို့ကို ကျွန်တော့်အားအသုံးပြုခိုင်းကာ၊ သူတို့သည်အခြားတစ်နေရာတွင် အိပ်ကြသည်။ အဖြစ်အပျက်တစ်ခု ပြောချင်ပါသည်။ ဓမ္မညီလာခံကျင်းပပြုလုပ်နေစဉ် မိသားစုတစ်စု၏အိမ်၌ တည်းခိုသောညှို့သည် တစ်ဆယ့်ခြောက်ယောက်ရှိခဲ့ပါသည်။ အိမ်ရှင်မိဘနှစ်ပါးသည် သူတို့၏သားသမီးသုံးယောက်နှင့်အတူ ကားဂိုဒေါင်ထဲ၌ အိပ်ကြသည်။ Taiwanနိုင်ငံ၌ ရောက်စဉ်တွင်သာသနာပြုဆရာက၊ ကျွန်တော့်ကို သူ၏ကုတင်ပေါ်၌အိပ်ခိုင်းကာ၊ သူသည် မီးဖိုအနားကြမ်းပြင်ပေါ်၌ အိပ်နေသည်။ သူသည် ကျွန်တော်ထက်ပို၍ နွေးထွေးစွာ အိပ်ပျော်ခဲ့ကြောင်း သူသက်သေခံသောအခါ သိရသည်။ သူသည် သူ၏အိမ်၌ တည်းခိုသော ညှို့သည်တိုင်းကို ထိုသို့ပြုခြင်းဖြင့် သူ၏အသက်တာ၌ ခရစ်တော်၏ သဏ္ဍာန်ထင်ဟပ်လျက်နေသည်။ အမေရိကန်ပြည်ထောင်စု၊ ကော်လိုရာဒိုပြည်နယ်တွင်နေထိုင်သော ခရစ်တော်၌ညီအစ်မတစ်ဦးသည် တနင်္ဂနွေနေ့

နံနက်ဝတ်ပြုစည်းဝေးသို့ အလာလမ်းပေါ်၌ ကားချွတ်ယွင်းမှုကြောင့် ဒဏ်ရာရကာ၊ အရေးပေါ်ခွဲစိတ်ခံရန်ဆေးရုံသို့တင်ရသည်။ သူသတိပြန်ရသောအခါ ပထမဆုံးပြောသောစကားမှာ- "ဒီနေ့ဘုရားကျောင်းတက်သောဧည့်သည်များအတွက် ညစာဘယ်သူစီစဉ်သလဲ" ဟူ၍ဖြစ်ပါသည်။

ခရစ်တော်ယေရှု၏သနားကြင်နာမှုကိုဆင်ခြင်သောအခါ ၊ ကလေးသူငယ်များအပေါ်၌ထားရှိသော သူ၏မေတ္တာကိုမေ့၍မရနိုင်ပါ။ တပည့်တော်များအတွက် ထိုကလေးသူငယ်တို့သည် စိတ်ရှုပ်စရာနှင့် အနှောင့်အယှက်ပေးသောသူများဖြစ်ကြသော်လည်း ခရစ်တော်အတွက်မဖြစ်ပါ။ ခရစ်တော်အတွက် ထိုကလေးငယ်တို့သည် ဘုရားသခင်၏နိုင်ငံတော်နှင့် ထိုက်တန်သောသူများဖြစ်ကြသည်။ သူ့အတွက် လူကြီးများနှင့်အတူနေခြင်းထက် ကလေးသူငယ်များနှင့်အတူနေခြင်းသည် ပို၍စိတ်ချမ်းသာစရာဖြစ်မည်ဟု ကျွန်တော် မကြာခဏ သံသယဝင်ပါသည်။

ဆာဒူးဆန်းဒါးစိန့် (Sadhu Sundar Singh) က သူ့သခင်၏သဏ္ဍာန်ကိုဖော်ဆောင်ခဲ့ပါသည်။ သူတပါး၏အိမ်၌ ဧည့်သည်တစ်ဦးအဖြစ်ရောက်တိုင်း ကြမ်းပြင်ပေါ်၌ဆင်းချကာ၊ ကလေးငယ်များနှင့်ပျော်ရွှင်စွာ ကစားလေ့ရှိသည်။ တစ်ညတွင် ကလေးသူငယ်များက သူတို့၏အမေအား "အမေ၊ သခင်ယေရှုက ကျွန်ုပ်တို့အားအိပ်ယာပေါ်မှာသိပ်ပါစေ"ဟု တောင်းဆိုကြသည်။

တူညီသောဖြစ်ရပ်တစ်ခုပြောချင်ပါသည်။ သတိမထားပဲ လျင်မြန်စွာပြေးလာသော လူကြီးတစ်ယောက်က လက်၌အထုပ်အပိုးများနှင့်ပြည့်သောလူငယ်တစ်ဦးကို ဝင်ဆောင့်မိရာ၊ ထိုလူကြီးက လူငယ်၏အမှားဟုပြစ်တင်ဆုံးမခဲ့သေးသည်။ ထိုအဖြစ်အပျက်ကိုတွေ့မြင်သော လူတစ်ယောက်က ကျသွားသောအထုပ်အပိုးများကိုကောက်ကူရင်းနှင့် ထိုလူငယ်အား ငွေတစ်ဒေါ်လာပေးကာ "ဖြစ်ခဲ့သည့်အဖြစ်အပျက်အတွက် ဆပ်ပေးတာပါ " ဟု ပြောလိုက်သည်။ လူငယ်လေးက သနားကြင်နာတတ်သော ထိုလူအား အံ့အားသင့်စွာဖြင့် "ဆရာ၊ ခင်ဗျားဟာ သခင်ယေရှုလား၊" ဟု ပြန်ပြောသည်။

အခြားယုံကြည်သူတို့ကလည်း သူတို့၏အမျက်ဒေါသကိုချုပ်တည်းခြင်းအားဖြင့် ခရစ်တော်၏သဏ္ဍာန်ကို သူတို့၏အသက်တာ၌ထင်ရှားစေကြသည်။ ခီတို (Quito) နိုင်ငံ၌ သာသနာပြုဆရာတစ်ဦးသည် မတော်တဆဖြစ်မှုကြုံတွေ့ခဲ့သည်။ ညာဘက်လမ်းမှ ကားမောင်းနှင်နေသောအမျိုးသမီးတစ်ဦးသည် မှားယွင်းစွာဖြင့်ဘယ်ဖက်သို့လှည့်၍မောင်းရာ သာသနာပြုဆရာ၏ကားကိုတိုက်ချကာ ပျက်စီးစေသည်။ နှစ်ယောက်စလုံး ကားအပြင်သို့ထွက်ကြသောအခါ ၊ ထိုအမျိုးသမီးက သာသနာပြုဆရာ၏ အမျိုးနွယ်နှင့်နိုင်ငံကို စော်ကားပြီး သူ၏မျက်နှာကို ရိုက်ပုတ်လိုက်သည်။ သူ့ကားဆီသို့ပြန်ရောက်သောအခါ ဝိညာဉ်အသီးတစ်မျိုးဖြစ်သော မိမိကိုယ်ကိုချုပ်တည်းခြင်းကို မိမိအသက်တာ၌ပေါ်လွင်ထင်ရှားခြင်းအတွက် ဘုရားသခင်အား ကျေးဇူးတင်ခဲ့သည်။ သူက "ကျွန်တော့်အသက်တာ၌ ခရစ်တော်မရှိပါက၊ ထိုကားပျက်စီးခြင်းအတွက် ကျွန်တော်ဘယ်လိုတုံ့ပြန်မိမလဲမသိဘူး" ဟု ပြောခဲ့သည်။

အိန္ဒိယနိုင်ငံ၌ နှစ်အတန်ကြာသာသနာပြုခဲ့သော ဆရာဝန်ဒေါက်တာ အီဒါစခပ်ဒါး(Dr. Ida Scudder) သည် သူ့အားပြစ်မှားသောသူအပေါ်၌ ပြန်လည်ကလဲ့စားချေသောစိတ်သဘောထား လုံးဝမရှိခဲ့ပါ။ မူဆလင်တစ်ဦးက အဘယ့်ကြောင့်ထိုကဲ့သို့ဖြစ်နိုင်တာလဲ၊ ဟု မေးသောအခါ ၊ သူပြန်မဖြေခင်မှာ သူ့အကြောင်းကိုသိသော ဟိန္ဒူမိတ်ဆွေတစ်ဦးက "ဘာကြောင့်ဒီလိုဖြစ်တာလဲဆိုတာ ခင်ဗျားမသိဘူးလား။ ဒေါက်တာ အီဒါရဲ့ဘုရားက စိတ်ရှည်ပြီးမေတ္တာတော်ရှင်ဘုရားဖြစ်တယ်။ သူက သူ့ဘုရားကဲ့သို့ဖြစ်တယ်"[၂၃] ဟု ပြန်ဖြေလိုက်သည်။

နိမ့်ကျသောလူတန်းစားများအပေါ်၌ ခရစ်တော်ထားရှိသော စေတနာ၊ သနားကြင်နာခြင်းနှင့်ဂရုဏာများကြောင့် ကျွန်တော်တို့က သူ့ကိုချစ်ကြသလို၊ ယုံကြည်သူများ၏အသက်တာ၌လည်း ထိုစေတနာနှင့် သနားကြင်နာခြင်းကိုမြင်ချင်ကြသည်။ ချမ်းသာကြွယ်ဝသောမိသားစုမှ ကြီးပြင်းလာသူ ယဲလ်(Yale )မြို့သား ဘိုရ်ဒင်(Borden) သည် တခါတရံတွင် မြို့ပြသာသနာလုပ်ငန်းရုံး၌ ပန်းကန်များကို ဆေးကြောလေ့ရှိကြောင်း လူတစ်ချို့တွေ့မြင်တတ်သည်။ "အမေရိကန်ပြည်ထောင်စုမှ ဘယ်အရာက ခင်ဗျားစိတ်ထဲ၌အစွဲမြဲဆုံးအရာဖြစ်စေသလဲ"ဟု မေးရာ၊ သူက "သန်းကြွယ်သူဌေးသား ဝီလျံဘိုရ်ဒင်က မြို့ပြသာသနာလုပ်ငန်းမှာ နိမ့်ချစွာဖြင့်အစေခံ

ခြင်းကိုတွေ့မြင်ခြင်းပါပဲ ”ဟု ပြန်ဖြေသည်။

ပေါလ်စင်းဘတ် (Paul Sandberg) သည် သူ့သခင်၏နောက်တော်သို့ အကျိုးမရှိပဲ လိုက်သောသူမဟုတ်ပါ။ တစ်နေ့တွင် သူသည် လှက်ရည်ဆိုင်သို့သွားကာ ဘေးခုံ၌ထိုင်သောသူအား သက်သေခံလိုက်သည်။ လူအများသိသောအဆိုတော် ပေါလ် (Paul) က ဖရက် (Fred) အား သစ္စာရှိရှိသက်သေခံခဲ့ရာ နောက်ဆုံးတွင် ခရစ်တော်ထံသို့ ပို့ဆောင်ခဲ့သည်။ မကြာမီကာလတွင် ဖရက် (Fred) သည် ကင်ဆာရောဂါ အလူးအလဲခံစားသည်။ ပေါလ်က ဆေးရုံသို့သွားကာ Fred ကို ပြုစုစောင့်ရှောက်ခဲ့သည်။ Fred သေသည့်ညတွင် Paul က သူ့ကိုလက်ဖြင့်ချီမရင်း ကျမ်းပိုဒ်များကိုရွတ်ဆိုခဲ့သည်။ Paul ၏သနားကြင်နာမှုသည် အတုယူဖွယ်ကောင်းပေသည်။

ဂျပန်နိုင်ငံ၌ ယုံကြည်သူများမိတ်သဟာယအဖွဲ့ငယ်လေးက ဘုရားကျောင်းဆောက်ရန်ဆုံးဖြတ်ကြသည်။ ထိုအခါ ၊ အိမ်နီးနား၌နေထိုင်သောသူများထံသို့သွားကာဘုရားကျောင်းဆောက်လုပ်ရေးစီမံကိန်းအား ကန့်ကွက်ခြင်းရှိမရှိစုံစမ်းကြသောအခါ ၊ မည်သူမျှမကန့်ကွက်ပါ။ သို့ရာတွင်၊ ဆောက်လုပ်ရေးမစတင်မီအချိန်ကလေးတွင် အိမ်နီးနားနေယောက်ျားတစ်ဦးသည် ထိုဘုရားကျောင်းက သူ့အိမ်အား နေ၏အလင်းရောင်မှ ကာဆီးမည်ကို စိုးရိမ်ကြောင်း ကြားသိကြသောအခါ ၊ ထိုသူအား စိတ်မဆိုးကြပဲ၊ အင်ဂျင်နီယာအား ပိုက်ဆံထပ်ပေးကာ ပို၍နိမ့်သောဘုရားကျောင်းပုံကို ပြန်ဆွဲခိုင်းကြသည်။ ထိုသို့ပြုသောအခါ ၊ ထိုသူသည် အလွန်ဝမ်းသာ၍အံ့သြခဲ့ရသည်။ နေ၏အလင်းရောင်ဆက်လက်ရရှိမည်ဖြစ်သောကြောင့် ဝမ်းမြောက်ကာ၊ ခရစ်ယာန်တို့၏ကျေးဇူးပြုတတ်သောစိတ်သဘောထားကို အံ့သြခဲ့ရသည်။

ကျွန်တော်တို့သည် ခရစ်တော်ကဲ့သို့ဖြစ်ပါက၊ သူတစ်ပါးကိုထောက်ထား၍ချစ်ခင်မည်ဖြစ်သည်။ အီလီယော့ (Elliot) မိသားစုသည် နံနက်အစာပြေစားချိန်တိုင်းတွင် ဘုရားဝတ်ပြုခြင်းပြုလုပ်လေ့ရှိသည်။ တစ်မနက်တွင် ဖခင်ကျမ်းစာဖတ်နေစဉ် အမှိုက်သိမ်းသမား၏အချက်ပေးသံကိုကြားသောအခါ ၊ သူ၏ကျမ်းစာအုပ်ကိုချက်ချင်းထားကာ၊ ပြူတင်းပေါက်ကိုဖွင့်၍ အမှိုက်ကောက်သမားအား ပျူငှါစွာလှမ်းခေါ်၍ နှုတ်ဆက်လိုက်သည်။

အသက်တာလိုက်လျှောက်ရာ၌ ခရစ်တော်သည် ကျွန်တော်တို့ အတွက် စံနမူနာဖြစ်ပါသည်။ စီးပွားရေးလုပ်သူတစ်ဦးက အခြားခရစ်ယာန်စီးပွားရေးသမားအကြောင်းကို ဤသို့ပြောခဲ့ဖူးပါသည်- “သူနှင့်သဘောတူညီချက်တစ်ခုခုလုပ်သောအခါ ၊ စာရေးသားစရာမလိုပါ။ သူ၏နှုတ်ထွက်ကတိ လုံလောက်ပါသည်။”

ဘော်လုံးဒိုင်လူကြီးတစ်ဦးက “တွမ်မီဝေါ့ကာ(Tommy Walker) ပါသော ဘောလုံးပွဲ၌ ကျွန်တော်ဒိုင်လူကြီးလုပ်သောအခါ ၊ နှစ်ဆယ့်တစ်ဦးသာစောင့်ကြည့်ရပြီး၊ နှစ်ဆယ့်နှစ်ဦးမဟုတ်ပါ” ဟု ပြောသည်။ တွမ်မီ (Tommy) က ဘယ်တော့မှ စည်းကမ်းမဖောက်ဖျက်ဖူးပါ။

အခွန်နှင့်ပတ်သက်၍အတိုင်ပင်ခံက အခွန်ပေးဆောင်မည့်သူအား သူ၏ဝင်ငွေအမှန်ကို မဖော်ပြရန်နှင့်အစိုးရဘက်မှလည်း ဘယ်တော့မှသိနိုင်မည်မဟုတ်ကြောင်း အကြံပေးသောအခါ ၊ ယုံကြည်သူက “ ကျွန်တော်အမှန်အတိုင်းဖေါ်ပြမယ် ၊ ကျွန်တော်က ခရစ်ယာန်တစ်ယောက်ပါ ” ဟု ပြန်ပြောပါသည်။

မကြာသေးခင်က ကယ်တင်ခြင်းစိတ်ချမှုရသည့် မော်တော်ကားဟောင်းအရောင်းသမားက ကားလာဝယ်သောသူအား “ဒီကားရဲ့အင်ဂျင်သိပ်မကောင်းဘူး။ ဟိုကားက ပိုကောင်းတယ်” ဟု ကောင်းသောကားကိုဝယ်ရန် စေတနာနှင့်ပြောသည်။ ကယ်တင်ခြင်းမရခင်က ဤသို့မပြောဖူးပါ။

ခရစ်ယာန်ဆရာဝန်တစ်ဦးသည် လူနာတစ်ဦးအတွက် မမှန်ကန်သော အာမခံစာရွက်ပေါ်၌ လက်မှတ်ထိုးရန် ငြင်းပယ်သောကြောင့် ပြင်းထန်သောဆဲဆိုကြိမ်းမောင်းခြင်းခံရသည်။ သာသနာပြုဆရာက လာဒ်မထိုးသောကြောင့် သူ၏ခရီးဆောင်အိတ်ကို ကိုယ်စားလှယ်(agent) က အကောက်ခွန်ရုံးသို့ ပို့ခဲ့သည်။

ယုံကြည်သူတစ်ယောက်က သူ၏အိမ်ကို US $ 250,000 ဖြင့်ရောင်းရန် ဝယ်မည့်သူအား နှုတ်ဖြင့်သဘောတူကြောင်းပြောခဲ့သည်။ အခြားတစ်ယောက်က US $ 265, 000 ဖြင့် ဝယ်ချင်သည်ဟု လာကမ်းလှမ်းသည်။ သူဘာလုပ်သင့်သလဲ။ ဆာလံ ၁၅း၄ ၌ အဖြေရှိပါသည် - “ထာဝရဘုရားအား ကြောက်ရွံ့သောသူကို ရိုသေထသော၊ ကိုယ်အကျိုးပျက်ရသော်လည်း ကိုယ်ကျိန်ဆိုသောသစ္စာကတိကိုမဖျက်။” ခင်ဗျား၏

ဂုဏ်သိက္ခာနှင့်တည်ကြည်မှုဆုံးရှုံးခြင်းထက် US$ 15000ဆုံးရှုံးခြင်းက သာ၍ ကောင်းပါသည်။

စစ်ကြောခြင်းကိုအောင်မြင်သောသူတို့၏အသက်တာ၌ ခရစ်တော်၏သဏ္ဍာန်ကို မြင်ရပါသည်။ ခရစ်ယာန်လင်မယားနှစ်ဦးသည် နှစ်အတန်ကြာစောင့်ဆိုင်းပြီးမှ ကလေးရကြသည်။ သို့ရာတွင် လအနည်းငယ်ကြာသောအခါ ၊ ထိုကလေးသည် အသက်ရှုကြပ်ပြီး သေဆုံးခဲ့သည်။ သင်းအုပ်ဆရာက ဤသို့ပြောပါသည်- "ကျွန်တော့်ကိုစိန်ခေါ်ပြီးနှိုးဆော်သောအရာမှာ၊ ဘုရားကျောင်းထဲ၌ *ကွယ်ကာရာကျောက်ဖြစ်သော ဘုရားသခင်၏ကြီးမြတ်ခြင်း* ဟူသော ဓမ္မသီချင်းကိုသီဆိုသောအခါ ၊ အမျိုးသမီးတစ်ယောက်သူ၏ခင်ပွန်းဘေးမှာ မတ်တပ်ရပ်လျက်၊ ပါးပြင်၌မျက်ရည်စီးကျရင်းနှင့်သီဆိုနေသည်။ သူ၏မျက်နှာမှာတောက်ပလျက် အထက်ကိုမျှော်ကြည့်ရင်း အောက်ဖော်ပြပါသီချင်းကိုသီဆိုခဲ့သည်။

ကွယ်ကာရာကျောက် ၊ ကျွန်ုပ်တို့ဘုရား၏ကြီးမြတ်ခြင်းထုတ်ဖော်ပါ။
သူပြုသောအမှုသည် ပြည့်စုံ၍ တရားမျှတ၏။
သစ္စာရှိသောဘုရား၊ မတရားသောအမှုနှင့်ကင်းလွတ်။
ကောင်းမြတ်၍ဖြောင့်မတ်သောသူ။

ဘီဝါလေးဝဲစ် (Beverly West) ၏အသက်တာကိုသတိရမိသည်။ ဆရာဝန်က သူမ၏ကင်ဆာရောဂါသည် နောက်ဆုံးအဆင့်သို့ရောက်ပြီဖြစ်ကြောင်းပြောပြခဲ့သည်။ ထိုအချိန်တွင်ဂယ်ရီဝီလ်ဆင်သည် မုန့်ချိုအိတ်ရောင်ရမ်းခြင်းရောဂါ (pancreatitis)အသည်းအသန်ခံစားလျက် ဆေးရုံ၌ဆေးကုသမှုခံယူနေသည့်အကြောင်းကို သူမ ကြားသိသောအခါ ၊ ထိုင်ချကာ အောက်ပါအတိုင်း စာရေးခဲ့သည်။

"ကျွန်ုပ်တို့ချစ်ရပါသော ဂယ်ရီ၊ ဘက်(Beth)နှင့် မိသားစုအားလုံး သင်တို့အတွက်နေ့တိုင်း အချိန်ပြည့်ဆုတောင်းပေးနေသည့်အကြောင်း သိစေချင်ပါသည်။ ထာဝရလက်တော်၏နှစ်သိမ့်ခြင်းသည် သင်အား ရစ်ပတ်လျက်ရှိကြောင်း သင်တို့သိပါစေ။ သူ၏ခွန်အားနှင့်ကျေးဇူးတော်က သင်တို့ကိုရစ်ပတ်နေပါသည်။ ကျွန်မ၏ကင်ဆာရောဂါသည် နောက်ဆုံးအဆင့်သို့ရောက်ကာ၊ ဆေးဝါးကုသမှုခံယူနေသဖြင့် ဆုတောင်းရန်အချိန်များများရပါသည်။ ကျွန်မ၏ဆုတောင်းစာရင်းထဲတွင်သင်ဟာ ထိပ်ဆုံး၌ပါရှိပါသည်။ အေမီခါမိုက်ကအဲလ်(Amy Carmichael) က ဖိလိပ္ပိ ၃း၁၀ ကိုကိုးကားပြောဆိုရာ၊ "သူ၏ဒုက္ခဆင်းရဲခြင်းနှင့် သဟာယမဖွဲ့မီ ရှင်ပြန်ထမြောက်ခြင်း၏တန်းခိုးအရင်လာပါသည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့အယောက်တိုင်း ခရစ်တော်ကိုသိကျွမ်းကြပါစေ။ လက်ဝါးကပ်တိုင်နှင့်ဂဲသရေမာနေ၏ အနည်းငယ်သောသဟာယကိုသိကျွမ်းခြင်းနှင့်သူ၏တန်ခိုးတော်အားဖြင့် *ကျွန်ုပ်အလိုတော်အတိုင်းမဖြစ်ပဲ၊ ကိုယ်တော်၏အလိုတော်အတိုင်းဖြစ်ပါစေ*၊ ဟု ပြောနိုင်ခြင်းသည် ကြီးမားသောအခွင့်ရေးတစ်ခုဖြစ်ပါသည်။ "

ဘုရားသခင်၏မေတ္တာနှောင်ကြိုး၌

John & Beverly

ဆရာဝန်တစ်ဦးက ခရစ်ယာန်တစ်ဦးအား သူ၏ မကောင်းသည့်မျက်စိတစ်ဖက်ကို ထုတ်ပစ်ပြီး၊ ဖန်သားမျက်စိအတု ထည့်ရမည်ဟု ပြောသောအခါ သူက "ဒေါက်တာ၊ ကျေးဇူးပြု၍အရောင်လက်သည့်ဖန်သား ထည့်ပေးပါ"ဟု ပြောသည်။ သူသည် ဘုရားသခင်အပေါ်ဆက်ကပ်ကိုးစားသောကြောင့် မစိုးရိမ်ပဲ အောင်မြင်ခြင်းရခဲ့သည်။

လူတစ်ယောက်က "ခရစ်တော်ကိုရှာသောသူတို့အတွက် ခရစ်တော်၏အရည်အသွေးများကို ကျွန်တော်တို့အသက်တာအားဖြင့် ဖေါ်ထုတ်နိုင်ခြင်းကိုစဉ်းစားမိပါက၊ အလွန်ပင်ဝမ်းမြောက်စရာကောင်းပါသည်" ဟု ရေးသားခဲ့ဖူးသည်။ တပည့်တော်များ၏အသက်တာက သူတစ်ပါးအား သခင်ယေရှုကိုယုံကြည်လာရန် စွဲဆောင်ခဲ့သည်။ ရှင်ပေါလုက တိတု အားရေးသားခဲ့သောဩဝါဒစာထဲ၌ "အစေခံကျွန်တို့သည် ငါတို့ကို ကယ်တင်တော်မူသောအရှင်ဘုရားသခင်၏ဩဝါဒကိုအရာရာ၌ တန်ဆာဆင်ခြင်းငှါ၊ မိမိတို့သခင်၏အုပ်စိုးခြင်းကိုဝန်ခံ၍၊ ငြင်းခုံခြင်းမရှိပဲ၊ အရာရာ၌သခင်၏အလိုသို့လိုက်မည်အကြောင်း" တိုက်တွန်းနှိုးဆော်ခဲ့သည်။ သူတပါးအားသမ္မာတရားကိုကြားရုံသာ မကြားစေပဲ၊ အသက်တာ၌လည်း တွေ့မြင်စေရပါမည်။

# သုံးဆယ်

## သာမန်အသက်တာကိုကျော်လွန်၍ အသက်ရှင်ခြင်း

Living Above the Average

မီခဲလ်အင်ဂျယ်လို (Michelangelo)သည် သူ၏အလုပ်ရုံထဲ၌ တိတ်ဆိတ်စွာထိုင်လျက် စကျင်ကျောက်တုံးကိုစိုက်ကြည့်နေသည်။ နောက်ဆုံးတွင် သူ့အဖော်က “အဘယ့်ကြောင့် ထိုကျောက်တုံးကိုအချိန်ကြာမြင့်စွာ စိုက်ကြည့်ရပါသနည်း ” ဟု မေးသောအခါ ၊ သူ၏မိန်းမောတွေဝေနေခြင်းကိုရပ်တန့်သွားကာ “ကျောက်တုံးထဲ၌ ကောင်းကင်တမန်တစ်ပါး ရှိတယ်။ ထိုကောင်းကင်တမန်ကို ကျွန်တော်လွှတ်မယ်”ဟု စိတ်အားထက်သန်စွာ ပြန်ပြောသည်။

ဤအဖြစ်အပျက်၌ အလားတူသော ဝိညာဉ်ရေးရာသင်ခန်းစာ ရှိပါသည်။ ဘုရားသခင်၏သားသမီးအယောက်စီတိုင်း၏အထဲ၌ ခရစ်တော်ကိန်းဝပ်ပါသည်။ တမန်တော်ရှင်ပေါလုက ကောလောသဲမြို့ရှိ ယုံကြည်သူများအား “ဘုန်းအသရေကို မျှော်လင့်ခြင်းအကြောင်းတည်းဟူသော သင်တို့အထဲ၌တည်တော်မူသော ခရစ်တော်ပေတည်း” (ကော ၁း၂၇) ဟု ပြောပါသည်။ ဂလာတိ ၂း၂၀ ၌လည်း ခရစ်တော်သည် ယုံကြည်သူအထဲ၌ ရှင်နေသည့်အကြောင်းကို ရှင်းလင်းစွာဖေါ်ပြပါသည်။ သို့ရာတွင် ထိုခရစ်တော်ကိုမလွှတ်ပဲ ချုပ်ထားပါက၊ လောကသားများက ထိုခရစ်တော်ကိုမြင်နိုင်မည်မဟုတ်ပါ။ ယုံကြည်သူသည် ဘုရားဝတ်၌ မွေ့လျော်သောအခါ၌လည်းကောင်း၊ ခရစ်တော်ကဲ့သို့ ကျင့်ကြံပြုမူပြောဆိုသောအခါ၌လည်းကောင်း၊ ယုံကြည်သူ၏အသက်တာ၌ ခရစ်တော်ကိုမိမိ၏သခင်အဖြစ်ထား၍ အသက်ရှင်သောအခါ၌လည်းကောင်း၊ လောကသားများက ခရစ်တော်ကို မြင်နိုင်ကြမည်ဖြစ်သည်။

ခရစ်တော်ကို လောကသားများမြင်နိုင်အောင်အသက်ရှင်ရာ၌ လောကသားများနှင့်ရောနှောနေထိုင်ခြင်းမပြုပဲ၊ သီးခြားနေထိုင်ရမည်ဟု



မဆိုလိုပါ။ အသက်တာဖြင့်ပြရမည်။ ကျွန်တော်တို့ယုံကြည်သူများ၏ ပြသာနာမှာ၊ ဝိညာဉ်ရေးရာရောင်ပြန်ဟပ်မှု နှေးကွေးနေခြင်းဖြစ်သည်။ သာမန်အသက်တာကိုကျော်လွန်၍ တုံ့ပြန်ရန်အံ့ဩဘွယ်ကောင်းသော အခွင့်အရေးများ၊ ခက်ခဲမှုပြသာနာများကို ဘုရားသခင်က ကျွန်တော်တို့အား ကြုံစေပါသည်။ ထိုသို့သောအခွင့်အရေးကြုံတွေ့သောအခါ ၊ ကျွန်တော်တို့သည် ဘုရားအလိုတော်နှင့်အညီ မတုံ့ပြန်ပဲ အခွင့်အရေးဆုံးရှုံးရသည်။ ဇာတိအသွေးအသားကိုကျော်လွန်၍ မတုန့်ပြန်ကြချေ။

လူအများစုက သခင်ယေရှုကိုမငြင်းပယ်ခဲ့ဖူးပါ။ သူတို့သည် ကျွန်ုပ်တို့၏ခရစ်တော်သဏ္ဍာန်မပေါ်လွန်သောအသက်တာ- စိတ်တိုခြင်း၊ သူတပါးအား နာကျည်းစေသောစကားများပြောဆိုခြင်း၊ လောဘကြီးခြင်းနှင့် မာနများကိုငြင်းပယ်ကြသည်။ သူတို့သည် ကျွန်ုပ်တို့၏အသက်တာ၌ ခရစ်တော်၏မေတ္တာ၊ ယဉ်ကျေးသောအမူအရာနှင့် ကောင်းမြတ်ခြင်းများကို မတွေ့မြင်ကြချေ။

ခရစ်တော်ကို မသိမမြင်သော လောကီသားများရှေ့၌ ကျွန်တော်တို့ဘုရားသားသမီးများသည် ခရစ်တော်၏သဏ္ဍာန်ကို အဘယ်သို့ခိုင်မြဲစွာပေါ်လွင်ထင်ရှားစေနိုင်မည်နည်း။ ကျွန်ုပ်တို့သည် ခရစ်တော်၏ စိတ်သဘောတော်ကို နိမ့်ချခြင်းအားဖြင့်သော်လည်းကောင်း၊ မိမိထက်သူတစ်ပါးသာသည်ဟု မှတ်ယူခြင်းဖြင့်သော်လည်းကောင်း၊ ထုတ်ဖော်နိုင်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်နီးကပ်စွာ အသက်ရှင်ခြင်းဖြင့်သော်လည်းကောင်း၊ ဆင်ခြေဖုံး၌နေခြင်းထက် သန့်ရှင်းရာဌါနတော်၌ နေခြင်းအားဖြင့်သော်လည်းကောင်း၊ “အမြင့်ဆုံးသောဘုရားသခင်၏ ကွယ်ကာရာဌါနတော်၌” (ဆာလံ ၉၁း၁) နေနိုင်ပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်နှင့်ခိုင်ခံ့မြဲမြံစွာ အတူနေနိုင်ပါသည်။

“ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက်၊ မှန်ကိုကြည့်သကဲ့သို့ သခင်ဘုရား၏ဘုန်းအသရေတော်ကိုကြည့်မြင်၍၊ ဝိညာဉ်တော်တရား၏အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည်အတိုင်း၊ ငါတို့သည် ဘုန်းအသရေတိုးပွါး၍ ပုံသဏ္ဍာန်တော်နှင့်အညီပြောင်းလဲခြင်းရှိရကြ၏” (၂ကော ၃း၁၈)။ သမ္မာကျမ်းစာကိုဖတ်ရှုဆင်ခြင်လျက် ခရစ်တော်ကိုစေ့စေ့ကြည့်ရှုလေလေ၊ သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်အားခရစ်တော်၏သဏ္ဍာန်တော်သို့ ပြောင်းလဲစေလေလေဖြစ်သည်။

## Endnotes

1 Major Ian Thomas, quoted in His Victorious Indwelling, Nick Harrison, ed., Grand Rapids, MI: Zondervan Publishing House, 1999, pp. 133-134.

2 The Idiot, Ware, Herts, England, 1996.

3 Adapted from the following two books:

- Brother Indeed, Frank Holmes, London: Victory Press, 1959.
- Chief Men Among the Brethren, Hy Pickering, London: Pickering & Inglis, 1931.

4 Quoted from In All Their Afflictions, Murdoch Campbell, Resolis, Scotland: Self-published, n.d., pp. 90-91.

5 Adapted from The Way of Peace, H. A. Ironside, New York: Loizeaux Brothers, 1940, pp. 176-177.

6 Adapted from tape #150 Flirting with the Truth, Ravi Zacharias.

7 Adapted from Our Daily Bread, Grand Rapids, MI: Radio Bible Class, reading for June 28, 1995. Also from tape by Lloyd Oppel, Feb. 5, 2000.

8 Adapted from The Flying Scotsman, Sally Magnusson, New York: Quartet Books, 1981, and miscellaneous clippings.

9 The Flying Scotsman, pp. 9-10.

10 The Flying Scotsman, pp. 163-164.

11 The Flying Scotsman, p. 174.

12 Adapted from Philippians, The Gospel at Work, Merrill C. Tenney, Grand Rapids, MI: Wm. B. Eerdman Publishing Co., 1956, p. 60.



13 Adapted from "Living by Vows," Christianity Today, October 8, 1990, pp. 38-90 and "Muriel's Blessing," Christianity Today, February 5, 1996. Both articles by Robertson McQuilken.

14 Adapted from letter by Jim Haesemeyer.

15 Tragedy to Triumph, Frank Retief, Milton Keynes, England: Word Publishing, 1994, p. 148.

16 The Pilgrim, E. Schuyler English, ed., Vol. IX, No. 4, April 1952, p. 2.

17 London: Banner of Truth Trust, 1970, p. 149.

18 Adapted from tape #118 Raised to Run by Ravi Zacharias

19 Tramp for the Lord, Corrie Ten Boom, Old Tappan, NJ: Fleming H. Revell Co., 1974, pp. 53-54.

20 One or two of the illustrations in this book are composites, combining the experience of more than one person.

21 Adapted from Gladys Aylward. The Little Woman, Gladys Aylward as told to Christine Hunter, Chicago, IL.: Moody Press, pp. 109-120.

22 Adapted from tape #118 Raised to Run: Jacob by Ravi Zacharias.

23 Adapted from John Nelson Darby, Max S. Weremchuk, Neptune, NJ.: Loizeaux Bros, 1992, pp. 149-150.

24 Adapted from Our Daily Bread, August 23, 2000.

25 Used with permission of Louise and J. B. Nicholson, Jr.

26 Daily Notes of the Scripture Union. Further documentation unavailable.

27 Adapted from Our Daily Bread, February 9, 1993.